# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၉)ရက် ၊ အင်္ဂါနေ့ ၊ (30-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၅၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာဇက်စတန်နိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ




**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E.Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း၊ ကာဇက်စတန်နိုင်ငံ သမ္မတ H.E. Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း အသီးသီးသွားရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ကာဇက်စတန်နိုင်ငံ အက်စတာနာလေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ ကာဇက်စတန်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်(၁) Mr. Roman Sklyar၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် **စာမျက်နှာ ၁၆ ကော်လံ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Iskander Azizov နှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြား**

စာမျက်နှာ - ၁၇

ရတနာပုံ
၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်
အယ်ဒီတာ့အာဘော်

# မြန်မာ-ကာဇက်စတန် နှစ်နိုင်ငံ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စက်တင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတနန်းတော်၌ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ H.E.Mr.Kssym–Jomart Tokayev နှင့် တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် မြန်မာ– ကာဇက်စတန် နှစ်နိုင်ငံကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပေသည်။

ထို့ပြင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ကာဇက်စတန်နိုင်ငံသမ္မတတို့သည် ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေးကဏ္ဍ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုကဏ္ဍတို့အပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**"မိမိအနေဖြင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန်၊ အမြင်ချင်းဖလှယ်နိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကိုတိုးမြှင့်ပြီး ပူးပေါင်းဆောင်ရွက်မှုများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တွန်းအားတစ်ခုဖြစ်စေလိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ပထဝီအနေအထားအရ အလှမ်းဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးသည့် နိုင်ငံဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍပေါင်းစုံတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားလိုကြောင်း"** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ H.E.Mr.Kssym–Jomart Tokayev နှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားခဲ့သည်။

မြန်မာ–ကာဇက်စတန်နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရေး၊ သိပ္ပံနည်းပညာဆိုင်ရာ၊ မြို့ပြဆိုင်ရာကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ရလဒ်ကောင်းများဖြစ်ပေါ်ခဲ့ရသည်။ ကမ္ဘာပေါ်တွင် ကာဇက်စတန်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့ပြင် ကာဇက်စတန်နိုင်ငံသည် မြေအောက်သယံဇာတပစ္စည်းများ၊ ရေနံ၊ ဓာတ်ငွေ့၊ ကြေးနီ၊ ရွှေ၊ ခရိုမီယမ်၊ သံ စသည်များထွက်ရှိမှုတွင် ထင်ရှားပြီး စိုက်ပျိုးရေးကဏ္ဍတွင် ဂျုံကို ကမ္ဘာ့ထိပ်တန်းတင်ပို့နေသည့် နိုင်ငံဖြစ်သည်။ မိမိတို့နိုင်ငံသည်လည်း သဘာဝသယံဇာတများ ပေါကြွယ်ဝသကဲ့သို့ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို နှစ်နိုင်ငံကြား အပြန်အလှန်တင်ပို့မှု၊ ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုတို့ ဆက်လက်တိုးချဲ့နိုင်ရန်အတွက် အခွင့်အလမ်းကောင်းများစွာထွက်ပေါ်ခဲ့ပြီဖြစ်ရာ ယခု နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ခရီးစဉ်သည် နိုင်ငံတော်အတွက် အလွန်အောင်မြင်ခဲ့သည့်ခရီးစဉ်တစ်ခုပင်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ကာဇက်စတန်နိုင်ငံသမ္မတတို့၏ ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြခြင်းသည် အနာဂတ်ကာလများတွင် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားများအတွက် မြန်မာ–ကာဇက်စတန် နှစ်နိုင်ငံကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင်မြင်လာမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၈၉
ရက်
သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း**

❐ အနည်းဆုံးရက်ပေါင်း (၁၈၀) ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင်ထည့်သွင်းပေးရန်တောင်းဆိုလွှာ ပုံစံ (၃–က) ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၈၂၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ဝက်လက် စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၈၂၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၆၁၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၈၂၂၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၅ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဝက်လက်မြို့နယ်အတွင်း ပဲတီစိမ်း ၃၈၆၁၃ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ လက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေ ရှိခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိအောင်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ဆန်ကွဲရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ၂၄ ပြည်ဝင် ဆန်ကွဲ အိတ်ရေ ၇၃၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက်ဆန်ကွဲများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်က ဆန်ကွဲတွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ဒီဘက်ကဆန်ကွဲအိတ်တွေ အပါအဝင် ကုန်စည်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို ပြီးခဲ့တဲ့တစ်လအတွင်း ဝယ်လိုအားက သိသိသာသာတက်ခဲ့တာ ဖြစ်ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံပိုင်ရှင်တွေက အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်။ ဆန်ကွဲအရည်အသွေးတော့ကောင်းဖို့ လိုအပ်ပါတယ်"ဟု ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိအောင်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင် ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၅၂၀၀၀ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်–၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်–၀၀၁၆၈၊ စာတည်းအဖွဲ့–၀၃၃–၇၂၇၈၁၊ ၀၉–၄၅၈၈၉၃၃၀၀၊ ကြော်ငြာ–၈၄ လမ်းနှင့် ၂၉–၃၀ လမ်းကြား– ၀၂–၄၀၆၆၆၅၁၊ ဖြန့်ချိရေး–၀၂–၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းဖြတ်မြို့နယ် အင်ပါကူ(အင်ပါဆန်း) ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းဖြတ် စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၆ ဒသမ ၂၈ သန်းဖြင့် ဆောင်ရွက်သည့် အင်ပါကူ(အင်ပါဆန်း)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေပေးရေး ကော်မတီဝင်များနှင့်အတူ အင်ပါကူ(အင်ပါဆန်း)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စောမွန်သစ် ကုမ္ပဏီတာဝန်ခံ အင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မိုင်းဖြတ်မြို့နယ် အင်ပါကူ(အင်ပါဆန်း) ကျေးရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အရှည် ပေ ၁၀၅၆၀ ရေပိုက်သွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ အိမ်သုံးမီတာ တပ်ဆင်ခြင်းနှင့် ဆပ်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၆ ဒသမ ၂၈ သန်းဖြင့် စောမွန်သစ်ကုမ္ပဏီက ယခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ၄၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဇင်မာ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမရပူရ မြေပဲတန်းရပ်နေ ဦးမင်းမင်းစိုး-ဒေါ်သဲမာဦး မိသားစုက ဆွမ်းအလှူငွေကျပ် ၆၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၅၃၇၃ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ၅၃၇၃ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၆၆၅ ကေစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၅၃၇၃ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ နှမ်း ၁၁၆၆၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နှမ်းခင်းတွေ လက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ကေ ၅၀၀၀ ကျော်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကိုအထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ကုန်းတဲ(တောင်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မလှိုင် စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းတဲ(တောင်) ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်း စစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကုန်းတဲ(တောင်)ကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ကုန်းတဲ(တောင်)ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ ဒသမ ၉ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငှက်ပျောသီးအစုံ အဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငှက်ပျောသီးအစုံ အဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ငှက်ပျောသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ဒေသထွက်ငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် ဇူလိုင်လအတွင်း ငှက်ပျောသီးအစုံအဖီးရေ ၅၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငှက်ပျောသီး အစုံအဖီးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဩဂုတ်အတွင်း တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးများသည် ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ဆင်စွယ် စသည့် ငှက်ပျောသီးအမျိုးအစားများ အများဆုံး တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းမှာ ရန်ကုန်ဈေးကွက်ကို ငှက်ပျောသီးအစုံ တင်ပို့မှုများပြားခဲ့ပါတယ်။ ငှက်ပျောသီးကို ရေလမ်းကြောင်းအပြင် ကုန်းလမ်းကြောင်းကနေပါ တင်ပို့နေရပါတယ်။ ပြည်တွင်းမှာကို ငှက်ပျောသီးတွေက ဝယ်ယူမှုများနေတဲ့ အခြေအနေရှိနေပါတယ်''ဟု ကျောင်းကုန်းမြို့နယ်ရှိ ငှက်ပျောသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးဈေးနှုန်းများမှာ ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၊ ရခိုင်ငှက်ပျောသီးအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၉၅၀၀၀၊ သီးမွှေးငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၂၂၅၀၀၀ နှင့် ဆင်စွယ်ငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ငှက်ပျောသီးအစုံ တင်ပို့ရောင်းချနေရသောကြောင့် ငှက်ပျောစိုက်ပျိုးသူများ အလုပ်အကိုင်အခွင့်အလမ်းကောင်းနေကြောင်း သိရသည်။

ကျော်ကျော်လင်း



ပြေအေးသက်

# ပျို့ကဗျာလင်္ကာများနှင့် ခွဲထားသတ်ပုံ

ခွဲထားသတ်ပုံနှင့်ပတ်သက်၍ ဟိုဆောင်းပါးတွင်နည်းနည်း၊ သည်ဆောင်းပါးတွင် နည်းနည်းနှင့် ဖြစ်နေသည့်အနေအထားမှ ယခုအခါ ခပ်ထူထူလေး ရေးချင်မိသည့် အာသီသရှိလာနေပြီဖြစ်သည်။ ခွဲထားဟူသည် "ခွဲ"နှင့် "ထား"ပေါင်းစပ်ထားခြင်းဖြစ်သည်။ "ခွဲ"ဟူသည် ကွဲပြားခြားနားအောင် အစိတ်အပိုင်းခွဲခြင်းဖြစ်ပြီး "ထား"ဟူသည် အနေအထား၊ သဘောထားဟုအနက်အဓိပ္ပာယ်ရသည်။ ထို့ကြောင့် "ခွဲထား"ဟူသည် ကွဲပြားမှုကို ထင်ရှားအောင် ခွဲခြမ်းခြားနားသောပုံစံကိုပြသည်။ မြန်မာစာတွင် သတ်ပုံသတ်ညွှန်းမှန်ကန်ရန် အထူးလိုအပ်ပေရာ ပြောဆိုရွတ်ဖတ်သံချင်းတူညီလျက် ရေးသားရာတွင် အပင့်၊ အရစ်၊ အသံတင်း(ဓနိတ)၊ အသံလျော့ (သိထိလ) စသောအက္ခရာနှင့် ရေးထုံးတစ်မျိုးစီ ရေးရသောပုဒ်များစွာရှိရာ မှန်ကန်စွာရေးသားနိုင်ရန်အတွက် ကဗျာ၊ အလင်္ကာတို့တွင် ရှင်းလင်းခွဲခြားပြသော စာစပ်သည် ခွဲထားပင်ဖြစ်သည်။ ထို့ပြင် "ကာရန်မိအောင်စပ်ထားသော သံတူကြောင်းကွဲစကားလုံးများ"ကိုလည်း တွေ့ရှိရမည်ဖြစ်သည်။

**မြန်မာစာအရေးအသား**

မြန်မာစာအရေးအသားသည် ဗြာဟ္မီအက္ခရာကို အခြေခံ၍မြန်မာမှုအရဖြစ်ထွန်းတိုးတက်လာသည်ဟု လက်ခံကြသည်။ ဗြာဟ္မီအက္ခရာသည် ဘီစီ ၅၀၀ ခန့်မှ အေဒီ ၃၀၀ ကျော်ခန့်ထိ အိန္ဒိယနိုင်ငံတွင် ထွန်းကားခဲ့သော အက္ခရာဖြစ်သည်။ ဗြာဟ္မီအရေးအသားတွင်ပါရှိသော ဗျည်းအက္ခရာများ၊ သရအက္ခရာများ၊ ဗျည်းတွဲသင်္ကေတများ၊ သရသင်္ကေတများ၊ နိဂ္ဂဟိတ်(သေးသေးတင်)၊ ဝိသဇ္ဇနီ (ဝစ္စပေါက်) သင်္ကေတများကို မြန်မာအရေးအသား၊ မြန်မာအက္ခရာများနှင့်နှိုင်းယှဉ်ပါက ဖြစ်ထွန်းတိုးတက်လာမှုများကို တွေ့နိုင်သည်ဟုဆိုသည်။ ရှေးမြန်မာကြီးများ၏ မိမိတို့ဘာသာစကားနှင့်လိုက်ဖက်အောင် အရေးအသား၊ အက္ခရာများကို လိုအပ်သလိုရယူ တီထွင်ဖန်တီးနိုင်ခဲ့ကြမှုကိုလည်း ဂုဏ်ယူကြရမည်ဖြစ်ပေသည်။ မြန်မာဘာသာစကားသည် ဗြာဟ္မီအက္ခရာသုံး အခြားဘာသာစကားများနှင့် သဘောသဘာဝမတူဘဲ သီးခြားနှစ်လိုဖွယ် ပင်ကိုသတ္တိ၊ ပင်ကိုဂုဏ်ဒြပ်၊ ပင်ကိုအလှအပရှိသော ဘာသာစကားဖြစ်ပေသည်ဟုလည်းဆိုကြသည်။

**ဘာသာစကားကို ထိန်းသိမ်းခဲ့ကြပုံ**

မြန်မာစာလုံးပေါင်းသတ်ပုံစည်းစနစ်ကို အစဉ်အဆက် စောင့်စည်းခဲ့ကြပြီး မြန်မာမင်းအဆက်ဆက်တို့သည် အမိန့်တော်ပြန်တမ်းများ ထုတ်ပြန်၍ စာလုံးပေါင်းသတ်ပုံ မှန်ကန်စေရေးကိုရှေးရှု၍ ဆောင်ရွက်ကြိုးပမ်းခဲ့ကြသည်။ ၁၁၄၇ ခုနှစ်က ထုတ်ပြန်ခဲ့သော ဘိုးတော်မင်းတရားကြီး အမိန့်တော်တွင် စာလုံးပေါင်းသတ်ပုံကို မလေးစား၊ ရေးထုံးကို မလိုက်နာ၊ မှားယွင်းအောင်ပြင်ဆင်ရေးသားသူတို့ကို လွှတ်တော်က အပြစ်ပေး အရေးယူလိမ့်မည်ဟူ၍ ဖော်ပြပါရှိခဲ့လေသည်။ စာလုံးပေါင်းသတ်ပုံနှင့်ပတ်သက်၍ အရေးတယူ အလေးမူခဲ့၊ အာရုံစိုက်ခဲ့ကြသော်လည်း တညီတညွတ်တည်း လက်ခံသုံးစွဲရမည့် သတ်ပုံကျမ်းဟူ၍ တစ်စောင်တစ်ဖွဲ့တည်း ပြဋ္ဌာန်းနိုင်ခဲ့သော အခြေအနေမျိုးမရှိခဲ့ချေ။ ထိုအရာအတွက် သီပေါမင်းနန်းတက်ခါစတွင်ပင် စာလုံးပေါင်းသတ်ပုံဆိုင်ရာ အမိန့်တော်တစ်ရပ်ကို ထုတ်ပြန်ကာ ၁၂၄၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၆ ရက်တွင် မြန်မာစာလုံးပေါင်းသတ်ပုံ ကျွမ်းကျင်သူ မှူးမတ်ပညာရှိများက သတ်ပုံကျမ်းပေါင်း ၃၆ စောင်ကို စိစစ်ခဲ့ကြသည်။

ညှိနှိုင်းတင်ပြမှုအရ သီပေါမင်းက သတ်ပုံကျမ်း ၃၆ စောင်အနက် အာဂုံဆောင်ရန်အတွက် ပြဋ္ဌာန်းလိုက်သည့် ထင်ရှားသောသတ်ပုံကျမ်း ခုနစ်စောင်မှာ ရွာကြီးရှင်ဥက္ကံသမာလာ၏ ဝဏ္ဏဗောဓနေသတ်အင်း၊ စိန္တကျော်သူဦးဩ၏ ကဝိလက္ခဏာ သတ်ပုံသံပေါက်နှင့် သတ်ညွှန်း၊ တွင်းသင်းတိုက်ဝန်၏ တွင်းသင်းသတ်ညွှန်းသစ်၊ ဆရာတော်ဦးဗုဓ်၏ကဗျာသာရတ္ထသင်္ဂဟသတ်ပုံ၊ မကွေးမြို့စားဝန်ထောက်၏ သတ်ထူး၊ အလုံမြို့ဝန် သပြေငါးရွာစားနှင့် သံတော်ဆင့်လယ်ဝန်၏ ခွဲထားကျော်တို့ဖြစ်သည်။ ကျန်သည့်ကျမ်းပေါင်း ၂၉ ကျမ်းကို ကြည့်စာအဖြစ်သာ လိုက်နာရန် အမိန့်တော်ချခဲ့သည်ကို ကြည့်ခြင်းအားဖြင့် မြန်မာစာသတ်ပုံကျမ်းများကို မည်မျှ အလေးထားခဲ့သည်ကို သိသာနိုင်ပေသည်။ အဆိုပါ သတ်ပုံ ခုနစ်ကျမ်းတွင် "အသတ်" အတွက်

**❖ ခွဲထားဟူသည် "ခွဲ"နှင့် "ထား"ပေါင်းစပ်ထားခြင်းဖြစ်သည်။ "ခွဲ"ဟူသည် ကွဲပြားခြားနားအောင် အစိတ်အပိုင်းခွဲခြင်းဖြစ်ပြီး "ထား"ဟူသည် အနေအထား၊ သဘောထားဟုအနက်အဓိပ္ပာယ်ရသည်။ ထို့ကြောင့် "ခွဲထား"ဟူသည် ကွဲပြားမှုကိုထင်ရှားအောင် ခွဲခြမ်းခြားနားသောပုံစံကိုပြသည်။ မြန်မာစာတွင် သတ်ပုံသတ်ညွှန်း မှန်ကန်ရန် အထူးလိုအပ်ပေရာ ပြောဆိုရွတ်ဖတ်သံချင်းတူညီလျက် ရေးသားရာတွင် အပင့်၊ အရစ်၊ အသံတင်း(ဓနိတ)၊ အသံလျော့ (သိထိလ) စသောအက္ခရာနှင့် ရေးထုံးတစ်မျိုးစီ ရေးရသောပုဒ်များစွာရှိရာ မှန်ကန်စွာရေးသားနိုင်ရန်အတွက် ကဗျာ၊ အလင်္ကာတို့တွင် ရှင်းလင်းခွဲခြားပြသောစာစပ်သည် ခွဲထားပင်ဖြစ်သည်။ ❖**

ကဝိလက္ခဏာသတ်ပုံ သံပေါက်နှင့် သတ်အင်း၊ တွင်းသင်းသတ်ညွှန်းသစ်၊ ဝဏ္ဏဗောဓနေသတ်အင်း၊ မကွေးမြို့စားဝန်ထောက်၏ သတ်ထူး၊ "အပင့်အရစ်"အတွက် ကဗျာသာရတ္ထ သင်္ဂဟသတ်ပုံနှင့် "ခွဲထား" အတွက် ခွဲထားကျော်တို့ဖြစ်ကြပြီး ခွဲထားကိုးမျိုးရှိချေသည်။

**အပင့်အရစ်ခွဲထား**

အပင့်(– ျ)နှင့် အရစ်(ြ–)တို့သည် အသံထွက်တူသော်လည်း ရေးသည့်အခါမတူသည့် စကားလုံးများ ဥပမာ(ကျော်နှင့်ကြော်) (ပျာယီးပျာယာနှင့် အမူအရာ) (ဝန်းကျင်နှင့် အကြင်)စသည်တို့ဖြစ်သည်။ သတ်ပုံမှန်ကန်စေရေးအတွက် ရှေးစာဆိုတို့သည် သတ်ပုံကျမ်းများ ပြုစုသကဲ့သို့ ရှင်မဟာရဋ္ဌသာရကဲ့သို့ မထေရ်မြတ်ကလည်း ရေးစပ်ခဲ့သည့်ပျို့လင်္ကာတို့တွင် တစ်ချက်ခုတ် နှစ်ချက်ပြတ်အနေဖြင့် ပျို့လင်္ကာသတ်ပုံကျမ်းများအဖြစ် စီရင်ရေးစပ်ခဲ့ကြသည်။ ထိုသို့နောင်တော်စာဆိုတို့၏ထုံးကို နှလုံးမူ၍ ခွဲထားသတ်ပုံကို ဦးရွှန်း၏ဥမ္မာဒန္တီပျို့တွင် ဤသို့ထည့်သွင်းစပ်ဆိုခဲ့သည်။ "ဝေးနီးကျော်**ကြား**၊ အမတ်အားလည်း၊ ယော**ကျား**ဇာတိ"ဟုစပ်ဆိုထားသည်။ "ကျဉ်းမြောင်းနက်**ကျယ်**၊ မြို့ပြင်ဝယ်မူ၊ ဆန်း**ကြယ်**ရင်"ဟူ၍လည်းကောင်း၊ "ထက်အောက်ညာ**ကြေ**၊ လူမျိုးတွေလည်း၊ မ**ကျေ**ပြောပ" ဟူ၍လည်းကောင်း၊ "လျင်မြန်ခုန်**မြောက်**၊ သေရည်သောက်ထား၊ **မျောက်**၏ပမာ"ဟူ၍လည်းကောင်း စပ်ဆိုထားသည်။ ရှင်အုန်းညို၏ ဂါထာခြောက်ဆယ်ပျို့တွင် "ဆိုင်းဝိုင်းဝန်း**ကျင်**၊ ဘုရားရှင်ကို၊ အ**ကြင်**လူနတ်" ဟူ၍လည်းကောင်း စပ်ဆိုထားကြသည်။

**သံလျော့(သိထိလ)၊ သံတင်း(ဓနိတ)ခွဲထား**

ဗျည်း ၃၃ လုံးတွင် ဥပမာအားဖြင့် ကဝဂ်၌ အက္ခရာ ငါးလုံးရှိရာ ပထမ၊ တတိယနှင့် ပဥ္စမအက္ခရာတို့သည် သံလျော့အက္ခရာများ ဖြစ်ကြသည်။ က၊ ဂ၊ င အက္ခရာတို့ ဖြစ်ကြသည်။ ကျန်သည့်ဝဂ်တို့တွင် စ၊ ဇ၊ ည၊ ဋ၊ ဍ၊ ဏ၊ တ၊ ဒ၊ န နှင့် ပ၊ ဗ၊ မ တို့ဖြစ်ကြကာ စုစုပေါင်းအက္ခရာ ၁၅ လုံးဖြစ်သည်။ သံတင်းအက္ခရာ ၁၀ လုံးရှိပြီး ဝဂ်အလိုက် ဒုတိယနှင့် စတုတ္ထအက္ခရာများဖြစ်ကြကာ ခ၊ ဃ၊ ဆ၊ ဈ၊ ဌ၊ ဎ၊ ထ၊ ဓ၊ ဖ၊ ဘ တို့ဖြစ်ကြသည်။ ပုံစံအားဖြင့် ဖော်ပြရလျှင် နဝဒေးကြီး၏ မနော်ဟရီပျို့တွင် "မျက်ဝါးတင်**တင်**၊ ဖြူတ်ချည်မြင်သော်၊ မ**ထင်**ဝိုးဝါး" ဟူ၍လည်းကောင်း၊ ဦးရွှန်း၏ ဥမ္မာဒန္တီပျို့တွင် "လယ်ယာကန်**ချောင်း**၊ ဘုရား**ကျောင်း**နှင့်"၊ "မင့်ကောင်းလက်**ထက်**၊ ဩဇာ**တက်**သည်"ဟူ၍လည်းကောင်း၊ တွင်းသင်းမင်းကြီး၏ ဘလ္လာတိယပျို့တွင် "ငါလျှင်ယုံ**ကြုံ**၊ မှုထမ်းကုံသည်၊ ဝန်း**ခြုံ**ရံပတ်၊ အိုမှူးမတ်တို့"၊ "မဥ္စင်ပုံဖြည်း၊ အနည်းနည်းဖြင့်၊ ဖျော်လည်းထွေ**ထွေ**၊ မပျော်**မွေ့**ခဲ့"၊ "တောနက်မှိုင်းချုပ်၊ မြိုင်အုပ်အုပ်ဝယ်၊ ခင်ပုတ်ခင်**တိတ်**၊ ထိတ်**ထိတ်**ပြောဟို"၊ "နေ့တိုင်း**ဆင်**သည်၊ ညို**စင်**ပြောလှဲ့၊ မပါခဲ့၍"ဟူ၍လည်းကောင်း စပ်ဆိုကြသည်။

**ပင့်ရစ်ရှိမဲ့ခွဲထား**

ပင့်ရစ်ရှိနှင့် ပင့်ရစ်မဲ့ခွဲထားများကို ခွဲခြားဖော်ပြရမည်ဆိုလျှင် ပုံစံအားဖြင့် ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့တွင် "မြတ်ပေါင်းတ**ပည့်**၊ ရစ်ကျိုပ်**ပြည့်**တွင်၊ မရှည့်ရှည်တူ"ဟူ၍လည်းကောင်း၊ တွင်းသင်းမင်းကြီး၏ ဘလ္လာတိယပျို့တွင် "ရက်ရှည်လ**ကူး**၊ ခါလည်း**ကျူး**အောင်"၊ "စိုင်ဆတ်သ**မင်**၊ **မြင်**ကမလွတ်၊ လေးကြိုးလွှတ်၍"၊ "ရေလည်းတင်း**ကြမ်း**၊ **ကမ်း**ကိုမမြင်"၊ အသည်းပြောင်း**ပြန်**၊ ပူ**ပန်**အောင့်ဧ၊ သည်အရေးကို" ဟူ၍လည်းကောင်း စပ်ဆိုထားသည်။ ဆက်လက်၍ **"ဟထိုးရှိမဲ့ခွဲထား"**ကို ဖော်ပြရမည်ဆိုလျှင် ပုံစံအားဖြင့် မဟာမင်းလှမင်းခေါင်၏ မဟာသုတသောမပျို့တွင် "ကြောက်လည်းမ**နိုင်**၊ မတတ်**နှိုင်**သည်"ဟူ၍လည်းကောင်း၊ ဦးရွှန်း၏ ဥမ္မာဒန္တီပျို့တွင် "ဇနီးအိမ်**မှာ**၊ စောဥ**မ္မာ**ကို"၊ "ကာရန်ဖြောင့်**မတ်**၊ ရာဇ**မှတ်**ဝယ်"ဟူ၍လည်းကောင်း၊ တွင်းသင်းမင်းကြီး၏ ဘလ္လာတိယပျို့တွင် "လေသွန်သာ**လှ**၊ ကောသ**လ**၏"၊ "ငိုကြွေးရှာသား၊ ကိန္နရာညို**မြ**၊ ဖိုနှင့်မကို"၊ " မဆိုရှောင်**လွှဲ**၊ နေတတ်မြဲသား၊ ကွဲ**လွဲ** ထူးခြား" စပ်ဆိုထားသည်။

**အသံတူအက္ခရာကွဲခွဲထား**

ဤခွဲထားကို ပုံစံအားဖြင့် ဖော်ပြရလျှင် မန်လည်ဆရာတော်ဘုရား၏ မဃဒေဝလင်္ကာတွင် "မယို**မယွတ်**၊ ထိပ်ဝယ်နှက်သို့၊ ဆောင်**ရွက်**မြဲစွာ"၊ "ကြောင့်ကြထို**ဤ**၊ တ**အီ**အီလျှင်၊ ကသီလင်တ"ဟူ၍ စပ်ဆိုထားလေသည်။ ဆက်လက်၍ **"အသံတူအနက်ကွဲခွဲထား"**ကို ပုံစံအားဖြင့် ဖော်ပြရမည်ဆိုလျှင် ရှင်သူရဲ၏ သခင်ထွေးချေင်းတွင် "ညီတော်တ**မွတ်**၊ မင်းလှထွတ်ဟု၊ ထား**မွတ်**ညက်မွေ့"ဟူ၍ စပ်ဆိုထားရာ ညီတော်တမွတ်မှ **"မွတ်"**သည် မြင့်မြတ်ခြင်းအနက်ကို ဖော်ဆောင်နေပြီး ထားမွတ်ညက်မွေ့မှ "မွတ်" သည် ချောမွေ့ခြင်းအနက်ကို ဖော်ဆောင်နေသည်။ သို့ဖြစ်ပါ၍ အသံခြင်းတူသော်လည်း အနက်အဓိပ္ပာယ်ဖော်ဆောင်ရာ၌ ကွဲပြားသည့် ခွဲထားပင်ဖြစ်သည်။ ဆက်လက်၍ "ဖြစ်ခြင်းပြ(သုဒ္ဓကြိယာ)နှင့် ပြုလုပ်ခြင်းပြ(ကာရိတ်ကြိယာ)ခွဲထားအကြောင်းပင်ဖြစ်သည်။ ခွဲ၍ ကွဲသည်၊ လွှတ်၍ လွတ်သည် ဆိုသည့် ဤသို့ပြုလုပ်၍ ဤသို့ဖြစ်သည်ဟူသည့် ဆက်သွယ်မှုမျိုးရှိသည့် ခွဲထားမျိုးဖြစ်သည်။ သံညင်းနှင့် သံပြင်း ကွဲပြားမှု သဘောသည်လည်း အနက်အဓိပ္ပာယ်နှင့် ဆက်သွယ်မှုရှိသည်။

သံပြင်းသည် ကြိယာအနက်ရှိကာ သံညင်းသည် နာမ်အနက်ရသည်။ ဥပမာအားဖြင့် ခွနေသောအရာသည် ဂွ၊ ခွေထားသောပစ္စည်းကို ဂွေ၊ ကျောကုန်းနှင့် လည်ကုပ် ဆက်သည့်နေရာကို ဇက်စသဖြင့် ခွ–ဂွ၊ ခွေ–ဂွေ၊ ဆက်–ဇက် စသောစကားလုံးများသည် သံပြင်းနှင့်သံညင်းအတွဲများ ဖြစ်ကြသည်။ ပုံစံအားဖြင့်ပြရလျှင် ဦးရွှန်း၏ ဥမ္မာဒန္တီပျို့တွင် "အခေါင်စံ**မြောက်**၊ ဘိသိတ်**မြှောက်**ရှင့်၊ ထို့နောက် နှမ" စပ်ဆိုရာမြောက်၍ စံမြောက်ရသည့်သဘောကို တွေ့ရသည်။ မြှောက်ခြင်းသည် ကြိယာအနက်ရှိကာ စံမြောက်ခြင်းသည် နာမ်အနက်ရှိနေသည်။ ဆက်လက်၍ **"ဝါဟာရပုဒ်ရင်းခွဲထား"**အကြောင်း ဖော်ပြရမည်ဆိုလျှင် မန်လည်ဆရာတော်၏ မဃဒေဝလင်္ကာ၌ "မြေခုံဌာ**န**၊ ဒက္ခိ**ဏ**ဟု၊ နမသမိုက်"ဟူသည်တွင် ဝါဟာရပုဒ်ရင်းဖြစ်သည့် **"န"**နှင့် **"ဏ"**သည်လည်းကောင်း၊ ၎င်းလင်္ကာတွင်ပင် "လေးဝယောနိ၊ မျိုးဇာ**တိ**ဖြင့်၊ ပ**ဋိ**သန္ဓေ"တွင် **"တိ"**နှင့် **"ဋိ"**သည် လည်းကောင်း၊ ထိုလင်္ကာတွင်ပင် "ဣဒ္ဓိဣ**ဒ္ဓိ**၊ အစိ**န္တိ**နှင့်၊ ဣသရိယော်"၌ "ဒ္ဓိ"နှင့် "န္တိ"သည်လည်းကောင်း ဝါဟာရပုဒ်ရင်းခွဲထားများ ဖြစ်ကြသည်။

**အက္ခရာပရိယာယ်ပြခွဲထား**

ဤခွဲထားသည် အက္ခရာတစ်လုံးတည်းကို အမျိုးမျိုး ပင့်ရစ်၊ ဟထိုးစသည့် ယှဉ်ဗျည်းအမျိုးမျိုးတွဲ၍ သုံးစွဲခြင်းမျိုးဖြစ်သည်။ မြပုခက်တင်ချေင်းတွင် "ကုန်စင်ပြစ်**ပြစ်**၊ ရန်စေး**ပျစ်**ကို၊ နုတ်**ပစ်**မကျန်" ဟူ၍လည်းကောင်း၊ မဃဒေဝလင်္ကာတွင် "သဒ္ဓါလွန်**မြောက်**၊ ကျွန်ကို**မြှောက်**က၊ **မျောက်**ကိုချစ်ငြား"ဟူ၍လည်းကောင်း၊ ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်လင်္ကာတွင် "အရှုပ်မျှည်း**မျှည်း**၊ ကိုယ်ကို**မျည်း**လျက်၊ ထိုင်း**မြည်း**ဖိန်းဖိန်း"ဟူ၍လည်းကောင်း အက္ခရာပရိယာယ်ပြခွဲထားကို ရေးစပ်ထားကြသည်။ အဆိုပါ ခွဲထားကိုးမျိုးအပြင် ခြားခွဲထားတချို့ကိုလည်း တစ်ဆက်တည်း ဖော်ပြလိုပေသည်။ ထိုလက်ကျန်ခွဲထားများမှာ ကာရန်နှစ်ပိုဒ်တွဲခွဲထား၊ ကာရန်သုံးပိုဒ်တွဲခွဲထား၊ ကာရန်နှစ်စုံတွဲခွဲထား၊ လေးချက်လှခွဲထားနှင့် အချီအချခွဲထားတို့ဖြစ်ကြသည်။

**စာမျက်နှာ ၅ သို့** á

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၁၆၁၅၀ စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် နေကြာဧက ၁၆၁၅၀ လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဒေသတွင်း ဆီစားသုံးမှု ဖူလုံပိုလျှံစေရန်နှင့် တောင်သူများသီးနှံဝင်ငွေ တိုးပွားစေရန်အတွက် နေကြာဧက ၁၆၁၅၀ စိုက်ပျိုးရန် လျာထားပြီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နေကြာဧက ၁၆၁၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ တောင်သူတွေကို လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေရရှိဖို့၊ မြေဆီလွှာတွေ ကောင်းမွန်အောင် ဆောင်ရွက်ဖို့၊ မြေဩဇာနဲ့ သွင်းအားစုတွေ စနစ်တကျ သုံးစွဲတတ်စေဖို့၊ စိုက်ပျိုးရေ အလေအလွင့်နည်းပါးအောင် ဆောင်ရွက်ဖို့၊ စိုက်နည်းစနစ် မှန်ကန်စေဖို့နဲ့ သီးနှံအထွက်နှုန်းတွေ ကောင်းမွန်စေဖို့အတွက် စိုက်ပျိုးရေး အသိပညာပေးတာတွေကို ဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်စေရေး၊ စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုကင်းရှင်းရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းများပေးခြင်း၊ မြေဩဇာနှင့်သွင်းအားစုများ စနစ်တကျသုံးစွဲတတ်စေရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံနေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

á **စာမျက်နှာ ၄ မှအဆက်**

ခွဲထားများကိုလေ့လာခြင်းဖြင့် အသံတူဝေါဟာရများ၏ အနက်အဓိပ္ပာယ်ကို ခွဲခြားသိနိုင်ပြီး နှိုင်းယှဉ်လေ့လာနိုင်ခြင်းတို့အပြင် ကာရန်အရ ရေးထုံးကွဲပြားပုံကို အလွယ်တကူ မှတ်ယူလာနိုင်ပြီး ရေးထုံးဝေါဟာရအမှန်ကို ခိုင်လုံစွာ မှတ်ယူနိုင်လာပေသည်။

**လက်ကျန်ခွဲထားများ**

လက်ကျန်ခွဲထားများအနေဖြင့် ကာရန်နှစ်ပိုဒ်တွဲတွင် ကာရန်တူ၊ အနက်တူ၊ ပုဒ်စပ်တူ၊ အက္ခရာတူ ရေးသားလေ့ရှိပြီး နေမိဘုံခန်းပျို့၌ "မယ်မောင်လွမ်းလျက်၊ မယ်လွမ်းလျက်တည့်"ဟူ၍လည်းကောင်း၊ ကာရန်သုံးပိုဒ်တွဲဂါထာခြောက်ဆယ်ပျို့၌ သစ်ပင်နားတုံ၊ မြေနားတုံတိ၊ ပျံ့တုံပျံ့နား"ဟူ၍လည်းကောင်း၊ နှစ်စုံတွဲခွဲထားတွင် ကာရန်တူအသံတူကို မူတည်ထားပြီး အသံတူ အသတ်ကွဲများဖြင့် စပ်ဆိုထားရာ ပုံစံအားဖြင့် နေမိဘုံခန်းပျို့တွင် "ကိုယ်လွတ်ယုံ**ချင်**၊ သူတော်**ခွင်**၌၊ ပြေးဝင်ပူးယှဉ်၊ စိတ်ယဉ်**ယဉ်**လျှင်၊ စိမ်း**ချဉ်**သံယော်"အဖွဲ့၌ ငသတ်နှင့် ညကလေးသတ်တို့သည် နှစ်စုံတွဲခွဲထားဖြစ်သည်။ လေးချက် လှခွဲထားကဗျာတစ်ပိုဒ်ထဲ ခွဲထားလေးချက်ပါအောင် စပ်ခြင်းဖြစ်ရာ ပုံစံအားဖြင့် ပုလိပ်စားချောင်းတွင် "သူစိတ်ဟော့ရမ်း၊ မာကြောကြမ်းမူ၊ တင်ကျမ်းရေကြည်း၊ ရုံးကာစည်း၍၊ တိုက်လှည်းရန်လုံး၊ အစဉ်ကျုံးမဲ့၊ ဆိုကြုံးဝါးကာ၊ ဟစ်ကြွေးငြာလျက်၊ မြစ်ညာတက်ဆန်၊ ရောက်လာပြန်သော်၊ ဝေယံနတ်လား၊ ဘဘုရားမှု၊ တံ့စားရွှေဝ၊ စံနှင့်ရ၏၊ ဒီပကြောက်ငြင်၊ ဘိုးနတ်ရှင်အား၊ ယဉ်ညင်မြစ်ကြောင်း၊ မြို့ကျောက်မြောင်းဝယ်၊ မိကျောင်းရဲလေ့"၌ ကြမ်း- ကျမ်း၊ ကျုံး- ကြုံး၊ ငြာ-ညာ၊ ငြင်-ညင် စသည့်ခွဲထား လေးချက်ဖွဲ့စပ်ထားသည်။ အချီအချခွဲထားတွင် ဂါထာခြောက်ဆယ်ပျို့၌ အချီခွဲထားပုံစံမှာ "မြော်ရှု မျှော်ရှု၊ မြော်ဆု မျှော်ဆု"ဖြစ်ပြီး အချမှာ နေမိဘုံခန်းပျို့၌ "သိင်္ဂီရောင်ခြည် ရောင်ခြည်တည်း"၊ "မေတ္တာနှောင်ချည် နှောင်ချည်တည်း"ဟူ၍ ဖွဲ့စပ်ထားလေသည်။

**ကိုးကား**

- **လှသမိန်၏ စာပေအနုပညာ**
- **နှစ်ဖက်လှ၏ မြန်မာစာပဒေသာ**
- **တင်တင်နွယ်၏ တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညို၏ ဘလ္လာတိယပျို့လာ ခွဲထားသတ်ပုံများလေ့လာချက်**

# နိုင်ငံသာယာလှပရေး

- ကိုယ့်အိမ်ကိုယ့်ရွာ လှပသာဖို့
ကိုယ်သာမူလ အဓိကမို့
လုံ့လနှင့်ဖွဲ တူယှဉ်တွဲကာ
စွဲမှတ်စိတ်တွင် အမှန်ပင်ထား
ဆင်ခြင်အားဖြင့် ကြိုးစားစို့။

- ထိုနည်းတူစွာ နိုင်ငံသာဖို့
သူငါမပျင်း လုံ့လရင်းဖြင့်
စိတ်ချင်းလည်းညီ အမြင်ကြည်လျက်
သည်မှာမြေပြင် အလှဆင်အံ့
သီးပင်ပေါ်များ စိုက်ပျိုးထားက
စားရေရိက္ခာ ဖူလုံပါမည်
ဘယ်မှာချို့တဲ့ပါအံ့နည်း။

- သေးငယ်လတ်စား ပြည့်စီးပွားမို့
ကြိုးစားရှက်ဆောင် မြန်ပြည်ထောင်မှာ
အောင်မြင်ကြီးပွား ကုန်စွမ်းအားနှင့်
များပြားရှိန်ဟုန် စားမကုန်အောင်
ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြမည်
စိတ်ကရည်လျက် ပြည့်အတွက်မို့
သွက်လက်လုပ်ရှား ကြိုးစားစို့။

- နိုင်ငံတိုးတက် ရွှေရောင်လက်သို့
ဘက်စုံထောင့်စုံ ကဏ္ဍစုံမှာ
မျိုးစုံပြည့်ကြွယ် ကုန်ဖလှယ်၍
ရောင်းဝယ်စီးပွား တိုးတက်များစေ
ကြိုးစားကြပါ များသူငါ။

- ကိုယ့်အိမ်ကိုယ့်ရွာ ကိုယ့်ပြည်သာဖို့
ကိုယ်သာအဓိက အသိလှဖြင့်
ကိုယ်ကအစ တူမျှအားလုံး
လက်ရုံးမြားမြောင် ဉာဏ်သစ်ဆောင်၍
ပြည်ထောင်ဖွံ့ဖြိုး ဂုဏ်ရှိန်တိုးဖို့
အမျိုးသားရေး ကြိုးစားပေး
နိုင်ငံသာယာ လှပရေး။ ။

မန္တလာကိုကိုဝင်း

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# တရုတ်ကွန်မြူနစ်ပါတီ မျက်နှာစုံညီအစည်းအဝေး အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက်ထိ ကျင်းပမည်

**ပေကျင်း စက်တင်ဘာ ၂၉**

တရုတ် ကွန်မြူနစ်ပါတီ၏ စတုတ္ထအကြိမ်မြောက် ပါတီ မျက်နှာစုံညီ အစည်းအဝေးကို ပေကျင်းမြို့၌ အောက်တိုဘာ ၂၀ ရက် မှ ၂၃ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း တရုတ်အစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ကွန်မြူနစ်ပါတီ စတုတ္ထအကြိမ်မြောက် ပါတီမျက်နှာစုံညီ အစည်းအဝေးကျင်းပမည့် အချိန်ကို ယနေ့တွင် ကျင်းပသည့် ကွန်မြူနစ်ပါတီပေါ်လစ်ဗျူရိုအစည်းအဝေး၌ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

လာမည့် စတုတ္ထအကြိမ်မြောက် ကွန်မြူနစ်ပါတီမျက်နှာစုံညီအစည်းအဝေးသို့ တရုတ် သမ္မတ ရှီကျင့်ဖျင် အပါအဝင် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ဦးရေ ၃၇၀ တို့ တက်ရောက်မည်ဖြစ်သည်။

စတုတ္ထအကြိမ်မြောက် ကွန်မြူနစ်ပါတီ မျက်နှာစုံညီအစည်းအဝေး၌ တရုတ်ခေါင်းဆောင်များအနေဖြင့် ၁၅ ကြိမ်မြောက် ငါးနှစ်စီမံကိန်းကို ချမှတ်ကြမည်ဖြစ်သည်။

ယနေ့ကျင်းပသည့် ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအစည်းအဝေး၌ အဆိုပါ ငါးနှစ်စီမံကိန်းမူကြမ်းကို တရုတ်ခေါင်းဆောင်များက လေ့လာသုံးသပ်ခဲ့ကြပြီးဖြစ်သည်။

အဆိုပါ ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရို အစည်းအဝေးကို သမ္မတရှီကျင့်ဖျင်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ဦးဆောင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# အမေရိကန်နိုင်ငံ မစ်ချီဂန်ပြည်နယ် ဘုရားကျောင်း သေနတ်ပစ်ခတ်မှု အနည်းဆုံး လူလေးဦး သေဆုံး

**ဂရန်းဘလန့်ခ် စက်တင်ဘာ ၂၉**

အမေရိကန်နိုင်ငံ မစ်ချီဂန် ပြည်နယ် ဂရန်းဘလန့်ခ်မြို့၌ သေနတ်သမားတစ်ဦးက ခရစ်ယာန် ဘုရားကျောင်း တစ်ကျောင်းကို စက်တင်ဘာ ၂၈ ရက်တွင် တိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူလေးဦး သေဆုံး၍ ရှစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သေနတ်သမားသည် ခရစ်ယာန်ဘုရားကျောင်း ရှေ့တံခါးများကို မော်တော်ယာဉ်ဖြင့် ဝင်တိုက်၍ ချေမှုန်းရေးရိုင်ဖယ် တစ်လက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် ဘုရားကျောင်းကို မီးရှို့ခဲ့ကြောင်း မစ်ချီဂန်ပြည်နယ် ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဘုရားကျောင်း ပစ်ခတ်တိုက်ခိုက်မှု ကျူးလွန်ခဲ့သူအမျိုးသားမှာ ရဲတပ်ဖွဲ့၏ ပစ်ခတ်တားဆီးမှုကြောင့် သေဆုံးခဲ့သည်။

ဘုရားကျောင်း ပစ်ခတ်တိုက်ခိုက်မှုကျူးလွန်ခဲ့သူ အမျိုးသားမှာ သောမတ်ဂျက်ကော့ဘ်စန်ဖို့ဒ် အမည်ရှိ အသက် ၄၀ အရွယ် မရိန်းတပ်ဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်ကြောင်း ဂရန်းဘလန့်ခ်မြို့တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သောမတ်ဂျက်ကော့ဘ်စန်ဖို့ဒ် အနေဖြင့် ခရစ်ယာန်ဘုရားကျောင်း တိုက်ခိုက်မှုအား အဘယ်ကြောင့် ကျူးလွန်ခဲ့သည်ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဂရန်းဘလန့်ခ်မြို့ ခရစ်ယာန် ဘုရားကျောင်း ပစ်ခတ်မှုသည် အမေရိကန်နိုင်ငံ၌ ၂၄ နာရီမပြည့်မီ ဖြစ်ပွားခဲ့သော တတိယမြောက် အစုလိုက်အပြုံလိုက် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



# တရုတ်နှင့် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးတို့ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေး



**ပေကျင်း စက်တင်ဘာ ၂၉**

တရုတ်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံ ဆက်ဆံရေးကို မြှင့်တင်ရန်နှင့် ဗိုလ်ကျစိုးမိုးမှုဝါဒကို ဆန့်ကျင်ကြရန် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟွီးတို့က ယနေ့တွင် သဘောတူခဲ့ကြကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ ရောက်ရှိနေသော မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟွီးနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတို့သည် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟွီးသည် တစ်လတာကာလအတွင်း ဒုတိယမြောက် တရုတ်ခရီးစဉ်အဖြစ် စက်တင်ဘာ ၂၈ ရက်တွင် ပေကျင်းမြို့သို့ ရောက်ရှိနေခြင်းဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့်နိုင်ငံတကာ အရေးအရာများနဲ့ ဒေသတွင်း အရေးအရာများ၌ မြောက်ကိုရီးယားနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ရန် ဆန္ဒရှိကြောင်း မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ပြောကြားခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးချိုဆွန်ဟွီးသည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ တွေ့ဆုံဆွေးနွေးခဲ့ပြီး ရက်သတ္တသုံးပတ်အကြာတွင် တရုတ်နိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်တို့သည် ခြောက်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ပေကျင်းမြို့၌ စက်တင်ဘာ ၃ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# တရုတ်ခရီးသည်အုပ်စုများအတွက် ဗီဇာမဲ့ပြည်ဝင်ခွင့် တောင်ကိုရီးယားအစိုးရ စတင်ကမ်းလှမ်း

**ဆိုးလ် စက်တင်ဘာ ၂၉**

တောင်ကိုရီးယား နိုင်ငံသည် တရုတ်ခရီးသည်အုပ်စုများအတွက် ဗီဇာမဲ့ ပြည်ဝင်ခွင့် အစီအစဉ်ကို ယနေ့တွင် စတင်ကမ်းလှမ်းထားကြောင်း သိရသည်။

တောင်ကိုရီးယား အစိုးရ၏ အဆိုပါအစီအစဉ်အရ အဖွဲ့ဝင်သုံးဦးနှင့်အထက်ပါဝင်သော တရုတ်ခရီးသည်အုပ်စုများ အနေဖြင့် လာမည့်နှစ်ဇွန်လထိ တောင်ကိုရီးယားနိုင်ငံသို့ ၁၅ ရက်ကြာ ဗီဇာမဲ့ဝင်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

တရုတ်ခရီးသည် အုပ်စုများအတွက် ဗီဇာမဲ့ဝင်ရောက်ခွင့် ကမ်းလှမ်းထားခြင်းဖြင့် တောင်ကိုရီးယားစီးပွားရေးကို အထောက်အကူပြုနိုင်ပြီး တရုတ်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာလာနိုင်ကြောင်း တောင်ကိုရီးယားအစိုးရက မျှော်လင့်ထားသည်။



တောင်ကိုရီးယား နိုင်ငံသည် ယခုနှစ် အောက်တိုဘာ ၁ ရက်မှ ၈ ရက်ထိ ကြာမြင့်မည့် တရုတ်အမျိုးသားနေ့ အားလပ်ရက်မတိုင်မီ တရုတ်ခရီးသွားအုပ်စုများအတွက် ဗီဇာမဲ့ ပြည်ဝင်ခွင့်ပေးခဲ့ခြင်းဖြစ်သည်။

တရုတ်ခရီးသွား အုပ်စုများအတွက် ဗီဇာမဲ့ ပြည်ဝင်ခွင့် ကမ်းလှမ်းမည့် အစီအစဉ်ကို တောင်ကိုရီးယားအစိုးရက ယခုနှစ် မတ်လအတွင်း ကြေညာထားပြီးဖြစ်သည်။

တရုတ်အစိုးရသည်လည်း တောင်ကိုရီးယားခရီးသွား ဧည့်သည်များအတွက် တရုတ်နိုင်ငံသို့ ဗီဇာမဲ့ ပြည်ဝင်ခွင့်ကို ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# စင်ကာပူနိုင်ငံ၏ ယခုနှစ် ဇွန်လလူဦးရေ ယမန်နှစ် ဇွန်လကထက် ၁ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာ

**စင်ကာပူ စက်တင်ဘာ ၂၉**

စင်ကာပူနိုင်ငံ၏ ယခုနှစ် ဇွန်လလူဦးရေမှာ ယမန်နှစ် အလားတူကာလကထက် ၁ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

စင်ကာပူအစိုးရက ယနေ့တွင် ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်း အချက်အလက်များအရ စင်ကာပူနိုင်ငံ၏ ယခုနှစ် ဇွန်လလူဦးရေမှာ ၆ ဒသမ ၁၁ သန်းထိ ရှိခဲ့သည်။

စင်ကာပူနိုင်ငံ၏ ယခုနှစ် ဇွန်လလူဦးရေသည် ၂၀၂၄ ခုနှစ် ဇွန်လလူဦးရေထက် ၁ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း စင်ကာပူအစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံ၏ လူဦးရေသည် ကိုဗစ်-၁၉ကူးစက်မှုကပ်ဘေး ပြီးဆုံးခဲ့ပြီးနောက်ပိုင်း ဖြည်းဖြည်းမှန်မှန်မြင့်တက်လာခဲ့သည်။

စင်ကာပူနိုင်ငံသည် ကိုဗစ်-၁၉ရောဂါကူးစက်မှုကာလအတွင်း နိုင်ငံခြားသားများ ဝင်ရောက်မှုကို တင်းကျပ်စွာ ကန့်သတ်ခဲ့ရာ စင်ကာပူ၏ လူဦးရေကျုံ့ဝင်ခဲ့ရသည်။


ကိုဗစ်-၁၉ ရောဂါ ကပ်ဘေး ပြီးဆုံးပြီးနောက်ပိုင်း ပြည်ပအလုပ်သမားဦးရေ တိုးလာမှုကြောင့် စင်ကာပူနိုင်ငံ၏ လူဦးရေ ယခုနှစ် ဇွန်လအတွင်း မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## နိုအာ၏ GOES-19 ဂြိုဟ်တုက နေကြတ်မှုဖြစ်စဉ်ကို စောင့်ကြည့်လေ့လာနိုင်ခဲ့




**ဝါရှင်တန် စက်တင်ဘာ ၂၉**

အမေရိကန်အမျိုးသားလေထုလွှာနှင့် သမုဒ္ဒရာလေ့လာရေးအေဂျင်စီ(နိုအာ)၏ GOES-19 ဂြိုဟ်တုသည် တစ်စိတ်တစ်ပိုင်းနေကြတ်မှုဖြစ်စဉ်ကို ပတ်လမ်းပေါ်မှတစ်ဆင့် စောင့်ကြည့်လေ့လာနိုင်ခဲ့ကြောင်း စက်တင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

GOES-19 ဂြိုဟ်တုသည် Compact Coronagraph-1 ကင်မရာစနစ်ဖြင့် နေကြတ်မှုဖြစ်စဉ်ကို စောင့်ကြည့်လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

GOES-19 ဂြိုဟ်တုသည် အာကာသရာသီဥတုအခြေအနေကို စောင့်ကြည့်လေ့လာရေးအတွက် နိုအာအဖွဲ့က လွှတ်တင်ထားခြင်းဖြစ်သည်။

တစ်စိတ်တစ်ပိုင်းနေကြတ်မှုဖြစ်စဉ်သည် Coronagraph ကင်မရာစနစ်တစ်ခုက စောင့်ကြည့်လေ့လာနိုင်ခဲ့သော ပထမဆုံး နေကြတ်မှုဖြစ်ကြောင်း သိရသည်။

နိုအာအဖွဲ့သည် GOES-19 ဂြိုဟ်တုကို ၂၀၂၄ ခုနှစ် ဇွန်လတွင် စပေ့အိတ်ကုမ္ပဏီ၏ ဖယ်ကွန်ဟဲဗီးဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဂြိုဟ်တုသည် လက်ရှိအချိန်တွင် ကမ္ဘာမြေပြင်အထက် အမြင့် မိုင် ၂၂၀၀၀ ကျော်အကွာ ပတ်လမ်းပေါ်၌ နေရာယူထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## NISAR ကမ္ဘာဂြိုဟ်လေ့လာရေးရေဒါဂြိုဟ်တုက ပထမဆုံးရိုက်ကူးထားသောဓာတ်ပုံများကို ပြန်လည်ပေးပို့

**ဝါရှင်တန် စက်တင်ဘာ ၂၉**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) နှင့် အိန္ဒိယ အာကာသအေဂျင်စီတို့ ပူးပေါင်းလွှတ်တင် ထားသည့် NISAR ရေဒါဂြိုဟ်တုသည် ၎င်း ရိုက်ကူးထားသော ပထမဆုံး ဓာတ်ပုံများကို မြေပြင်စခန်းသို့ ပြန်လည်ပေးပို့ခဲ့ကြောင်း စက်တင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

NISAR ဂြိုဟ်တုသည် ကမ္ဘာ့နိုင်ငံများလွှတ်တင်ခဲ့ဖူးသမျှ ကမ္ဘာဂြိုဟ်လေ့လာရေး ရေဒါဂြိုဟ်တုများအနက် ခေတ်အမီဆုံးရေဒါဂြိုဟ်တုဖြစ်သည်။

NISAR ဂြိုဟ်တုကို ယခုနှစ် ဇူလိုင် ၃၀ ရက်တွင် အိန္ဒိယ အာကာသအေဂျင်စီက လွှတ်တင်ပေးခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် NISAR ရေဒါဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် အမြင့် ၇၄၇ ကီလိုမီတာတွင်ရှိသည့် ပတ်လမ်းပေါ်၌ စူးစမ်းလေ့လာရေးစနစ်များကို စမ်းသပ်လျက်ရှိသည်။

အဆိုပါဂြိုဟ်တုသည် ယခုနှစ် နိုဝင်ဘာလမှစ၍ သိပ္ပံစူးစမ်းလေ့လာမှုများ စတင်မည်ဖြစ်ပြီး ၁၂ ရက်လျှင် တစ်ကြိမ်ကျ ကမ္ဘာ့မြေထုလွှာနှင့် ရေခဲပြင်များကို




စောင့်ကြည့်လေ့လာမည်ဖြစ်သည်။

NISAR ရေဒါဂြိုဟ်တုသည် L-Band ရေဒါစနစ်နှင့် S-Band ရေဒါစနစ်နှစ်မျိုးစလုံး တပ်ဆင်ထားသော ပထမဆုံးရေဒါဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## နာဆာသိပ္ပံပညာရှင်များ ရှာဖွေအတည်ပြုနိုင်သည့် နေအဖွဲ့အစည်းပြင်ပဂြိုဟ်အရေအတွက် ၆၀၀၀ ကျော်ထိရှိလာ



**ဝါရှင်တန် စက်တင်ဘာ ၂၉**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) က ရှာဖွေအတည်ပြု ပေးနိုင်ခဲ့သည့် နေအဖွဲ့အစည်းပြင်ပဂြိုဟ်သစ်များ အရေအတွက်မှာ ၆၀၀၀ ကျော်ထိ ရှိလာပြီဖြစ်ကြောင်း စက်တင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

နာဆာသိပ္ပံပညာရှင်များ ရှာဖွေအတည်ပြုပေးထားနိုင်သော နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ် အရေအတွက်မှာ ၆၀၀၇ စင်းထိရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါနေအဖွဲ့အစည်းပြင်ပဂြိုဟ်သစ် ၆၀၀၇ စင်းသည် နာဆာသိပ္ပံပညာရှင်များ နှစ်ပေါင်း ၃၀ အတွင်း ရှာဖွေတွေ့ရှိခဲ့သည့်ဂြိုဟ်များဖြစ်သည်။

နာဆာသိပ္ပံပညာရှင်များ ပထမဆုံးရှာဖွေအတည်ပြုနိုင်ခဲ့သည့် နေအဖွဲ့အစည်းပြင်ပဂြိုဟ်သစ်မှာ 51 Pegasi b အမည်ရှိ ဂြိုဟ်ဖြစ်ပြီး ၁၉၉၅ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

၆၀၀၇ စင်းမြောက် နေအဖွဲ့အစည်းပြင်ပဂြိုဟ်သစ်မှာ KMT-2023-BlG-1896lb အမည်ရှိဂြိုဟ်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါနေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ် အစင်း ၆၀၀၀ ကျော် အနက် ၂၆၀၀ ကျော်ကို ကတ်ပလာ အာကာသရေဒီယိုတယ်လီစကုပ်က ရှာဖွေပေးခဲ့ခြင်းဖြစ်သည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## ကင်ဆာကြောင့် ကမ္ဘာတစ်ဝန်းသေဆုံးမှုနှုန်း ၂၀၅၀ ပြည့်နှစ်တွင် ၇၅ ရာခိုင်နှုန်းမြင့်တက်လာနိုင်

**နယူးယောက် စက်တင်ဘာ ၂၉**

ကင်ဆာရောဂါများကြောင့် ကမ္ဘာတစ်ဝန်းသေဆုံးမှုနှုန်းသည် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ၇၅ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ စက်တင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ ကမ္ဘာတစ်ဝန်းကင်ဆာရောဂါဖြစ်ပွားမှုအရေအတွက်မှာ ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းကာလများအတွင်း နှစ်ဆကျော်မြင့်တက်လာခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ကင်ဆာဖြစ်ပွားမှုပေါင်း ၁၈ ဒသမ ၅ သန်းထိရှိလာခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် တစ်ကမ္ဘာလုံး အတိုင်းအတာအရ ကင်ဆာရောဂါများကြောင့် သေဆုံးမှုနှုန်းမှာ ၇၄ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ၁၀ ဒသမ ၄ သန်းထိ ရှိလာကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ကင်ဆာရောဂါများကြောင့် ကမ္ဘာတစ်ဝန်းသေဆုံးမှုနှုန်းမှာ ၂၀၅၀ ပြည့်နှစ်အရောက်တွင် ၇၅ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ပြီး ၁၈ ဒသမ ၆ သန်းထိ ရှိလာနိုင်သည်ဟု သုတေသနပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

သက်ကြီးလူဦးရေနှုန်းမြင့်တက်လာမှု၊ ကျန်းမာရေးနှင့်မညီသည့် ဘဝနေထိုင်မှုပုံစံများ ပေါင်းစပ်မှုကြောင့် ကမ္ဘာတစ်ဝန်းနှစ်စဉ် ကင်ဆာဖြစ်ပွားနှုန်းနှင့် ကင်ဆာရောဂါကြောင့် သေဆုံးမှုနှုန်းတို့ မြင့်တက်လာခြင်း ဖြစ်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

**Ref : Sputnik News**

**Trs : KKO**

## ငါးကြီးဆီ၏ အူမကြီးကင်ဆာဖြစ်နိုင်ခြေ လျှော့ချနိုင်စွမ်း Alox-15 မျိုးဗီဇအပေါ်မူတည်နေ

**နယူးယောက် စက်တင်ဘာ ၂၉**

ငါးကြီးဆီ၏ အူမကြီးကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ချနိုင်စွမ်းသည် Alox-15 ခေါ် မျိုးဗီဇတစ်မျိုးအပေါ် မူတည်နေနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၂၈ ရက်သတင်းများအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အူမကြီးကင်ဆာရောဂါကို ကာကွယ်ရာတွင် ငါးကြီးဆီ၌ပါဝင်သည့် အိုမီဂါ-၃ ဖက်တီးအက်စစ်များအတွက် Alox-15 အမည်ရှိ မျိုးဗီဇမှာ အရေးပါကြောင်း သိရသည်။

ကြွက်များဖြင့်ပြုလုပ်ခဲ့သည့် လက်တွေ့စမ်းသပ်မှုများအရ Alox-15 မျိုးဗီဇမရှိပါက ငါးကြီးဆီကြောင့်ပင် အူမကြီးကင်ဆာဖြစ်နိုင်ခြေ မြင့်တက်လာနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ငါးကြီးဆီတွင်ပါဝင်သော အိုမီဂါ-၃ ဖက်တီးအက်စစ်များကို Resolvins ခေါ် ရောင်ရမ်းမှုတိုက်ဖျက်ရေး မော်လီကျူးများအဖြစ် ဖြိုခွဲရေးအတွက် Alox 15 မျိုးဗီဇကိုလိုအပ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ငါးကြီးဆီသည် လူတိုင်းကို အူမကြီးကင်ဆာ အန္တရာယ်မှ တန်းတူ အကာအကွယ်ပေးနိုင်ဖွယ်မရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ကွင်းလယ်တိုက်စစ်ကစားသမား အဒါဂူလာကို ရောင်းချမည်မဟုတ်ကြောင်း ရီးရဲလ်ထုတ်ပြန်

**မက်ဒရစ် စက်တင်ဘာ ၂၉**

ယခုနှစ်ဘောလုံးရာသီ နည်းပြ အလွန်ဆို လက်အောက်တွင် ခြေစွမ်းပြသနေသည့် ကွင်းလယ် တိုက်စစ်ကစားသမားအဒါဂူလာကို ရီးရဲလ်မက်ဒရစ်အသင်းက ရောင်းချမည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည်။

အဒါဂူလာသည် နည်းပြ အလွန်ဆို အသင်းသို့ရောက်ရှိလာချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာရန် စီစဉ်နေသော်လည်း အလွန်ဆိုက အလှည့်ကျပွဲကစားခွင့်ပေးခဲ့ရာတွင် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲအပါအဝင် ၁၄ ပွဲ ပါဝင်ကစားခဲ့ရာ သွင်းဂိုးလေးဂိုးနှင့် ဂိုးဖန်တီးမှုငါးကြိမ်ထိပြုလုပ်နိုင်ခဲ့သည်။

ထို့ကြောင့် အနာဂတ် အလားအလာကောင်းများရှိသည့် အသက် ၂၀ ရှိ လူငယ်ကစားသမားကို အာဆင်နယ်အသင်းက ခေါ်ယူရန် ကြိုးပမ်းလာသောကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ၎င်းတို့ကစားသမားကို ရောင်းချမည် မဟုတ်ကြောင်း ငြင်းဆိုခဲ့ခြင်းဖြစ်သည်။

အဒါဂူလာသည် ဖီနာဘာချီအသင်းလူငယ်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက ပရော်ဖက်ရှင်နယ် စာချုပ်ချုပ်ဆိုပြီးနောက် ပုံစံကောင်းပြသနိုင်ခဲ့သဖြင့်၂၀၂၃ ခုနှစ်တွင် ရီးရဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိခဲ့ပြီး ပြိုင်ပွဲစုံ ၆၉ ပွဲတွင် သွင်းဂိုး ၁၅ ဂိုးထိ သွင်းယူနိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML



# Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို Team Europe အသင်း ဆွတ်ခူး




**နယူးယောက် စက်တင်ဘာ ၂၉**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်ကျင်းပခဲ့သည့် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Team Europe အသင်းက Team US အသင်းအား (၁၅-၁၃) မှတ်ဖြင့် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

Team Europe အသင်းသည် ပထမနေ့နှင့် ဒုတိယနေ့တို့၌ ပြတ်သားသည့်ရလဒ်ဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း တတိယနေ့တွင် Team US အသင်းသားများက ပြန်လည်၍ ရလဒ်ကောင်းများ ရယူနိုင်ခဲ့ပြီး Team Europe အား ဖိအားပေးနိုင်ခဲ့သည်။

သို့သော်လည်း မက်အီလ်ရွိုင်းက Team Europe အတွက် အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ပြီး Team Europe အသင်း ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရေးအတွက် အဓိက အထောက်အပံ့ဖြစ်စေခဲ့သည်။

Team Europe အသင်းအနေဖြင့် လက်ရှိချန်ပီယံဆုကို ဆက်လက် ထိန်းသိမ်းနိုင်ခဲ့ခြင်းဖြစ်ပြီး Team US အသင်းအတွက် အမေရိကန်မြေတွင် ရလဒ်ကောင်းများရရှိထားသည့်မှတ်တမ်းကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ခြင်း မရှိတော့သည့် အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရသည်။

Team Europe အသင်း ခေါင်းဆောင် လုခ်ဒေါ်နယ်က "ကျွန်တော့်အသင်းသားတွေဟာ ပထမနေ့နဲ့ ဒုတိယနေ့မှာ အကောင်းဆုံးကစားနိုင်ခဲ့ကြတယ်။ ဒါပေမဲ့လဲ တတိယနေ့မှာတော့ Team USအသင်းက ရလဒ်ကောင်းတွေဆက်တိုက် ရလာခဲ့ပြီးတော့ ကျွန်တော်တို့ကို ဖိအားပေးနိုင်ခဲ့တယ်။နောက်ဆုံးနေ့ဟာ ကျွန်တော့်ဘဝအတွက် ဖိအားအများဆုံး နာရီတွေကို ဖြတ်သန်းခဲ့ရတယ်။ နောက်ဆုံးနေ့မှာ Team US ဟာ ခက်ခဲတဲ့ ပြိုင်ဘက်ဖြစ်ခဲ့တယ်။ သူတို့အသင်းက ဒီလောက်ခက်ခဲလိမ့်မယ်လို့ ကျွန်တော်ထင်မထားခဲ့ဘူး" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Magic

Trs : AZL

# ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတွင် ပြိုင်ပွဲတစ်ရက်အတွင်း နောက်ကျသွင်းဂိုးရှစ်ဂိုး သွင်းယူနိုင်သည့်စံချိန်သစ်တင်

**ရီယာ့ဒ် စက်တင်ဘာ ၂၉**

ပြီးခဲ့သည့်စနေနေ့က ပရီးမီးယားလိဂ် ပွဲစဉ် (၆) အဖြစ် ကစားခဲ့သည့် ပွဲစဉ်များတွင် နောက်ကျသွင်းဂိုး ရှစ်ဂိုးထိရှိခဲ့သောကြောင့် ပရီးမီးယားလိဂ် ပြိုင်ပွဲသမိုင်းတွင် ပြိုင်ပွဲတစ်ရက်အတွင်း ဂိုးအများဆုံးသွင်းယူခဲ့သည့် စံချိန်သစ် တင်ခဲ့ကြောင်း သိရသည်။

စနေနေ့ည ကစားခဲ့သည့်ပွဲစဉ်များအဖြစ် မန်စီးတီးအသင်းနှင့် ဘန်လေအသင်းတို့ ပွဲစဉ်တွင် တိုက်စစ်မှူးဟာလန်းက ပွဲချိန် မိနစ် ၉၀ တွင် သွင်းဂိုး တစ်ဂိုး၊ ဘရိုက်တန်အသင်း တိုက်စစ်မှူး ဝဲလ်ဘက်က ချဲလ်ဆီးအသင်းနှင့် ပွဲစဉ် ပွဲချိန် မိနစ် ၁၀၀ ၌ သွင်းဂိုး တစ်ဂိုး၊ ဘရန့်ဖို့ဒ်အသင်း ကစားသမားဂျန်ဆန်က မန်ယူအသင်းနှင့် ပွဲစဉ် ပွဲချိန် ၉၅ မိနစ်၌ သွင်းဂိုး တစ်ဂိုး၊ ဘုန်းမောက်ကစားသမား ခရူပီက လိဒ်ယူနိုက်တက်အသင်းနှင့်ပွဲစဉ် ပွဲချိန် ၉၃ မိနစ်၌ သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

ထို့ပြင် ဘရိုက်တန်အသင်း ကစားသမားဒီကိုင်ပါက ချဲလ်ဆီးအသင်းနှင့် ပွဲစဉ် ပွဲချိန် ၉၂ မိနစ်၌ သွင်းဂိုးတစ်ဂိုး၊ မန်စီးတီးအသင်း တိုက်စစ်မှူးဟာလန်းက ဘန်လေအသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး၊ စပါးကစားသမား ပေါ်ဟင်ဟာက ဖူလ်ဟမ်အသင်းနှင့် ပွဲစဉ် ပွဲချိန် ၉၄ မိနစ်၌ သွင်းဂိုးတစ်ဂိုး၊ လီဗာပူးအသင်းနှင့် ပွဲစဉ်တွင် ပဲလေ့စ်ကစားသမား အန်ကေးတီးယားက ပွဲချိန် ၉၇ မိနစ်၌ သွင်းဂိုးတစ်ဂိုးသွင်းယူခဲ့သောကြောင့် စုစုပေါင်းရှစ်ဂိုးထိရှိခဲ့ပြီး သမိုင်းတစ်လျှောက်တွင် ပြိုင်ပွဲတစ်ရက်အတွင်း နောက်ကျဂိုးအများဆုံးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

## အားကစားသတင်းအတိုအထွာများ

- မန်ယူအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသည့် တိုက်စစ်မှူး ရဲလ်ဒိဗ်ကို ဂျူဗင်တပ်အသင်းက လုံးဝရောင်းချမည် မဟုတ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။
- နည်းပြအာမိုရင်ကို အသင်းကထုတ်ပယ်ခဲ့ပါက နည်းပြအသစ်အဖြစ် အင်္ဂလန်အသင်းနည်းပြဟောင်း ဆောက်ဂိတ်သည် မန်ယူအသင်းအတွက် သင့်တော်သည့် နည်းပြဖြစ်ကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။
- ပရီးမီးယားလိဂ်ပွဲစဉ် (၆) အဖြစ်ကစားခဲ့သည့် ဘရိုက်တန်အသင်းနှင့် အိမ်ကွင်းပွဲစဉ်တွင် ချဲလ်ဆီးအသင်းက သုံးဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သောကြောင့် နည်းပြမာရက်စ်ကာကို အသင်းတာဝန်ရှိသူများက ရာထူးမှထုတ်ပယ်ရန် ဆုံးဖြတ်ထားသည်။
- ဆန်းတို့စ်တိုက်စစ်မှူးနေမာ၏ ဒဏ်ရာအခြေအနေမှာ မျှော်လင့်ထားသည့်အချိန်ထက်ပိုကြာနိုင်ကြောင်း အသင်းဥက္ကဋ္ဌမာဆယ်လိုက အတည်ပြုပြောကြားခဲ့သည်။

ML

# အယ်အီသီဟတ်အသင်းက အယ်နာဆာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ရလဒ်ဆိုးရွားလာသည့် နည်းပြလောရန့်ဘလန့်ကို ရာထူးမှထုတ်ပယ်ကြောင်း ကြေညာ

**ရီယာ့ဒ် စက်တင်ဘာ ၂၉**

အယ်အီသီဟတ် အသင်းသည် ပြီးခဲ့သည့်သောကြာနေ့က ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် အယ်နာဆာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ရလဒ်ဆိုးရွားလာသည့် နည်းပြလောရန့်ဘလန့်ကို ရာထူးမှ ထုတ်ပယ်ခဲ့သည်။

နည်းပြလောရန့်ဘလန့်သည် အယ်အီသီဟတ်အသင်းကို ၂၀၂၄ ခုနှစ်နွေရာသီက စတင်တာဝန်ယူခဲ့သော်လည်း အောင်မြင်မှုရယူနိုင်ခြင်းမရှိဘဲ ယခုနှစ်တွင်လည်း ဆော်ဒီဘုရင့်ဖလား ပြိုင်ပွဲတွင် အယ်နာဆာအသင်းကို နှစ်ဂိုး တစ်ဂိုး၊အေအက်ဖ်စီချန်ပီယံလိဂ် အဖွင့်ပွဲစဉ်တွင် အယ်ဝါဟာအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အပြင် အမှတ်ပေးပွဲစဉ်တွင်လည်း အယ်နာဆာအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ရာထူးမှ ထုတ်ပယ်ခံရခြင်းဖြစ်သည်။

လက်ရှိတွင် အယ်အီသီဟတ်အသင်းတာဝန်ရှိသူများက နည်းပြလောရန့်ဘလန့်နေရာတွင် ဘာစီလိုနာအသင်းနှင့်လမ်းခွဲထားသည့် နည်းပြဇာဗီနှင့် အစားထိုးရန် ကြိုးပမ်းနေပြီး ၎င်းသည် ကာတာကလပ် အယ်ဆက်အသင်းကို တာဝန်ယူခဲ့ရာတွင် အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

အယ်အီသီဟတ်အသင်းသည် လာမည့်ပွဲစဉ်တွင် ချန်ပီယံလိဂ် ဒုတိယပွဲစဉ်အဖြစ် ရှာဘတ်အယ်အာလီအသင်းနှင့် ပွဲစဉ်မတိုင်မီ နည်းပြသစ် အမြန်ဆုံးခန့်အပ်နိုင်ရန်စီစဉ်နေကြောင်း သိရသည်။



Ref : Onefootball

Trs : ML

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၅)တွင် ရတနာပုံအက်ဖ်စီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



**ရန်ကုန် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)တွင် ရတနာပုံအက်ဖ်စီအသင်းနှင့်သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သီဟဒီပ အားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ကစားခဲ့ရာ သစ္စာအားမာန်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့် ရတနာပုံအက်ဖ်စီအသင်းက ခုနစ်ဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၀ မိနစ်တွင် သက်ထွန်းအောင်၊ ၂၈ မိနစ်တွင် စိုးမင်းဦး၊ ၃၆ မိနစ်တွင် ပြည့်မိုး၊ ၄၉ မိနစ်တွင် ညီညီအောင်၊ ၈၂ မိနစ်တွင် ကောင်းမြတ်ကျော်၊ ၈၃ မိနစ်နှင့် ၈၅ မိနစ်တွင် စိုးကျော်ကျော်တို့က သွင်းယူနိုင်ခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၅ မိနစ်တွင် သန်းကျော်ဌေး၊ ၇၉ မိနစ်တွင် ဇင်မင်းထွန်း၊ ၈၉ မိနစ်တွင် မက်ဆိုတို့က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

# အေတီကိုအသင်းသမိုင်းတစ်လျှောက် စပိန်လာလီဂါပြိုင်ပွဲတွင် တစ်ပွဲတည်းပင်နယ်တီနှင့် ဖရီးကစ်ဂိုး သွင်းယူနိုင်ခဲ့သည့် ဒုတိယမြောက်ကစားသမားအဖြစ် အယ်ဗာရက်ဇ်မှတ်တမ်းဝင်

**မက်ဒရစ် စက်တင်ဘာ ၂၉**

အေတီကိုအသင်း တိုက်စစ်ကစားသမား အယ်ဗာရက်ဇ်သည် မက်ဒရစ်ဒါဘီပွဲစဉ်အဖြစ် ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အေတီကိုအသင်းတို့ ပွဲစဉ်တွင် အသင်းအတွက် ပင်နယ်တီနှင့် ဖရီးကစ်တို့မှတစ်ဆင့် အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် စပိန်လာလီဂါပြိုင်ပွဲတွင် တစ်ပွဲတည်း ပင်နယ်တီနှင့် ဖရီးကစ် ဂိုးသွင်းယူနိုင်ခဲ့သည့် ဒုတိယမြောက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အေတီကိုအသင်းက ရီးရဲလ်မက်ဒရစ်အသင်းကို ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အယ်ဗာရက်ဇ်သည် ပွဲချိန် ၅၁ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သကဲ့သို့ ပွဲချိန် ၆၃ မိနစ်တွင်လည်း ဖရီးကစ်မှတစ်ဆင့် အသင်းအတွက် ဒုတိယသွင်းဂိုးကို သွင်းယူနိုင်ခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အေတီကိုအသင်း သမိုင်းတစ်လျှောက် စပိန်လာလီဂါပြိုင်ပွဲတွင် တစ်ပွဲတည်း ပင်နယ်တီနှင့် ဖရီးကစ်မှတစ်ဆင့် ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က အေတီကိုအသင်းနှင့် ကာဒီးအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် လူးဝစ်ဆွာရက်ဇ်က မှတ်တမ်းဝင်ခဲ့ပြီး ယခုအခါအယ်ဗာရက်ဇ်က ဒုတိယအကြိမ်မြောက် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ အေတီကိုအသင်းနည်းပြ ဆီမွန်နီသည်လည်း မက်ဒရစ်ဒါဘီပွဲစဉ် ၂၈ ပွဲထိ ရှိလာခဲ့သည့်အတွက် မက်ဒရစ်ဒါဘီ သမိုင်းတစ်လျှောက် ပွဲအများဆုံးကိုင်တွယ်ထားသည့် ရီးရဲလ်မက်ဒရစ်အသင်း ဂန္ထဝင်နည်းပြကြီး မူနေ့ဇ်၏ စံချိန်ကို လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)တွင် ISPEအသင်း နိုင်ပွဲရရှိခဲ့ပြီး ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်

**ရန်ကုန် စက်တင်ဘာ ၂၉**

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ISPE အသင်းနိုင်ပွဲရရှိခဲ့ပြီး ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် မြဝတီအက်ဖ်စီအသင်းနှင့် ISPE အသင်းတို့ ကစားခဲ့ရာ ISPE အသင်းက မြဝတီအက်ဖ်စီအသင်းကိုအနိုင်ရရှိခဲ့ပြီး ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် ဧရာဝတီအသင်းတို့ကစားခဲ့ရာ အနိုင်အရှုံးရလဒ်ထွက်ပေါ်ခြင်းမရှိဘဲ နှစ်ဂိုးစီသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် စက်တင်ဘာ ၃၀ ရက်တွင် Young Lionesses အသင်းနှင့် YREO အသင်း၊ ရန်ကုန်စီးတီးအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဆက်လက်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

STA



# China Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ဂျန်နစ်ခ်ဆင်နာ တက်ရောက်

**ပေကျင်း စက်တင်ဘာ ၂၉**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပနေသည့် China Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ဟန်ဂေရီ တင်းနစ်ကစားသမား မာရို့ဇ်ဆန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက (၆-၁၊ ၇-၅)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၂) တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာသည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် မာရို့ဇ်ဆန်က အကောင်းဆုံးစွမ်းဆောင်ပြနိုင်ခဲ့ပြီး ဂျန်နစ်ခ်ဆင်နာကို ပြန်လည်ဖိအားပေးနိုင်ခဲ့သည့်အတွက် tie-break အဆင့်ထိ ကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာသည် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီးနောက် ယခုနှစ် တင်းနစ်ရာသီတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သောပြိုင်ပွဲများ၌ ခုနစ်ကြိမ်မြောက် ဆီမီးဖိုင်နယ်အဆင့်ကိုတက်ရောက်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာက "ပထမပွဲငယ်မှာ ကစားရတာ တော်တော်လေးအဆင်ပြေတယ်။ ရလဒ်လဲကောင်းခဲ့ပါတယ်။ ဒုတိယပွဲငယ်မှာတော့ တော်တော်လေးကိုခက်ခဲခဲ့ပါတယ်။ ကျွန်တော်တို့နှစ်ယောက်စလုံး အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့ကြတယ်။ (၄-၃) ရလဒ်နဲ့ ဦးဆောင်နေချိန် ပွဲပြီးသွားနိုင်တဲ့ အခွင့်အရေးကောင်းတွေကို ပိုင်ဆိုင်ခဲ့ပါတယ်။ ဒါပေမဲ့လဲ မာရို့ဇ်ဆန်ကအကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပြီးတော့ အနိုင်ရလဒ်ကိုရရှိအောင် ကြိုးစားလာခဲ့တယ်။ ဒုတိယပွဲငယ်မှာတော့ ကျွန်တော်တို့နှစ်ယောက်စလုံး unforced error တွေ မကြာခဏကျူးလွန်ခဲ့တယ်။ စပေးဘောတွေလဲ အမှားများခဲ့တယ်။ ကျန်တဲ့အပိုင်းမှာတော့ နှစ်ယောက်စလုံး အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့ကြပါတယ်" ဟု ပြောကြားခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ဩစတြေးလျတင်းနစ်ကစားသမား ဒီမီနော်နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : AZL

# ကမ္ဘာ့ချန်ပီယံ သုံးကြိမ်နှင့် ဥရောပချန်ပီယံငါးကြိမ်ထိ ချန်ပီယံဖြစ်ခဲ့ဖူးသူ အမျိုးသမီးလက်ဝှေ့မယ် စီနက်စကာယာ ကွယ်လွန်

**မော်စကို စက်တင်ဘာ ၂၉**

အမျိုးသမီးလက်ဝှေ့လောက၏ အကောင်းဆုံးလက်ဝှေ့မယ်စာရင်းတွင်ပါဝင်သည့် ရုရှားလက်ဝှေ့မယ် အသက် ၄၈ နှစ်အရွယ် စီနက်စကာယာသည် စက်တင်ဘာ ၂၈ ရက်၌ ကွယ်လွန်ခဲ့ကြောင်း ရုရှားဖက်ဒရေးရှင်း လက်ဝှေ့အဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။

အမျိုးသမီးလက်ဝှေ့လောက၏ အအောင်မြင်ဆုံး လက်ဝှေ့မယ်စာရင်းတွင်ပါဝင်သည့် စီနက်စကာယာသည် လက်ဝှေ့မယ်ဘဝဖြင့်ကျင်လည်စဉ် ကမ္ဘာ့ချန်ပီယံ သုံးကြိမ်နှင့် ဥရောပချန်ပီယံ ငါးကြိမ်ထိ ချန်ပီယံဖြစ်ခဲ့ဖူးသူဖြစ်သည်။

ရုရှားအိုလံပစ်အသင်း အတွက်လည်း ဆုတံဆိပ်ပေါင်းများစွာရယူပေးခဲ့ဖူးသည့် စီနက်စကာယာသည် ရုရှားအမျိုးသမီး လက်ဝှေ့လောကအတွက်လည်း ဂန္ထဝင်လက်ဝှေ့မယ်အဖြစ် သတ်မှတ်ခံထားရသူဖြစ်ပြီး ရုရှားလက်ဝှေ့လောကအတွက် ကြီးမားသည့် ဆုံးရှုံးမှုဖြစ်ကြောင်း ရုရှားဖက်ဒရေးရှင်း လက်ဝှေ့အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

ရုရှားဖက်ဒရေးရှင်း လက်ဝှေ့အဖွဲ့ချုပ်က "ကမ္ဘာ့ချန်ပီယံ သုံးကြိမ်၊ ဥရောပချန်ပီယံ ငါးကြိမ်ထိ ချန်ပီယံဖြစ်ခဲ့ဖူးတဲ့ စီနက်စကာယာဟာ စက်တင်ဘာ ၂၈ ရက်မှာ ကွယ်လွန်သွားတဲ့အကြောင်း ကြားသိရပါတယ်။ ရုရှားဖက်ဒရေးရှင်းလက်ဝှေ့အဖွဲ့ချုပ် အနေနဲ့ စီနက်စကာယာရဲ့မိသားစုနဲ့ ထပ်တူဝမ်းနည်းမိပါတယ်။ အမျိုးသမီးလက်ဝှေ့လောကရဲ့ အအောင်မြင်ဆုံးလက်ဝှေ့မယ် စီနက်စကာယာကို ဆုံးရှုံးခဲ့ရတာဟာ ရုရှားလက်ဝှေ့လောကအတွက်သာမက ရုရှားနိုင်ငံအတွက် ကြီးမားတဲ့ဆုံးရှုံးမှုတစ်ရပ်ဖြစ်ပါတယ်။ စီနက်စကာယာမရှိတော့ပေမဲ့လဲ သူနဲ့ပတ်သက်တဲ့အမှတ်တရတွေကတော့ ထာဝရကျန်ရှိနေအုံးမှာ ဖြစ်ပါတယ်" ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ပျားသကာလိုစကားချို

**ဘုန်းသန့်စင်**

> ❖ စကားဆိုသည်မှာ လူအချင်းချင်းကြားက လူမှုဆက်ဆံရေး ကြားခံကိရိယာတစ်ခုပင်ဖြစ်သဖြင့် မပြော၍လည်းမဖြစ်ပေ။ ပြောသည့်အခါ ချိုသာယဉ်ကျေး၍ ပြောသူနှင့်ကြားသူနှစ်ဦးစလုံး အကျိုးရှိသော စကားများကို ပြောဖို့လိုလေသည်။ စကားဆိုသည်မှာ မိမိ၏ နှုတ်မှထွက်ကျလာသော အရာပင်ဖြစ်သဖြင့် ချိုလိုကချိုနိုင်၊ ခါးလိုကခါးနိုင်၊ ကြမ်းလိုကကြမ်းနိုင်သဖြင့် မိမိစိတ်ကို မိမိထိန်းကာ ချိုသာယဉ်ကျေး၍ အကျိုးရှိသော စကားများကို ပြောဆိုရမည်က မိမိတို့၏ တာဝန်ပင်ဖြစ်လေသည်။❖

**စကားဆိုတာလက်နက်တစ်မျိုး**

"စကား"ဆိုသည်မှာ လူတို့၏ ရင်တွင်းခံစားချက်များကို အခြားသူတစ်ဦးတစ်ယောက် သို့မဟုတ် အခြားသူများကို သိရှိစေရေး နှုတ်မှဖွင့်ဟဖော်ပြပေးသည့် နှုတ်ထွက်သံဖြစ်သည်။ ထိုနှုတ်ထွက်သံသည် ခံစားချက်ကိုဦးတည်၍ နှလုံးသားမှ မြစ်ဖျားခံကာ ထွက်ပေါ်လာသော အရာဖြစ်သည်။ နှလုံးသားအာဟာရတို့ ပြည့်ဝသူတို့၏ နှုတ်ဖျားမှ ထွက်ပေါ်လာသည့် နှုတ်ထွက်စကားတို့သည် အခြားသူများ၏ နှလုံးသားကို အေးမြနွေးထွေးစေပြီး စိတ်ဓာတ်ခွန်အားကိုဖြစ်စေသည်။ နှလုံးသားခက်ထန်ကြမ်းတမ်းသူတို့၏ နှုတ်ဖျားမှ ထွက်ပေါ်လာသော နှုတ်ထွက်သံတို့သည် ကြမ်းတမ်းခက်ထန်၍ အခြားသူများ၏ နားမှတစ်ဆင့် နှလုံးသားအတွင်းသို့ စီးဝင်သွားသည့်အခါတွင် လောင်မြိုက်ခြင်းကိုဖြစ်စေသည်။ လူတစ်ဦး၏ နှုတ်မှထွက်ကျလာသော စကားသံများကို နားထောင်ကြည့်၍ ထိုသူ၏ အဆင့်အတန်းနှင့် စိတ်နေသဘောထားကို ခန့်မှန်းနိုင်သည်။

စကားပြောဆိုရာတွင် မိမိ၏စကားကို ကြားနာရသူတို့အတွက် အကျိုးရှိပြီး နာယူလက်ခံနိုင်သည့် စကားတို့ကိုသာ ပြောဆိုသင့်ပေသည်။ လူတို့၏ သဘောသည် နှလုံးသားအာဟာရအေးမြသည့် စကားသံကလေး များကိုသာ ကြားလိုကြသဖြင့် မိမိပြောလိုသည့်စကားကို အေးဆေးတည်ငြိမ်စွာဖြင့် ပြောဆိုနိုင်ခြင်းသည် အနုပညာတစ်ပါးပင်ဖြစ်သည်။ "ကြမ်းကျုံလျှင် နုတ်၍ရသည်၊ စကားလွန်လျှင် နုတ်၍မရ" ဆိုသည်နှင့်အညီ နှုတ်မှပြောထွက်ပြီးသော စကားတို့သည် ပြန်လည်ပြင်ဆင်၍ မရတော့ဘဲတစ်ဖက်သား၏ နှလုံးသားအတွင်းသို့ စီးဝင်သွားကာ ထိခိုက်နစ်နာစေသဖြင့် ထိန်းထိန်းသိမ်းသိမ်း ပြောဆိုတတ်ရန်လိုပေသည်။

**ချိုသာယဉ်ကျေးလူချစ်ဆေး**

လူတို့၏ နားသည် ခါးသီးသည့် အာရုံများကို လက်မခံလိုကြဘဲ ချိုသာယဉ်ကျေးအေးမြသည့် အသံလေးများကိုသာ လက်ခံလိုကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ ချိုသာစွာမြည်ကြွေးသည့် ငှက်ကလေးများ၏ တေးဆိုသံများက အစပြု၍သာယာငြိမ့်ညောင်းသည့် ဂီတသံကလေးများထိ နားသောတဆင်လိုကြသော အာရုံရှိကြသည်မှာ လူတိုင်းပင်ဖြစ်သည်။ ကိုယ်တိုင်ကမူ ရင်တွင်းအေးမြ၍ နှလုံးသားကို နွေးထွေးသွားစေသည့် အသံကလေးများကိုသာ လက်ခံလိုကြသည်ဟု ဆိုပါလျှင် အခြားသူများ၏ နားဝတွင် မခံသာစေသည့် ခက်ထန်ကြမ်းတမ်းသော စကားများကို မပြောမိစေရန် မိမိတို့၏ နှုတ်ကိုမိမိတို့ကိုယ်တိုင် ထိန်းသိမ်းကြရန်လိုသည်။

လူတိုင်းက နူးညံ့သိမ်မွေ့သော အရသာကိုသာ ထိတွေ့ခံစားကာ နှလုံးသားကို အေးမြလိုကြသည်။ နှလုံးသားခံစားချက် နူးညံ့သည့်အတိုင်း ခန္ဓာကိုယ်က လိုက်ပါဆောင်ရွက်လိုကြသည်။ ခက်ထန်ကြမ်းတမ်းသည့် အရာများကို နှလုံးသားက လက်ခံလေ့မရှိသဖြင့် ကြမ်းတမ်းသော စကားများဖြင့် ပြောဆိုမှုတို့ကို လိုက်ပါဆောင်ရွက်လိုခြင်းမရှိကြပေ။ သို့ဖြစ်ရာ လူမှုဆက်ဆံရေးနယ်ပယ်တွင် မိမိတို့အလိုရှိရာ လိုက်ပါဆောင်ရွက်နိုင်ရေး စည်းရုံးသိမ်းသွင်းဆွဲဆောင်ကြရာတွင် ချိုသာယဉ်ကျေးသော စကားများဖြင့် ပြောကြားသိမ်းသွင်းကြရန်လိုသည်။ နှုတ်အမူအရာ ချိုသာယဉ်ကျေးသူများကို လူမှုပတ်ဝန်းကျင်က လက်ခံလိုကြပြီး ယုတ်ရင်းကြမ်းတမ်းသော စကားများဖြင့် ပျော်မွေ့တတ်သူကိုလူမှုပတ်ဝန်းကျင်က လက်သင့်မခံလိုကြပေ။

**အတိတ်ကဇာတ်လမ်းလေး**

သတ္တဝါတို့တွင် အဆင့်အတန်းအမြင့်ဆုံးဟု သမုတ်ခြင်းခံရပြီး အာရုံငါးပါးတို့ကို လွန်စွာမှီခိုတတ်သည့် လူသားတို့ကိုပင်မဆိုထားနှင့် အဟိတ်တိရစ္ဆာန်များသည်ပင် ချိုသာယဉ်ကျေးသော အပြုအမူများကိုသာ လက်ခံလိုကြသည်။ ဂန္ဓာရတိုင်း၊ တက္ကသိုလ်ပြည်တွင် နေထိုင်သော ပုဏ္ဏားတစ်ယောက်တွင် အလွန်လှပပြီး သန်စွမ်းကျန်းမာသော နွားလားဥသဘ တစ်ကောင်ရှိလေသည်။ ပုဏ္ဏားကြီးကလည်း နွားလားဥသဘကို လွန်စွာနှစ်သက်မြတ်နိုးသဖြင့် ကောင်းစွာကျွေးမွေး၍ နန္ဒိဝိသာလအမည်ပေးထားလေသည်။ ချစ်ခင်စွာ ပြုစုကျွေးမွေးထားသဖြင့် နန္ဒိဝိသာလသည် အရှင်သခင်၏ ကျေးဇူးကို ပြန်ဆပ်ရန် နည်းလမ်းရှာဖွေလေသည်။ တစ်နေ့သ၌ နန္ဒိဝိသာလက ပုဏ္ဏားကို "အရှင် သူဌေး ဂေါဝိတ္တထံသွား ငါ၏နွားသည် တစ်စီးနှင့် တစ်စီး တွဲဆက်ထားသည့်ကုန်အပြည့်ပါသော လှည်းတစ်ရာကို အသာပင် ဆွဲရုန်းနိုင်သည်။ မယုံပါက လောင်းကြေးအသပြာ တစ်ထောင်ကြေးလောင်းပါ။ နိုင်ပါလိမ့်မည်"ဆိုလေသည်။

ပုဏ္ဏားလည်း နန္ဒိဝိသာလနွားလားဥသဘစကားအတိုင်းဂေါဝိတ္တထံသွား၍ အလောင်းအစား ပြုလေသည်။ သတ်မှတ်နေ့သို့ရောက်သောအခါ ဝန်အပြည့်တင်ထားပြီး တွဲဆက်ထားသည့် လှည်းတစ်ရာကို နွားလားဥသဘ နန္ဒိဝိသာလအားဆွဲရုန်းစေသည်။ ပုဏ္ဏားလည်းနှင်တံကို ကိုင်မြှောက်လျက် နွားလားဥသဘကို ရိုက်နှက်ကာ "ဟဲ့နွား၊ သွားပါလေ။ ကောက်ကျစ်သော နွားရုန်းပါလေ" စသည်ဖြင့် ကြမ်းတမ်းခက်ထန်သော စကားများဖြင့် ဆဲဆိုကြိမ်းမောင်းရိုက်နှက်၍ ဆွဲစေသည်။ ထိုအခါ နွားလားဥသဘက နေရာမှတစ်ဖဝါးမှပင် မခွာဘဲခြေစုံချ၍ ရပ်နေသဖြင့် လောင်းကြေးအသပြာတစ်ထောင် ရှုံးသွားလေသည်။

**ကောင်းသောအကျိုးကို ရစေနိုင်**

လောင်းကြေးအသပြာတစ်ထောင်ကို ရှုံးပြီး အိမ်ကိုပြန်ခဲ့ရသည့် ပုဏ္ဏားသည် စိတ်ပင်ပန်းနွမ်းလျကာ အိပ်ရာထက်တွင် ခွေ၍နေလေသည်။ ထိုအခါ နန္ဒိဝိသာလက "သခင် အဘယ့်အတွက်ကြောင့် စိတ်ပင်ပန်းနွမ်းလျကာ အိပ်ရာထက်တွင် ခွေနေရပါသနည်း" ဟုမေးလေသည်။ "အသင် နန္ဒိဝိသာလ အသင်ပြောသည့်အတိုင်း လောင်းသဖြင့် ငါသည် လောင်းကြေးအသပြာတစ်ထောင်ရှုံးရသည်။ ထို့အတွက်ကြောင့် စိတ်ပင်ပန်းဆင်းရဲနေရသည်" ဟုအပြစ်တင်ပြောဆိုလေသည်။ "သခင် သခင်အိမ်၌နေစဉ်အခါ ကျွန်ုပ်အတွက်နှင့်သင်၏ အကျိုးစီးပွားမည်မျှဆုံးရှုံးဖူးပါသနည်း" ဟု နန္ဒိဝိသာလက ပြန်မေးလေသည်။ ထိုအခါမှ ပုဏ္ဏားကြီးက "မဆုံးရှုံးဖူးပါ" ဟု ဖြေကြားရာ "သင်အားမည်သည့်အခါတွင်မှ ဒုက္ခမပေးခဲ့ဘူးသော ငါ့အား အဘယ်အတွက်ကြောင့် ဆဲဆိုကြိမ်းမောင်းရိုက်နက်ကာ မိုက်သော နွားဟုပြောပါသနည်း"ဟု နန္ဒိဝိသာလက ပြန်ပြောလေသည်။

"သခင် သခင့်၏ အကျိုးစီးပွားကိုထိခိုက်အောင် မလုပ်ခဲ့မိပါသော ငါ့အားနှုတ်ထွက်စကား ကြမ်းတမ်းစွာဖြင့် မိုက်သောနွားဟု ပြောကြားသဖြင့် ငါလှည်းတစ်ရာကို မဆွဲခဲ့ခြင်းသာဖြစ်သည်။ ယခုအကြိမ်တွင် အသပြာနှစ်ထောင်ကြေးလောင်းပါလေ။ သင်၏ နှုတ်မှကြမ်းတမ်းသောစကားကိုသာ မထွက်မိအောင် ဆင်ခြင်ပါလေ" ဟု နန္ဒိဝိသာလက ဆိုလေသဖြင့် ပုဏ္ဏားလည်း သူဌေးထံထပ်သွားကာ နှစ်ထောင်ကြေးလောင်းပြန်လေသည်။ ပြိုင်ပွဲနေ့ရောက်သောအခါ ပုဏ္ဏားလည်း နွားလားဥသဘ နန္ဒိဝိသာလကို ချော့မော့ပွတ်သပ်၍ "လိမ္မာသော နွားလှည်းများကိုဆွဲပါလေ" ဟု ချိုသာစွာပြောသည့်အခါ နွားလားဥသဘကလှည်းတစ်ရာကို အသာပင် ဆွဲရုန်းပြလေသည်။

နွားလားဥသဘကလှည်းတစ်ရာကို အသာ အယာဆွဲယူပြသည့်အခါ ပုဏ္ဏားကြီးလည်း လောင်းကြေးငွေအသပြာနှစ်ထောင်ကို ရလေသည်။ ထို့ပြင် ပွဲသို့လာကြည့်ကြသည့် မင်းပရိသတ်တို့ကလည်း နွားလားဥသဘ၏ ခွန်အားကို လွန်စွာအံ့သြချီးမွမ်းမိကြပြီး ရွှေငွေအသပြာများဆုချသဖြင့် ပုဏ္ဏားလည်း များစွာသော အသပြာများကို ပိုက်၍ပျော်ရွှင်စွာဖြင့် အိမ်ပြန်သွားရလေသည်။ လူတို့သည် ရင်တွင်းဆန္ဒဒေါသများဖုံးလွှမ်းသွားသည့်အခါတွင် ခါးသီးကြမ်းတမ်းသော စကားများကို ပြောမိကြလေသည်။ ကိုယ်လက်မစောင့်စည်းမှုကြောင့် အနာတရဒဏ်ရာရရုံသာဖြစ်သော်လည်း နှုတ်မစောင့်စည်းမိပါက ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်နိုင်ပြီး အသက်ပင်သေနိုင်သည်ထိ ဖြစ်နိုင်သဖြင့် "နှုတ်ကြောင့်သေ၊ လက်ကြောင့် ကျေ" ဆိုသော ရှေးစကားပုံထားရှိခဲ့ခြင်းဖြစ်သည်။

**ပြောသင့်သာစကားကိုပြောပါ**

စကားဆိုသည်မှာ လူအချင်းချင်းကြားက လူမှုဆက်ဆံရေးကြားခံကိရိယာတစ်ခုပင်ဖြစ်သဖြင့် မပြော၍လည်းမဖြစ်ပေ။ ပြောသည့်အခါ ချိုသာယဉ်ကျေး၍ ပြောသူနှင့်ကြားသူနှစ်ဦးစလုံး အကျိုးရှိသော စကားများကို ပြောဖို့လိုလေသည်။ စကားဆိုသည်မှာ မိမိ၏ နှုတ်မှထွက်ကျလာသော အရာပင်ဖြစ်သဖြင့် ချိုလိုကချိုနိုင်၊ ခါးလိုကခါးနိုင်၊ ကြမ်းလိုကကြမ်းနိုင်သဖြင့် မိမိစိတ်ကို မိမိထိန်းကာ ချိုသာယဉ်ကျေး၍ အကျိုးရှိသော စကားများကို ပြောဆိုရမည်ကမိမိတို့ ၏ တာဝန်ပင်ဖြစ်လေသည်။

"စကားခြောက်ခွန်း၊ လူ၌ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတည်" ဆိုသည့် မြတ်စွာဘုရားဟောကြားသည့်တရားနှင့်အညီ လူမှုပတ်ဝန်းကျင်တွင် ကျင်လည်ရာ၌ လူမှုဆက်ဆံရေးပညာကို ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချဖို့လိုသည်။ "၁၊ ဟုတ်မှန်၊ အကျိုးရှိ၊ သူနာလို – အကျိုးရှိပြီးမှန်သော စကားဖြစ်သကဲ့သို့ တစ်ဖက်သားနာခံလိုသောစကား။ ၂၊ ဟုတ်မှန်၊ အကျိုးရှိ၊ သူမနာလို – အကျိုးရှိပြီးမှန်သောစကားဖြစ်သော်လည်း တစ်ဖက်သားမနာခံနိုင်သည့်စကား။ ၃၊ ဟုတ်မှန်၊ အကျိုးမရှိ၊ သူနာလို – မှန်ကန်ပြီးတစ်ဖက်သားနာခံလိုသော်လည်း အကျိုးမရှိသည့်စကား။ ၄၊ ဟုတ်မှန်၊ အကျိုးမရှိ၊ သူမနာလို – ဟုတ်မှန်သော်လည်းအကျိုးမရှိသကဲ့သို့ တစ်ဖက်သားမနာခံနိုင်သည့်စကား။ ၅၊ မဟုတ်မမှန်၊ အကျိုးမရှိ၊ သူနာလို – မဟုတ်မမှန်သည့်စကားဖြစ်ပြီး အကျိုးမရှိသော်လည်းတစ်ဖက်သားနာခံနိုင်သည့်စကား။ ၆၊ မဟုတ်မမှန်၊ အကျိုးမရှိ၊ သူမနာလို – မဟုတ်မမှန်သည့်စကားဖြစ်ပြီး အကျိုးမရှိသကဲ့သို့ တစ်ဖက်သားမနာခံနိုင်သည့်စကား" ဆိုသည့် လောကလူ့ရွာ၌ လူတို့ပြောနေကြသည့် စကားခြောက်မျိုးရှိလေသည်။ ထိုစကားခြောက်မျိုးအနက် ပြောသူ၊ နားထောင်သူ နှစ်ဦးနှစ်ဖက်အကျိုးရှိသည့် "ဟုတ်မှန်၊ အကျိုးရှိ၊ သူနာလို" သောစကားနှင့် "ဟုတ်မှန်၊ အကျိုးရှိ၊ သူမနာလို" သော စကားနှစ်ခွန်းကိုသာ သုံးစွဲအပ်သည်ဟု မြတ်စွာဘုရားရှင်ကဟောကြားခဲ့သည်။

**သတိရှိကြပါစေ**

လူမှုပတ်ဝန်းကျင်တွင် ဘဝဇာတ်ခုံပေါ်သို့ တက်ခါစလူငယ်များအနေဖြင့် "တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ချိုလှစေ" ရှင်မဟာရဋ္ဌသာရ၏ လူမှုကျင့်ဝတ်ဆုံးမနှင့်အညီ ချိုသာယဉ်ကျေးသော စကားများဖြင့်ပြောဆိုဆက်ဆံ၍ လူမှုဆက်ဆံရေးပညာကို အကျိုးရှိစွာအသုံးချဖို့လိုသည်။ လူမှုပတ်ဝန်းကျင်ကို တိုးဝင်ကာစလူငယ်များအနေဖြင့် "စကားအရာအင်္ဂါလေးတန်" ဆိုသကဲ့သို့ မိမိပြောသောစကားသည် "သုဘာသိတ – ပြေပြစ်စွာ ပြောခြင်း။ ပိယဝါစာ – ချစ်နှစ်သက်ဖွယ် ပြောခြင်း။ သစ္စာ–ဟုတ်တိုင်းမှန်ရာပြောခြင်း။ ဓမ္မ–တရားသဖြင့်ပြောခြင်း" စသည့် စကားအရာအင်္ဂါလေးပါးနှင့် ပြည့်စုံစေရေးကြိုးစားရမည်သာဖြစ်သည်။

လူမှုဆက်ဆံရေးကိရိယာ တစ်ခုဖြစ်သည့် စကားဆိုသော ထိုအရာကိုအလကားရသည့် လေဖြင့် ပြောဆိုနေကြသည်။ အလကားရသည့် လေဖြင့် ပြောသောစကားများသည် အလကားမဖြစ်သွားစေရေးကြိုးစားပြောဆိုကြရမည်ကမိမိတို့၏ တာဝန်ပင်ဖြစ်သည်။ "သုဘာသိတာစ ယာဝါစာ–မှန်ကန်ယဉ်ကျေးချိုသာအေး၊ ဆိုရေးတတ်ပါစေ" ဆိုသည့် ၃၈ ဖြာမင်္ဂလာတရားတော်နှင့်အညီ လူမှုဆက်ဆံရေးနယ်တွင် ကျင်လည်ကြရမည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် အင်္ဂါလေးဖြာနှင့်ပြည်စုံပြီးကောင်းသောအကျိုးရှိသော စကားများကို ပြောဆိုခြင်းဖြင့် ဘဝခရီးလမ်းကိုချောမွေ့စွာ လျှောက်လှမ်းနိုင်ကြမည်ဖြစ်ပေသည်။

**ကိုးကား**

- နန္ဒိဝိသာလဇာတ်၊ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုများ၊
- နေ့စဉ်ထုတ်သတင်းစာများ။

# ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ကြီး၌ သီတင်းကျွတ်လပြည့်ည ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကျင်းပမည်


ယခင်နှစ်က ဗိုလ်တထောင်စေတီတော် ဆီမီး ၉၀၀၀ ပူဇော်ပွဲကို တွေ့ရစဉ်။

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ကြီး၌ သီတင်းကျွတ်လပြည့်ည ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲ ကျင်းပမည်ဖြစ်ကြောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ကြီး ဂေါပကအဖွဲ့ဝင် ဦးသိန်းစုထံမှ သိရသည်။

သီတင်းကျွတ် လပြည့်ဖြစ်သော အောက်တိုဘာ ၆ ရက် နံနက် ၅နာရီမိနစ် ၃၀ တွင် စေတီတော်ကြီးတွင်ရှိသည့် ဗုဒ္ဓဆင်းတုတော်များကို ပန်း၊ ရေချမ်း၊ ဆီမီးများနှင့်အတူ အရုဏ်ဆွမ်းကပ်လှူမည်ဖြစ်ပြီး နံနက် ၇ နာရီမှစတင်ကာ နန်းဦးတန်ဆောင်းတွင် အဘိဓမ္မာ အခါတော်နေ့ဆိုင်ရာ အဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း အစီအစဉ်များကို ပြုလုပ်သွားရန် ပြင်ဆင်ထားကြောင်း သိရသည်။

"မနက်ပိုင်းမှာက အရုဏ်ဆွမ်းကပ်ကြမှာပါ။ ညနေပိုင်းကစပြီး ဆီမီးပူဇော်ပွဲလုပ်မယ်။ ညနေ ၅ နာရီ မိနစ် ၃၀ မှာ ဘုရားဝင်းထဲက တိုးချဲ့ရင်ပြင်တော်မှာ လုပ်မှာပါ" ဟု ဦးသိန်းစုက ပြောပြသည်။

သီတင်းကျွတ်လပြည့်ဖြစ်သည့် အောက်တိုဘာ ၆ ရက် ညနေပိုင်းမှစတင်ကာ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် တိုးချဲ့ရင်ပြင်တော်တွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကို ကျင်းပမည်ဖြစ်သည့်အတွက် ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ကုသိုလ်ပြုကာ ပါဝင်နိုင်ရန်နှိုးဆော်ထားလျက်ရှိကြောင်း သိရသည်။ ASH

# ဆုံမှတ်ဇာတ်လမ်းတွဲကို အောက်တိုဘာ ၁၃ ရက်မှစ၍ Hey Play Application၊ HEY Play YouTube Channel တို့မှ ထုတ်လွှင့်တင်ဆက်မည်

**ရန်ကုန် စက်တင်ဘာ ၂၉**

ဆုံမှတ် ဇာတ်လမ်းတွဲကို အောက်တိုဘာ ၁၃ ရက်မှစ၍ Hey Play Application၊ HEY Play YouTube Channel တို့မှ ထုတ်လွှင့်တင်ဆက်မည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို တာဝန်ယူပုံဖော်ရိုက်ကူးသူ ဒါရိုက်တာ အဂ္ဂမာန်က ပြောပြ၍ သိရသည်။

ဆုံမှတ်ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ခွန်သာချိုက ရေးသားပြီး ယုန်လေး(TMK)၊ အင်ကြင်းဦး၊ မေမြတ်ချမ်းသာတို့က ဇာတ်ညွှန်းရေးသားကာ Real Brother Film Production အတွက် ဒါရိုက်တာ အဂ္ဂမာန်က တာဝန်ယူရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲမှာ စိတ်သဘောထားဖြောင့်မတ်ပြီး အမှန်တရားကိုမြတ်နိုးသူ မိဘအပေါ် သိတတ်လိမ္မာတဲ့ အစ်ကိုကြီး ဒီပါအဖြစ် သရုပ်ဆောင် ထွန်းထွန်းကိုမြင်ရမှာဖြစ်သလို ညီအစ်ကိုနှစ်ယောက်ထဲမှာမှ ကိုကြီးဒီပါလို အနေမအေးဘဲ ဓမ္မနဲ့ အဓမ္မကြားမှာဒွိဟဖြစ်နေသူ ညီလေး အာရွန်အဖြစ် ကိုထွန်းမင်းက ပါဝင်သရုပ်ဆောင်ထားပါတယ်။ ကိုယ်ကျိုးစီးပွားကိုသာ ကြည့်တတ်ပြီး မိန်းမခိုင်းသမျှ လုပ်ဆောင်ရသူ ဦးသက္ကာအဖြစ် တင်မောင်ဆန်းမင်းဝင်းနဲ့အတူ အပြိုင်ဇာတ်ရုပ် ဦးမင်းဝေအဖြစ် မင်းဟိဏ်း တို့ကို မြင်ရမှာပါ။ သူတို့တွေကြားက မြုပ်ကွက်တွေ ရှုပ်ကွက်တွေကို ဘယ်လိုပုံဖော်ထားသလဲဆိုတာ တော့ အောက်တိုဘာ ၁၃ ရက်မှာ မြင်ရတော့မှာပါ"ဟု ဒါရိုက်တာ အဂ္ဂမာန်က ပြောပြသည်။




ဆုံမှတ် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ထွန်းထွန်း၊ ထွန်းမင်း၊ မင်းဟိဏ်း၊ တင်မောင်ဆန်းမင်းဝင်း၊ ခွန်သာချို၊ ဒေါင်းဝေ၊ ရဲသွေးသီဟ၊ နေခြည်ရွှန်းလက်၊ သုန္ဒြေဦး၊ သာသာ၊ မိုးမြင့်မြတ်စိုးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Zero K လျှို့ဝှက်သည်းဖိုသိပ်ပွဲဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်အယ်မာရီဒါ တာဝန်ယူရိုက်ကူးမည်ဖြစ်



**နယူးယောက် စက်တင်ဘာ ၂၉**

Zero K အမည်ရှိ လျှို့ဝှက်သည်းဖိုသိပ်ပွဲဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်အယ်မာရီဒါက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

Zero K ဇာတ်ကားသည် စာရေးဆရာ ဒယ်လီလို၏ Zero K အမည်ရှိ ဝတ္ထုကိုအခြေခံရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားတွင် မင်းသား ကာလက်လန်ဒရီဂျုံး၊ ပီတာဆားဂဲ့နှင့် မင်းသမီး အန်ဒရီယာရိုက်ဘရော့တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Zero K ဇာတ်ကားကို ၂၀၂၆ ခုနှစ် အစောပိုင်းတွင် ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုမြို့၌ စတင်ရိုက်ကူးရန် ထုတ်လုပ်သူများက စီစဉ်ထားသည်။

Zero K ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဒါရိုက်တာ မိုက်ကယ်အယ်မာရီဒါ ကိုယ်တိုင်ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိတွင် Zero K ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# Spaceballs-2 ဟာသသိပ္ပံဇာတ်ကား ထုတ်လုပ်မှု Amazon MGM စတင်နေ

**နယူးယောက် စက်တင်ဘာ ၂၉**

Spaceballs–2 ဇာတ်ကားသစ်ထုတ်လုပ်မှုလုပ်ငန်းကို Amazon MGM စတူဒီယိုက စတင်နေပြီဖြစ်ကြောင်း စက်တင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် Space–balls–2(1987) ဟာသသိပ္ပံဇာတ်ကား၏နောက်ဆက်တွဲဇာတ်ကားသစ်ဖြစ်သည်။

Spaceballs–2 ဇာတ်ကားသစ်တွင် မူလ Spaceballs–2 ဇာတ်ကားမှ မင်းသား ရစ်မိုရာနစ်၊ ဘီပူးမင်းနှင့် မင်းသမီး ဒက်ဖနီဇူနီဂါတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။


Spaceballs–2 ဇာတ်ကားကို ဒါရိုက်တာ ဂျို့ဂရင်းဘောင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဘင်ဂျီဆာမစ်နှင့် ဒန်းဟာနန်ဒက်တို့က ရေးသားပေးထားကြောင်း သိရသည်။

Spaceballs–2 ဇာတ်ကားကို ၂၀၂၇ ခုနှစ်အတွင်း ရုံတင်ပြသရန် Amazon MGM စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# The Social Reckoning ဇာတ်ကား၌ မင်းသားကြီး ဘီဘား ပါဝင်သရုပ်ဆောင်ဖွယ်ရှိ

**နယူးယောက် စက်တင်ဘာ ၂၉**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ The Social Reckoning ဇာတ်ကားသစ်၌ ဟာသမင်းသားကြီး ဘီဘား ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း စက်တင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် မင်းသား ဘီဘာသည် The Social Reckoning ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

အပြီးသတ် သဘောတူညီချက်ရရှိခဲ့ပါက မင်းသား ဘီဘားသည် မင်းသား ဂျရမီအယ်လင်ဝိုက်၊ ဂျရမီစထရောင်း၊ မင်းသမီး မစ်ကီမက်ဒီဆင်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

The Social Reckoning ဇာတ်ကားသည် The Social Network(2010) ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားသစ်ဖြစ်ကြောင်း သိရသည်။

The Social Reckoning ဇာတ်ကားကို ဒါရိုက်တာ အေရွန်ဆော်ကင်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။


The Social Reckoning ဇာတ်ကားကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင်ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing meets member of the Standing Committee of the Yunnan Provincial Committee of the Chinese Communist Party and Secretary of Political and Legal Affairs Commission of the Yunnan Provincial Committee Mr. Hu Dapeng


Senior General Min Aung Hlaing holds talks with Mr. Hu Dapeng, member of the Standing Committee of the Yunnan Provincial Committee of the Chinese Communist Party and Secretary of Political Legal Affairs Commission of the Yunnan Provincial Committee.


**Nay Pyi Taw September 29**

The high-level Myanmar delegation led by Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who was on a working visit to Kazakhstan at the invitation of its President H.E. Mr. Kassym-Jomart Tokayev, left Astana Airport in Kazakhstan for the Republic of Union of Myanmar by special flight this morning.

The special flight carrying the Senior General made a stopover at Kunming Airport in Kunming, the People's Republic of China, and was warmly welcomed by member of the Standing Committee of the Yunnan Provincial Committee of the Chinese Communist Party and Secretary of Political Legal Affairs Commission of the Yunnan Provincial Committee Mr. Hu Dapeng, Special Envoy for Southeast Asia of the Ministry of Foreign Affairs of PRC H.E. Mr. Deng Xiju and officials at the airport.

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing held talks with Mr. Hu Dapeng at the airport lounge, and a wide array of views on strong paukphaw-relations between China and Myanmar, which are two good neighbours and trusted friends, Chinese aid that arrives in time every time Myanmar faces a natural disaster, including an earthquake and further assistance that will come, bilateral cooperation China and Myanmar is going to carrying out at full throttle for maintaining peace and stability at the common border, cooperation in anti-cross-border crime, soonest completion of the projects and agreements contained in the China-Myanmar economic corridor, promotion of connections and trade between Myanmar and Yunnan Province of China, further strengthening beneficial relations between the two countries and peoples were cordially exchanged.

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and delegation continued their homebound flight, and were seen off by Mr. Hu Dapeng and party. 100


Senior General Min Aung Hlaing being welcomed at Kunming Airport.


Senior General Min Aung Hlaing being seen off at Kunming Airport.

# Iranian FM says reviving UNSC resolutions "unilateral rewrite" of int'l law

**Tehran September 29**

Iranian Foreign Minister Seyed Abbas Araghchi said on Sunday that attempts by European countries and the United States to revive terminated United Nations Security Council (UNSC) resolutions against Iran constitute a "unilateral rewriting" of international law.

In a letter addressed to his foreign counterparts, Araghchi said that those "assertions" must be rejected as they, among other things, contradict the spirit of Resolution 2231 that endorses a 2015 nuclear deal between Iran and world powers, formally known as the Joint Comprehensive Plan of Action (JCPOA).

He said Resolution 2231 terminated the previous UNSC resolutions on Iran's nuclear program, including all sanction measures, and set out a clear time-bound framework, under which all nuclear-related restrictions would permanently expire on Oct. 18, 2025. The resolution, he added, gave no country unilateral authority to alter, reinterpret or extend its provisions. Xinhua

# Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing replies to questions raised by media aboard the special aircraft

**Nay Pyi Taw September 29**

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing paid working visits to the Russian Federation at the invitation of President of the Russian Federation Vladimir Vladimirovich Putin and to the Republic of Kazakhstan at the invitation of President of the Republic of Kazakhstan Mr Kassym-Jomart Tokayev. Yesterday morning, the high-level Myanmar delegation left the Astana Airport of Kazakhstan, and those delegation members were seen off at the airport by First Deputy Prime Minister of Kazakhstan Mr Roman Sklyar of Kazakhstan, Myanmar Ambassador to the Russian Federation U Thit Linn Ohn, and officials.

On his way back to Myanmar, the Acting President and SSPC Chairman of the Republic of the Union of Myanmar replied to queries raised by media aboard the aircraft and the full text of the question and answer session is presented as follows:-

**Q: As the Acting President, by attending the "World Atomic Week Forum" held at the Atom Museum in Moscow, the Russian Federation, what benefits have we gained for Myanmar and its citizens? I would like to understand in which sectors these benefits for the State can be effectively realized.**

**Ans:** I attended the World Atomic Week Forum in Moscow at the invitation of President Putin. At the forum, I had the opportunity to meet with President Putin, the Belarusian President, the Prime Ministers of Armenia and Ethiopia, other leaders, and the Director General of the IAEA. We were able to discuss areas for potential bilateral cooperation. This was a unique conference, primarily focused on exchanging views regarding the peaceful use of nuclear energy. As a member country of the IAEA, Myanmar also participated in discussions on how nuclear energy can be used for human-beneficial purposes. The benefits we gained from attending the forum are considerable.

**Q: During the trip to the Russian Federation and the Republic of Kazakhstan, it is observed that the Acting President of the Republic of the Union of Myanmar held several meetings and discussions. Please explain what benefits or positive outcomes were achieved for our country through these discussions.**

**Ans:** I was able to have a separate meeting with President Putin. Such a meeting was held in March. Based on the outcomes of that meeting, we reviewed the progress and assessed the situation. Both sides evaluated the results and discussed how to further expand areas of cooperation. Initially, our discussions focused on trade and investment, energy, transportation, defense cooperation, as well as collaboration in space and nuclear sectors.



**Senior General Min Aung Hlaing replies to media questions aboard the special aircraft.**

Similarly, upon arriving in Kazakhstan, I held a meeting and discussions with the President of Kazakhstan. This was our second discussion, the first having taken place in March. Based on the outcomes of the initial meeting, we discussed which sectors to further expand, where to make investments in Myanmar, and how Myanmar's products could be used to produce high-value goods in Kazakhstan. We also explored collaboration in science and technology, as well as urban development sectors. I can say that the discussions produced very positive results.

**Q: I know you are the first-ever Head of State of Myanmar as the Acting President paying the visit to Kazakhstan. I would like to know whether, in the future, cooperation and investment between Myanmar and Kazakhstan can be further expanded and strengthened.**

**Ans:** As I mentioned earlier, this was my second meeting with the President of Kazakhstan. Myanmar and Kazakhstan have maintained diplomatic relations for 26 years. Diplomatic ties were established on 26 September 1999, and I arrived there on the 27 September, one day after the relation date. So, it coincided with the 26th anniversary, which was a special occasion. The Kazakh President also highlighted this significance. This was the first visit by a Myanmar head of state to Kazakhstan, marking a new step in bilateral relations. As I mentioned earlier, we were able to discuss areas of economic cooperation, future investment opportunities, collaboration in science and technology, education, and healthcare. Kazakhstan is a developed country, rich in natural resources, especially underground resources such as oil and natural gas, as well as copper, gold, chromium, and iron. Kazakhstan is one of the world's top exporting countries. It is also engaged in both agriculture and livestock activities. Their wheat ranks among the best globally, based on sample testing. Similarly, Myanmar's main export product is Pawsan rice, which has attracted considerable interest. Discussions were held on how Myanmar could export this product. Overall, the opportunity to meet and engage revealed that both countries are eager to expand bilateral cooperation across various sectors with enthusiasm and commitment.

**Q: When building a modern, developed, and progressive nation, the Head of State and the State Government are laying out and implementing various processes from all sides. Additionally, as the Acting President, could you please explain how the citizens should actively come together and collaborate in this endeavour?**

**Ans:** Primarily, we need to strive from all aspects. On one hand, despite political differences of opinion, it is necessary to work with a broad vision, aiming for the benefit of the Union. I see a weakness in what some are saying. Mainly, it's about what some are saying regarding political, religious, and ethnic issues. We believe it would be better if these statements and actions were made with an even broader perspective. On the other hand, we also need our own efforts. The efforts should be in two parts. One part must focus on education. This is undeniable. I see that the actual situation in the country is one of educational weakness. Secondly, it is production and work. We must definitely do these two things. I have said this before. We used to rely on selling natural resources. We might sell mineral resources, oil and gas resources, and forestry products. However, our exports of products that require work and production are weak. I point this out.

Therefore, we need to utilize the land, water, forests, and mountains we have and move into manufacturing industries. That is a solid enterprise. Selling raw natural resources, as mentioned earlier, is not a solid enterprise. A solid enterprise requires work. When I went to Kazakhstan, I noticed something. They present three sectors in their GDP: the large agricultural sector, the large industrial sector, and the large service sector. I noticed their agricultural sector is quite small. I saw that the industrial and service sectors are quite large. The agricultural sector is only about 20 percent. They probably also realize this. I see they are quite supportive of agricultural production. They say that if you come to their country to work, they grant permission within a very short period. In our case, regarding production, everyone needs to be interested. We must first start with production rather than just trade, and through production, generate national income. I want to say that the State needs to take note of this.

**Q: This trip has been a successful one, and I am also proud and pleased to witness the efforts the Acting President carried out day and night. As the Acting President, could you also share the successes achieved during this trip?**

**Ans:** It is a successful trip. When we went, we were able to sign a cooperation agreement concerning nuclear affairs. Another time, we were able to sign a cooperation agreement related to space. An agreement has been reached on these two matters. That also marks the beginning of new steps for the country. Another is Kazakhstan. Kazakhstan officially gained independence only after 1991. But its historical foundation is very deep. When they utilize their human resources and natural resources, the current progress is clearly visible. Similarly, the construction of Astana city started only a little earlier than our Nay Pyi Taw. Due to the favourable terrain, the construction efforts were impressive and provided examples to learn from. I went and observed. We can also consider and implement how to carry out such progressive urban development in our country. This is also a success I would like to mention. 100

# UK records unprecedented migrant boat arrival

**London September 29**

A small boat carrying 125 people crossed the English Channel from France to the UK on Saturday, the largest number ever recorded on a single vessel, Bloomberg has reported, citing the Home Office.

The previous record was set in August, when 107 people arrived on what the British media described as a "mega-dinghy."

The latest crossing comes despite Prime Minister Keir Starmer's pledge to "smash" the smuggling gangs behind the journeys. It also follows the appointment of new Home Secretary Shabana Mahmood, who has called small boat crossings "utterly unacceptable" and promised to "explore all options" to address the issue.

Official figures show that around 33,000 people have crossed into the UK since the start of the year, the highest total for this point in the year since records began in 2018, according to The Independent.

RT

# High-level delegation that could enhance friendship with the Russian Federation and the Republic of Kazakhstan led by Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing arrives back in Myanmar



Senior General Min Aung Hlaing being seen off at the Astana International airport.



Senior General Min Aung Hlaing being welcomed back at the Tatmadaw Airport in Nay Pyi Taw.

**Nay Pyi Taw September 29**

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, at the invitation of the President of the Russian Federation H.E Vladimir Valdimirovich Putin, visited the Russian Federation on a working visit and at the invitation of President of the Republic of Kazakhstan President H.E. Mr. Kassym -Jomart Toskayew, visited the two countries and left the Astana International airport for the Republic of the Union of Myanmar this morning, seen off by Deputy Prime Minister-1 Mr. Roman Skylar, Myanmar ambassador for the Russian Federation U Thit Lin Ohn and officials.

The entourage of the Senior General, Secretary of the commission Joint Executive Chief General Ye Win Oo, member of the commission Union Minister for Foreign Affairs U Than Swe, union ministers U Nyan Tun, U Ko Ko Lwin, Dr Thet Khaing Win, Mandalay Region Chief Minister U Myo Aung, deputy ministers and senior military officers, military and civilian official arrived backed in Myanmar.

Then, the high-level delegation led by the Senior General arrived back at the Tatmadaw Airport in Nay Pyi Taw and welcomed back by Vice Chairman of the commission Vice-Senior General Soe Win, members of the commission, member of the commission Prime Minister U Nyo Saw, member of the commission Chief Executive U Aung Lin Dwe, members of the commission, union ministers, Russian ambassador to Myanmar H.E. Mr . Iskander Azizov, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command and officials from the Russian Embassy office of the military attaché in Myanmar.

100

# Local farmers to plant 2,200 acres of green gram in Kawlin District this year

**Kawlin September 29**

Statistics of Kawlin District Agriculture Department stated that local authorities set a plan to grow 2,200 acres of green gram as cold season crops in Kawlin District of Sagaing Region this year.

In 2025-26 winter crops cultivation season, Kawlin Township will grow 1,235 acres of green gra, Wuntho Township 161 acres and Pinlebu Township 804 acres, totalling 2,200 acres.

"In the coming winter crop season, 2,200 acres of green gram are planned for cultivation in Kawlin District. Efforts will be made to fully meet the target acreage. Regarding green gram cultivation, awareness will be provided on expanding cultivation and using quality, pure seeds to achieve good yields," said U Win Thein, Head of the Kawlin District Agriculture Department.

This year, the relevant township agriculture departments in Kawlin District will educate farmers on using quality and locally suitable seeds, ensuring seed purity, applying correct cultivation practices, preventing pest infestations, properly using fertilizers, and improving yields.

During this year's monsoon crop season, in cultivating various pulses, the department has been cooperating with farmers by providing quality and pure seeds, necessary inputs, and post-harvest technologies to help achieve good yields and quality.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယနိုင်ငံက Su-57 တိုက်လေယာဉ်များကို ပြည်တွင်း၌ ထုတ်လုပ်ရန် ရုရှားနိုင်ငံ၏ အဆိုပြုချက်အကဲဖြတ်သွားမည်



အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံ၏ ပဉ္စမမျိုးဆက် တိုက်လေယာဉ်ဖြစ်သည့် Su-57 တိုက်လေယာဉ်များ ကိုပြည်တွင်း၌ ထုတ်လုပ်ရန် ရုရှား၏ အဆိုပြုချက်ကို အကဲဖြတ်သွားမည်ဖြစ် ကြောင်း Russia Today သတင်းဌာနက စက်တင်ဘာ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းအဆိုပြုချက်သည် အိန္ဒိယနိုင်ငံတွင် MiG နှင့် Su-30 MKI တိုက်လေယာဉ်များထုတ်လုပ်ရန် ယခင်က သဘောတူခဲ့သည့် သဘောတူညီချက်များနှင့် ကိုက်ညီသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ အဆိုပြုချက်ကို လက်ခံပါက နိုင်ငံပိုင် Hindustan Aeronautics Limited (HAL) သည် ရုရှားကုမ္ပဏီနှင့် ပူးပေါင်း၍ လေယာဉ်များကို ထုတ်လုပ်သွားမည်ဖြစ်သည်။ အကယ်၍ နှစ်ဖက်စလုံးက Su-57 တိုက်လေယာဉ်များကို အိန္ဒိယနိုင်ငံတွင် ထုတ်လုပ်ရန်သဘောတူပါက ကနဦးတပ်ခွဲနှစ်ခွဲကို ပျံသန်းနိုင်သည့်အခြေအနေဖြင့် ပေးပို့ပေးသွားမည်ဖြစ်ကြောင်း သတင်းအရင်းအမြစ်များကို ကိုးကား၍ ဝက်ဘ်ဆိုက်က ပြောကြားခဲ့သည်။ HAL ၏ Nashik စက်ရုံတွင် တပ်ခွဲသုံးခွဲမှငါးခွဲစာထိ ထုတ်လုပ်နိုင်သည်။

အစီရင်ခံစာအရအဆိုပါအစီအစဉ်များသည်ကနဦးအဆင့်တွင်သာရှိနေပြီး အိန္ဒိယလေတပ်မှ ဆောင်ရွက်နေသည့် Multi-Role Fighter Aircraft (MRFA) အစီအစဉ်နှင့်သီးခြားစီဖြစ်ကြောင်း သိရှိရသည်။

MRFA အစီအစဉ်အရ IAF သည် Dassault Aviation မှ ထုတ်လုပ်သည့် ပြင်သစ် Rafale တိုက်လေယာဉ်ကို အကြံပြုထားကြောင်းသိရသည်။ ပြီးခဲ့သည့် မေလတွင် အိန္ဒိယကာကွယ်ရေးဝန်ကြီး Rajnath Singh သည် အမေရိကန်ဒေါ်လာ ၁၇၅ သန်း ရင်းနှီးမြှုပ်နှံမှုဖြင့် Advanced Medium Combat Aircraft (AMCA) ကို တီထွင်ရန်အတွက် လုပ်ငန်းဆောင်ရွက်မှုပုံစံကို အတည်ပြုပေးခဲ့သည်။ AMCAသည် လေကြောင်းစိုးမိုးမှုရယူခြင်း၊ မြေပြင်တိုက်ခိုက်မှုများ ပြုလုပ်ခြင်း၊ ရန်သူ၏ လေကြောင်းကာကွယ်ရေးကို ဖိနှိပ်ခြင်းနှင့်အီလက်ထရွန်နစ်စစ်ပွဲ ဆင်နွှဲခြင်းအပါအဝင်မစ်ရှင်မျိုးစုံကို လုပ်ဆောင်ရန် ဒီဇိုင်းထုတ်ထားသည့် တစ်ယောက်မောင်း၊အင်ဂျင်နှစ်လုံးတပ်၊ရာသီဥတုမရွေး၊ ဘက်စုံသုံးတိုက်လေယာဉ်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ အဓိကရည်ရွယ်ချက်မှာ ပြည်တွင်းကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန်ဖြစ်သည်။ Su-57 တိုက်လေယာဉ်များကို ပြည်တွင်း၌ ထုတ်လုပ်ရန် ရုရှား၏ အဆိုပြုချက်သည် အိန္ဒိယအတွက် ပဉ္စမမျိုးဆက် တိုက်လေယာဉ်နည်းပညာကို ရယူနိုင်မည့် အခွင့်အလမ်းတစ်ခုဖြစ်သည်။ Su-57 တိုက်လေယာဉ်စီမံကိန်းသည် အိန္ဒိယ၏ Advanced Medium Combat Aircraft (AMCA) ကဲ့သို့သော ကိုယ်ပိုင်စီမံကိန်းများအတွက် အဖိုးတန်သော အသိပညာနှင့် နည်းပညာများ ရရှိစေနိုင်မည်ဖြစ်သည်။

Su-57 တိုက်လေယာဉ် စီမံကိန်းသည် အိန္ဒိယ၏ လေတပ်အင်အားကို လျင်မြန်စွာ ဖြည့်တင်းရန်နှင့် ဒေသတွင်းစစ်ရေး ခြိမ်းခြောက်မှုများကို ရင်ဆိုင်ရန် ရည်ရွယ်ချက်ရှိသည်။ သို့သော် ဤဆုံးဖြတ်ချက်သည် အိန္ဒိယ၏ ကိုယ်ပိုင်ကာကွယ်ရေး ထုတ်လုပ်ရေးရည်မှန်းချက်နှင့်ပထဝီနိုင်ငံရေးအရ အနောက်နိုင်ငံများနှင့်ပိုမိုနီးကပ်သော ဆက်ဆံရေးတည်ဆောက်လိုသည့် မျှော်မှန်းချက်များကြားတွင် ရှုပ်ထွေးသောမျှခြေတစ်ခုကို ထိန်းညှိနေရသည်ကိုပြသနေဖြစ်ကြောင်း သိရသည်။


**India looking to produce Russian Su-57 fighter – media ကို ဘာသာပြန်ဆိုထားပါသည်။**

## ဆားဘီးယားနိုင်ငံက ဘဲလ်ဂရိတ်မြို့တွင် ကျင်းပခဲ့သော Partner 2025 ၌ ပြည်တွင်းထုတ် Komarac 3 တိုက်ခိုက်ရေးဒရုန်း ထုတ်ဖော်ပြသ

ဆားဘီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့၌ ကျင်းပခဲ့သော Partner 2025 ကာကွယ်ရေးပြပွဲတွင် ဆားဘီးယားပြည်တွင်းထုတ် Komarac 3 (Komarac = Mosquito – ခြင်) တိုက်ခိုက်ရေးဒရုန်းကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက စက်တင်ဘာ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Komarac 3 တိုက်ခိုက်ရေးဒရုန်းသည် တစ်ခါသုံး၊ မောင်းသူထိန်းချုပ် FPV (First Person View) စနစ်သုံး Multirotor အမျိုးအစားဖြစ်သည်။ အဆိုပါဒရုန်း၏ အဓိကအားသာချက်မှာ ထိရောက်သော တင့်ဖျက်ခေါင်း (anti-armor)၊ EFP (Explosively Formed Penetrator) နှင့် Thermobaric (အပူနှင့်ဖိအားဖြင့် ဖျက်ဆီးသော) ထိပ်ဖူးများကို တပ်ဆင်နိုင်ခြင်းပင်ဖြစ်သည်။ စစ်မြေပြင်တွင် မော်တော်ယာဉ်များ၊ အခိုင်အမာခံစစ်နေရာများ၊ အမြောက်ပစ်ခတ်သည့်နေရာများကို တိကျစွာ ပစ်မှတ်ထားတိုက်ခိုက်နိုင်စွမ်းရှိသည်။ အထူးခြားဆုံးမှာ Komarac 3 တိုက်ခိုက်ရေးဒရုန်းသည် ရန်သူ၏ အီလက်ထရွန်နစ်စစ်ဆင်ရေး (EW) စနစ်များကို ခုခံနိုင်စွမ်းရှိသောကြောင့် အီလက်ထရွန်နစ် တိုက်ခိုက်မှုများကြားတွင်ပင် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ခြင်းဖြစ်သည်။ ထို့ပြင် ဈေးနှုန်းသက်သာပြီး အစုလိုက်အပြုံလိုက် ထုတ်လုပ်ရလွယ်ကူသည့်အတွက် စစ်ပွဲအတွင်း လိုအပ်ချက်များပြားလာပါက လျင်မြန်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

Komarac 3 တိုက်ခိုက်ရေးဒရုန်းသည် စစ်မြေပြင်အတွက် အထူးထုတ်လုပ်ထားသည့် Carbon Fiber ကိုယ်ထည်သုံး Quadcopter (ရဟတ်လေးခုပါ) အမျိုးအစားဖြစ်သည်။ ၎င်းတွင် တိုက်ရိုက်မောင်းနှင်စနစ်ကို အသုံးပြုထားသော လျှပ်စစ်မော်တာ လေးလုံးပါရှိပြီး၊ ဒရုန်း၏ ဗဟိုတွင် လက်နက်ခဲယမ်းများကို တပ်ဆင်နိုင်မည်ဖြစ်သည်။ ဆားဘီးယားကာကွယ်ရေးကုမ္ပဏီ BDPBM ၏ ထုတ်ပြန်ချက်အရ Komarac 3 တိုက်ခိုက်ရေးဒရုန်း၏ ထိရောက်အကွာအဝေးသည် ၁၀ ကီလိုမီတာထိရှိကြောင်း သိရသည်။ အနည်းဆုံး ၁၀ မိနစ်ထိ ပျံသန်းနိုင်စွမ်းရှိပြီး အများဆုံး သုံးကီလိုဂရမ်အလေးချိန်ရှိသော လက်နက်များကို သယ်ဆောင်နိုင်စွမ်းရှိသည်။ ဤအလေးချိန်သည် Malyutka တင့်ဖျက်ဒုံးကျည် ကဲ့သို့သော လက်နက်ခဲယမ်း အမျိုးအစားများကိုပင် သယ်ဆောင်နိုင်ရန် လုံလောက်သော ပမာဏဖြစ်သည်။ Komarac 3 တိုက်ခိုက်ရေးဒရုန်းသည် အပူချိန် –၁၀ ဒီဂရီစင်တီဂရိတ်မှ +၄၀ ဒီဂရီစင်တီဂရိတ်ထိ ပျံသန်းနိုင်သောကြောင့် ဆောင်းရာသီနှင့် နွေရာသီနှစ်မျိုးစလုံးတွင် အသုံးပြုရန် သင့်လျော်သည်။ ပြပွဲတွင် ခင်းကျင်းပြသထားသည့် ဒရုန်းကိုယ်ထည်ကို ကြည့်ခြင်းဖြင့် ဖြုတ်၊ တပ်လွယ်ဖွဲ့စည်းပုံ၊ အလွယ်တကူလဲလှယ်နိုင်သော ဘက်ထရီများနှင့်ရှေ့ဘက်တွင် တပ်ဆင်ထားသည့် ကင်မရာကို တွေ့မြင်ရမည်ဖြစ်သည်။ ဤကင်မရာသည် ကျဉ်းမြောင်းသော မြင်ကွင်းကို အသုံးပြုထားပြီး ပစ်မှတ်ဆီသို့ လျင်မြန်စွာ ချဉ်းကပ်တိုက်ခိုက်နိုင်ရန် ရည်ရွယ်ကာပတ်ဝန်းကျင်ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆန်းစစ်ရန်အတွက် ရည်ရွယ်ထားခြင်း မဟုတ်ကြောင်း သိရှိရသည်။



ဒုတိယရွေးချယ်မှုအနေဖြင့် မီလီမီတာ ၁၅၀ BGEFP ဗုံးသီးများကို အသုံးပြုနိုင်ပြီး ၎င်းသည် ပေါက်ကွဲအားဖြင့် ဖောက်ထွင်းဝင်ရောက်နိုင်သော EFP (Explosively Formed Penetrator)ကို ဖန်တီးပေးရန် ဒီဇိုင်းထုတ်ထားသည့် တင့်ဖျက်ဗုံးသီးများဖြစ်သည်။ ၎င်း၏ အနီးကပ်လေဆာ သို့မဟုတ် LIDAR အခြေပြုဖျူးစနစ်သည် ပစ်မှတ်မှ နှစ်မီတာခန့်အကွာတွင် အလိုအလျောက် ပေါက်ကွဲစေပြီး ဒရုန်းများကျရောက်မှုကို တားဆီးရန် အသုံးပြုသည့်သံတိုင်များနှင့် သံကွက်များကို ကျော်လွန်ကာ ထိရောက်စွာ တိုက်ခိုက်နိုင်စွမ်းရှိသည်။

ရှေ့တန်းတပ်ဖွဲ့များက ဒရုန်းတိုက်ခိုက်မှုများကို ကာကွယ်ရန် အပေါ်မှ ကာကွယ်ရေးပိုက်ကွန်များဖြင့် အံဝင်ခွင်ကျ ပြင်ဆင်ထားကြသည့်အချိန်တွင် ဤ EFP ဗုံးသီးများ၏ အကျိုးသက်ရောက်မှုကို မည်သည့်ကာကွယ်ရေးကွန်ရက်မှ ပျက်ပြယ်စေနိုင်ခြင်းမရှိခြင်းသည် Komarac 3 တိုက်ခိုက်ရေးဒရုန်းအတွက် အရေးပါမှုတစ်ခုဖြစ်လာစေကြောင်း သိရသည်။

**Serbia debuts Komarac 3 FPV attack drone with anti-tank warhead at Partner 2025. ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံ အက်စတာနာလေဆိပ်မှ ပြန်လည်ထွက်ခွာရာ ကာဇက်စတန်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပို့ဆောင်နှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံ အက်စတာနာလေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ ကာဇက်စတန်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်(၁) Mr. Roman Sklyar နှင့် တာဝန်ရှိသူတို့က ပို့ဆောင်နှုတ်ဆက်စဉ်။


**ရှေ့ဖုံးမှအဆက်**

တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင်လိုက်ပါသွားကြသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဉာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr.Iskander Azizov၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီ ကော်မတီ အမြဲတမ်း ကော်မတီအဖွဲ့ဝင် ယူနန်ပြည်နယ်ပါတီ ကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မရှင် အတွင်းရေးမှူး Mr. Hu Dapeng နှင့် တာဝန်ရှိသူ များက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

**ကျောဖုံးမှအဆက်**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ ကူမင်းလေဆိပ်၌ ခေတ္တရပ်နားခဲ့ရာ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မရှင်အတွင်းရေးမှူး Mr. Hu Dapeng၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Mr. Deng Xiju နှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မရှင်အတွင်းရေးမှူးတို့သည် လေဆိပ်ညှော်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးရာတွင် တရုတ်နှင့်မြန်မာသည် ခိုင်မာသည့်ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး ယုံကြည်ရသည့်မိတ်ဆွေနိုင်ငံဖြစ်သည့်အခြေအနေများ၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ငလျင်သဘာဝဘေးအပါအဝင် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အချိန်တိုင်း ကူညီဆောင်ရွက်ပေးလျက်ရှိမှုနှင့် ဆက်လက်၍လည်း လိုအပ်သည်များကို ကူညီပေးသွားမည်ဖြစ်သည့် အခြေအနေများ၊ တရုတ်-မြန်မာ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရေးအတွက် နှစ်နိုင်ငံအပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတွင်ပါဝင်သည့်စီမံကိန်းများ၊ သဘောတူညီချက်များကို အမြန်ဆုံးအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ယူနန်ပြည်နယ်တို့အကြား ကူးလူးဆက်ဆံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနှင့်ပြည်သူနှစ်ရပ်အကြား အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီ ကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မရှင်အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီ ကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မရှင်အတွင်းရေးမှူး Mr. Hu Dapeng နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြား

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း၊ ကာဇက်စတန်နိုင်ငံ သမ္မတ H.E.Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း အသီးသီးသွားရောက်ခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် ကာဇက်စတန်နိုင်ငံ အက်စတာနာလေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ ကာဇက်စတန်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်(၁) Mr. Roman Sklyar ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာစဉ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို လက်ခံဖြေကြားခဲ့ပြီး မေးမြန်းဖြေကြားမှု အပြည့်အစုံကို ယခုလိုပဲ ဖော်ပြလိုက်ရပါတယ် -




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။

**မေး။ ယာယီသမ္မတကြီးအနေနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Atom Museum ၌ ကျင်းပပြုလုပ်ခဲ့တဲ့ "ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် (World Atomic week forum)"ကို တက်ရောက်ခဲ့ရတာကြောင့် ကျွန်မတို့ မြန်မာနိုင်ငံနဲ့ နိုင်ငံသားများအပေါ်မှာ ဘယ်လိုအကျိုးရလဒ်တွေ ရရှိခဲ့ပါသလဲ။ နိုင်ငံတော်အတွက် ဘယ်လိုကဏ္ဍတွေမှာ အကျိုးရလဒ်ကောင်းတွေကို ဖော်ဆောင်လို့ရနိုင်မလဲဆိုတာ သိလိုပါတယ်။**

**ဖြေ။** မော်စကိုမြို့မှာပြုလုပ်တဲ့ ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် (World Atomic week forum)ကို တက်ရောက်ဖို့အတွက် သမ္မတကြီးပူတင်ရဲ့ ဖိတ်ကြားချက်အရ ကျွန်တော်သွားတာဖြစ်ပါတယ်။အဲ့ဒီမှာတော့ သမ္မတကြီးပူတင်၊ ဘယ်လာရုစ်သမ္မတ၊ အာမေးနီးယားဝန်ကြီးချုပ်၊ အီသီယိုးပီးယားဝန်ကြီးချုပ်၊ အခြားခေါင်းဆောင်တွေ၊ IAEA ရဲ့ ညွှန်ကြားရေးမှူးချုပ်တို့ သူတို့နဲ့တွေ့ဆုံပြီးတော့မှ နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်တဲ့အခြေအနေတွေကိုလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီညီလာခံဟာ ထူးခြားတဲ့ညီလာခံတစ်ခုလည်းဖြစ်ပါတယ်။ အဓိက ကတော့ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေးနဲ့ပတ်သက်ပြီးတော့ အမြင်ချင်းဖလှယ်ကြတာလည်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့လည်း IAEA အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက်ကြောင့် အဏုမြူစွမ်းအင်ကို လူသားအကျိုးပြုလုပ်ငန်းတွေမှာ အသုံးပြုနိုင်အောင် အမြင်ချင်းဖလှယ်နိုင်တာလည်း ဖြစ်ပါတယ်။ ရရှိခဲ့တဲ့အကျိုးရလဒ်ကတော့ တော်တော်လေးကောင်းတယ်လို့ ပြောရမှာဖြစ်ပါတယ်။

**မေး။ ရုရှားဖက်ဒရေးရှင်း နိုင်ငံနဲ့ ကာဇက်စတန်သမ္မတနိုင်ငံ ခရီးစဉ်အတွင်းမှာ ယာယီသမ္မတကြီးအနေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ဆောင်ရွက်ခဲ့တာတွေ့ရပါတယ်။ ကျွန်မတို့နိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေရရှိအောင် ဆွေးနွေးနိုင်ခဲ့ပါသလဲဆိုတာ ပြောပြပေးပါအုံးရှင့်။**

**ဖြေ။** ရုရှားသမ္မတကြီး မစ္စတာပူတင်နဲ့ သီးခြားတွေ့ဆုံနိုင်ခဲ့တာရှိပါတယ်။ မတ်လမှာ တွေ့ဆုံခဲ့ပြီးဖြစ်ပြီးတော့ တွေ့ဆုံခဲ့တဲ့ရလဒ်တွေကို မူတည်ပြီးတော့ တိုးတက်မှုအခြေအနေတွေပေါ့ဗျာ။ ဒါတွေကို နှစ်ဖက်သုံးသပ်ပြီးတော့ ဒီထက်ပိုပြီးတော့မှ ဒီထက်ပိုပြီးတော့ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွေကို တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့က ကူးသန်းရောင်းဝယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုကိစ္စ၊ စွမ်းအင်ကိစ္စ၊ သယ်ယူပို့ဆောင်ရေးကိစ္စ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အာကာသနှင့် အဏုမြူဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ ဒါတွေကို ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့တာရှိပါတယ်။

အလားတူစွာပဲ ကာဇက်စတန်ကို ရောက်ရှိတဲ့အခါမှာလည်း ကာဇက်စတန်သမ္မတကြီးနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒါလည်း ဒုတိယအကြိမ် ဆွေးနွေးတာလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မတ်လက တစ်ခါ ဆွေးနွေးပြီးဖြစ်ပါတယ်။ ပထမအကြိမ် ဆွေးနွေးခဲ့တဲ့ ရလဒ်အပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ ဘယ်ကဏ္ဍတွေမှာ ပိုပြီးတိုးချဲ့ဖို့လိုမလဲ။ မြန်မာနိုင်ငံမှာ ဘာကိုရင်းနှီးမြှုပ်နှံမှုလုပ်မလဲ။ မြန်မာနိုင်ငံက ထုတ်ကုန်ပစ္စည်းတွေ အသုံးပြုပြီးတော့မှ ကာဇက်စတန်နိုင်ငံမှာ တန်ဖိုးမြင့်ပစ္စည်းတွေ ဘယ်လိုထုတ်လုပ်ကြမလဲ။ သိပ္ပံနဲ့နည်းပညာဆိုင်ရာကဏ္ဍတွေ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲ။ မြို့ပြဆိုင်ရာကိစ္စတွေမှာ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲ။ ဒါတွေလည်း ကျွန်တော်တို့ ဆွေးနွေးဖြစ်ခဲ့ပါတယ်။ ကောင်းမွန်တဲ့ရလဒ်တွေ ရခဲ့တယ်လို့ ပြောလိုပါတယ်။

**မေး။ ယာယီသမ္မတကြီးအနေနဲ့ ကာဇက်စတန်နိုင်ငံကို ပထမဦးဆုံးလာရောက်တဲ့ မြန်မာနိုင်ငံက ခေါင်းဆောင်တစ်ဦးဖြစ်တယ်လို့ သိရှိရပါတယ်။ အနာဂတ်ကာလများမှာလည်း မြန်မာနိုင်ငံနဲ့ ကာဇက်စတန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေမှာ ပိုမိုတိုးတက်ဆောင်ရွက်ဖို့ ရှိပါသလား ဆိုတာ သိရှိလိုပါတယ်။**

**ဖြေ။** စောစောက ကျွန်တော်ပြောသလိုပေါ့ဗျာ။ ကာဇက်စတန်သမ္မတနဲ့ကတော့ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးခြင်းပဲဖြစ်ပါတယ်။ ကာဇက်စတန်နဲ့ကျွန်တော်တို့က သံတမန်ဆက်ဆံမှုက ၂၆ နှစ်ရှိပါပြီ။ ပြီးခဲ့တဲ့ ၁၉၉၉ ခုနှစ် စက်တင်ဘာ ၂၆ ရက်နေ့က သံတမန်ဆက်ဆံမှု လုပ်ခဲ့တာဖြစ်ပြီး ကျွန်တော်ရောက်တဲ့နေ့က ၂၇ ရက်နေ့ ဖြစ်ပါတယ်။ အဲ့ဒီတော့ ၂၆ နှစ်ပြည့်ပြီး တစ်ရက်မှာ ရောက်တာပေါ့လေ။ ထူးခြားမှုရှိပါတယ်။ သူတို့သမ္မတကြီးကလည်း ဒါကို အလေးထားပြီးပြောပါတယ်။ မြန်မာနိုင်ငံ ခေါင်းဆောင်တစ်ယောက်အနေနဲ့ ပထမဦးဆုံးလာတဲ့ ခရီးစဉ်ဖြစ်တယ်။ New Step ခြေလှမ်းသစ်တစ်ခုကို စခဲ့တယ်ဆိုတာလေး သူပြောတာပေါ့။ စောစောက ကျွန်တော်ပြောသလိုပဲ နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်တွေမှာ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ရေး၊ နောက်တစ်ခါရင်းနှီးမြှုပ်နှံမှုကိစ္စရပ်တွေ၊ သိပ္ပံနှင့်နည်းပညာကိစ္စရပ်တွေ၊ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေ၊ ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စရပ်တွေ ဒါတွေကျွန်တော်တို့ ပြောဆိုဆွေးနွေးနိုင်ခဲ့တာ ရှိပါတယ်။ ကာဇက်စတန်နိုင်ငံက တိုးတက်တဲ့နိုင်ငံတစ်ခုဆိုတာ မြင်ပါတယ်။ အဓိက ကတော့ မြေပေါ်မြေအောက် သယံဇာတပစ္စည်းတွေ၊ အထူးသဖြင့် မြေအောက်သယံဇာတပစ္စည်းတွေ၊ ရေနံနဲ့ဓာတ်ငွေ့တို့ ကြေးနီ၊ ရွှေ၊ ခရိုမီယမ်၊ သံ တော်တော်လေးထွက်ပါတယ်။ ကမ္ဘာမှာလည်း ထိပ်တန်းတင်ပို့တဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလည်းလုပ်တဲ့ နိုင်ငံတစ်ခုပါ။ သူ့တို့နိုင်ငံက ဂျုံက ကမ္ဘာမှာ အကောင်းဆုံးဂျုံထဲမှာပါတာတွေ့ပါတယ်။ ဒါလည်း နမူနာသုံးစွဲကြည့်ပြီးဖြစ်ပါတယ်။ ထို့အတူပဲ မြန်မာနိုင်ငံက ထုတ်ကုန်ပစ္စည်းထဲမှာလည်း အဓိကတော့ ပေါ်ဆန်းမွှေးဆန်ပေါ့။ ပေါ်ဆန်းမွှေးဆန်ကို တော်တော်လေး စိတ်ဝင်စားပါတယ်။ ကျွန်တော်လည်း ဒါနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံကလည်း ဘယ်လိုလမ်းကြောင်းကနေ သူတို့ဆီပို့မလဲပေါ့။ ဒီဟာတွေဆွေးနွေးနိုင်ခဲ့တာရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တွေ့ဆုံနိုင်ခဲ့မှုအခြေအနေကတော့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနယ်ပယ်ကို နှစ်ဦးနှစ်ဖက်ကနေ စိတ်အားထက်သန်စွာနဲ့ တိုးချဲ့ဆောင်ရွက်သွားဖို့ ဆန္ဒရှိတာတွေ့ရပါတယ်။

**မေး။ ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံတော်ကို တည်ဆောက်တဲ့အခါ နိုင်ငံတော်အကြီးအကဲနဲ့ နိုင်ငံတော်အစိုးရအနေနဲ့ အဘက်ဘက်မှ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ဒါ့အပြင် ပြည်သူပြည်သားများ အနေနဲ့လည်း အားတက်သရော ဘယ်လိုဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသင့်သလဲဆိုတာ ယာယီသမ္မတကြီးအနေနဲ့ ပြောပြပေးပါအုံးရှင့်။**

**ဖြေ။** အဓိက ကတော့ ကျွန်တော်တို့က ဘက်ပေါင်းစုံက ကြိုးစားဖို့လိုတယ်။ တစ်ဖက်ကလည်း နိုင်ငံရေးအရသဘောထားကွဲလွဲမှုတွေလည်း ပြည်ထောင်စုရဲ့အကျိုးကို ရည်မှန်းပြီးတော့ အမြင်ကျယ်ကျယ်နဲ့ လုပ်ဖို့လိုတယ်။ တချို့ပြောဆိုနေကြတာတွေက တော်တော်လေးကို အားနည်းချက်တော့ ရှိတယ်လို့ ကျွန်တော်မြင်တယ်။ အဓိကတော့ သူတို့နိုင်ငံရေးအရ၊ ဘာသာရေးအရ၊ တိုင်းရင်းသားရေးအရ တချို့ပြောဆိုနေတာလေးပေါ့။ ပြောဆိုတာလေးတွေက ဒီထက်ပိုပြီး အမြင်ကျယ်ကျယ်နဲ့ ပြောဆိုလုပ်ကိုင်မယ်ဆို ပိုကောင်းမယ်လို့ ကျွန်တော်မြင်ပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့တွေ ကြိုးစားအားထုတ်မှုလည်းလိုတယ်။ ကြိုးစားအားထုတ်တာက နှစ်ပိုင်းပေါ့ တစ်ခုကတော့ ပညာသင်ကြားရေးအပိုင်းကို သွားရမယ်။ ဒါကငြင်းပယ်လို့မရဘူး။ ပကတိတိုင်းပြည်မှာ ဖြစ်ပျက်နေတဲ့အခြေအနေက ပညာရေးအားနည်းချက်ရှိတယ်လို့ ပြောရမှာပဲ။ ဒုတိယက ဘာလဲဆိုရင် ကုန်ထုတ်လုပ်မှု၊ အလုပ်လုပ်ဖို့လိုတာပေါ့။ ဒီနှစ်ခု ကျွန်တော်တို့လုပ်ကိုလုပ်ရမယ်။ ကျွန်တော်ပြောခဲ့ဖူးပါတယ်။ အဲဒါဘာလဲဆိုတော့ အရင်တုန်းက ကျွန်တော်တို့က သယံဇာတပစ္စည်းတွေအပေါ်မှာပဲရောင်းတာပေါ့။ တွင်းထွက်ပစ္စည်းတွေ၊ ရေနံဓာတ်ငွေ့တွေ ရောင်းတာရှိမယ်။ နောက်တစ်ခါ သစ်တောထွက်ပစ္စည်းတွေ ရောင်းတာရှိမယ်။ ဒါပေမဲ့ ကျွန်တော်တို့က အလုပ်လုပ်ပြီး ထုတ်လို့ရတဲ့ပစ္စည်း တင်ပို့ရောင်းချမှုကအားနည်းပါတယ်။ဒါကျွန်တော်က ထောက်ပြပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့က ကျွန်တော်တို့ဆီမှာရှိတဲ့ ရေမြေတောတောင်တွေကို အသုံးချပြီးတော့မှ ကုန်ထုတ်လုပ်မှုလုပ်ငန်းကို သွားဖို့လိုတယ်။ အဲဒါတော့ ခိုင်မာတဲ့လုပ်ငန်းပဲ။ ခုနက သယံဇာတထုတ်ရောင်းတယ်ဆိုတာ ခိုင်မာတဲ့လုပ်ငန်းတော့ မဟုတ်ဘူး။ ခိုင်မာတဲ့လုပ်ငန်းဆိုတာ အလုပ်လုပ်ဖို့လိုတယ်။ ကျွန်တော် ကာဇက်စတန်သွားတဲ့အချိန်မှာ သတိပြုမိတာရှိတယ်။ ကျွန်တော်တို့က GDP မှာ သုံးခုဖော်ပြပါတယ်။ ဘာလဲဆိုတော့ စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးပေါ့။ သူတို့က စိုက်ပျိုးရေးကဏ္ဍ တော်တော်နည်းတာတွေ့တယ်။စက်မှုကဏ္ဍနဲ့ ဝန်ဆောင်မှုကဏ္ဍကတော့ တော်တော်လေးများတာတွေ့ပါတယ်။ စိုက်ပျိုးရေးကဏ္ဍက ၂၀ ရာခိုင်နှုန်းလောက်ရှိတာပေါ့။ သူတို့လည်း သတိပြုမိမယ်ထင်ပါတယ်။ အခု သူတို့လည်း စိုက်ပျိုးရေးတွေ၊ ကုန်ထုတ်လုပ်မှုတွေ တော်တော်လေး အားပေးနေတာတွေ့ပါတယ်။ သူတို့နိုင်ငံမှာ လာရောက်အလုပ်လုပ်ကိုင်မယ်ဆိုရင် ချက်ချင်းကို တိုတောင်းတဲ့ကာလအတွင်းမှာ ခွင့်ပြုပေးတယ်လို့ ပြောတယ်။ ကျွန်တော်တို့ဆီမှာလည်း ကုန်ထုတ်လုပ်မှုနဲ့ပတ်သက်ရင် လူတိုင်းက စိတ်ဝင်စားဖို့လိုတယ်။ အရောင်းအဝယ်ထက် ကုန်ထုတ်လုပ်မှုကို အရင်စလုပ်ပြီးတော့ ကုန်ထုတ်လုပ်မှုကတစ်ဆင့် တိုင်းပြည်ဝင်ငွေကို ရအောင်ရှာရမှာဖြစ်ပါတယ်။ ဒါကို နိုင်ငံတော်အနေနဲ့ သတိပြုမိဖို့လိုတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

**မေး။ ယခုခရီးစဉ်ဟာ အောင်မြင်တဲ့ခရီးစဉ်ဖြစ်ခဲ့ပြီး ယာယီသမ္မတကြီးအနေနဲ့ နေ့မအား၊ ညမနား ဆောင်ရွက်ခဲ့တာတွေကို မြင်တွေ့ရတဲ့အတွက်လည်း ဂုဏ်ယူဝမ်းသာမိပါတယ်ရှင့်။ ယာယီသမ္မတကြီးအနေနဲ့လည်း ဒီခရီးစဉ်နဲ့ပတ်သက်ပြီးတော့ အောင်မြင်မှုတွေကို ပြောပြပေးပါအုံးရှင့်။**

**ဖြေ။** အောင်မြင်တဲ့ ခရီးစဉ်ပါဗျာ။ ရုရှားနိုင်ငံကို ကျွန်တော်တို့သွားတဲ့အချိန်မှာ အဏုမြူကိစ္စနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ နောက်တစ်ခါ အာကာသနဲ့ပတ်သက်တဲ့ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ ဒီနှစ်ခုကို သဘောတူညီချက်ယူခဲ့တာရှိပါတယ်။အဲ့ဒါလည်း နိုင်ငံအတွက် ခြေလှမ်းသစ်တွေ စပြီးချလိုက်တာပေါ့။ နောက်တစ်ခုက ကာဇက်စတန်နိုင်ငံပေါ့။ ကာဇက်စတန်နိုင်ငံက တရားဝင်လွတ်လပ်ရေးရတာတော့ ၁၉၉၁ ခုနှစ် နှောင်းပိုင်းကျမှ လွတ်လပ်ရေးရတာပါ။ ဒါပေမဲ့ သမိုင်းကြောင်းအခြေခံက အများကြီးရှိခဲ့ပါတယ်။ သူ့ရဲ့လူသားအရင်းအမြစ်၊ သဘာဝအရင်းအမြစ်တွေကို အသုံးချပြီးလုပ်တဲ့အခါမှာ အခုတိုးတက်မှုတွေက မျက်ဝါးထင်ထင်မြင်ရတာပေါ့။ ဒီလိုပဲ အက်စတာနာမြို့တော်တည်လာတာ ကျွန်တော်တို့ နေပြည်တော်ထက် နည်းနည်းလေးပဲစောပါတယ်။ ဒါပေမဲ့ သူတို့က မြေအနေအထား အတော်လေးသေးတဲ့အတွက်ကြောင့် တည်ဆောက်ရေးက အတော်လေးအားရတာပေါ့လေ။ အတုယူစရာတွေ တွေ့တာပေါ့။ ကျွန်တော်သွားကြည့်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံလည်း ဒီလိုမျိုး တိုးတက်တဲ့ မြို့ပြတည်ဆောက်မှုတွေ ဘယ်လိုလုပ်ကြမလဲဆိုတာလည်း စဉ်းစားလုပ်ကိုင်လို့ရတာပေါ့။ ဒါကလည်းအောင်မြင်မှုလို့ ကျွန်တော်ပြောချင်ပါတယ်။ (၅၀၁)

# နိုင်ငံ့အရေးစဉ်မနေး မြော်တွေးဆောင်ရွက်ပြည်သူ့အတွက်

ထက်မြတ်



နိုင်ငံတော်အကြီးအကဲတစ်ဦးဖြစ်ရသည်မှာ လွယ်ကူလွန်းသည့်အလုပ်မဟုတ်တာတော့သေချာသည်။ အိမ်ထောင်ဦးစီးတစ်ယောက်အဖြစ် တာဝန်များကိုကျေပွန်စွာထမ်းဆောင်နိုင်လျှင် ကိုယ့်ကိုယ်ကိုယ်တော်လှပြီဟုထင်နေမိသည်မှာ မိမိအပါအဝင် အခြားသူများစွာလည်းရှိမည်ဟု ယုံကြည်သည်။ ဒါဆိုရင် မေးခွန်းတစ်ခုမေးရလိမ့်မည်။ "အိမ်ထောင်တစ်ခုကိုဘက်စုံထောင့်စုံမှတိုးတက်မှုများရရှိအောင်ဦးစီးရသည်မှာလွယ်ကူပါသလား" ဆိုသည့်မေးခွန်းဖြစ်သည်။ သေချာသည်ကတော့ "မလွယ်ကူပါ" ဟူသောအဖြေသာ လူတိုင်းနီးပါးဆီမှထွက်လာနိုင်သည်။

အိမ်ထောင်တစ်ခုကို အဘက်ဘက်မှ သာယာစေဖို့အတွက် နည်းလမ်းများစွာ တွေးတောရသည်။ သားသမီးရှိလျှင် ၎င်းတို့၏အနာဂတ်အတွက် ကြိုတင်တွေးမြော်ပြီး လုပ်သင့်လုပ်ထိုက်သည်များကိုဆောင်ရွက်ရသည်။ မိဘများရှိလျှင် မိဘများကို သက်သောင့်သက်သာဖြစ်အောင်ထားနိုင်ဖို့စီမံရသည်။ ဒီလိုမျိုးလုပ်နိုင်စေဖို့အတွက် အဓိကကျလှတဲ့ငွေကြေးဥစ္စာကိုလည်း ရှာဖွေစုဆောင်းရသည်။ ဒါကြောင့် အိမ်ထောင်တစ်ခုကို ထိန်းသိမ်းဖို့အတွက် အဘယ်မှာလာ၍လွယ်ကူလိမ့်မည်နည်း။

ထို့ထက်ပို၍ အဆပေါင်းများစွာခက်ခဲသည်က နိုင်ငံတစ်နိုင်ငံကို စီမံအုပ်ချုပ်ရသည့် နိုင်ငံတော်အကြီးအကဲတာဝန်ဖြစ်သည်။ အထူးသဖြင့် လူအား၊ စိတ်အားပင်ပန်းမှုကို တော်တော်လေးခံနိုင်ရည်ရှိရသည်။ ဒီလိုခက်ခဲမှုများစွာ၊ ကြိုးပမ်းအားထုတ်ရမှုများစွာရှိသည်ကိုလည်း နိုင်ငံတော်အကြီးအကဲနှင့်အတူ ခရီးစဉ်တွင်လိုက်ပါသွားမှသာ မျက်ဝါးထင်ထင်မြင်တွေ့လိုက်ရသည်။

နိုင်ငံတော်အကြီးအကဲနှင့်အတူ လိုက်ပါလာခဲ့ရသည့်ခရီးစဉ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ဖြစ်သည်။ ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်၏ဖိတ်ကြားချက်အရ ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်သို့တက်ရန်ဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံပြီးလျှင် ကာဇက်စတန်နိုင်ငံသို့လည်း ဆက်လက်ခရီးဆက်ရမည်ဟုသိထားသည်။ ပြည်ပခရီးစဉ်တစ်ခုကိုသွားရောက်သည်ဆိုခြင်းမှာ ကိုယ့်နိုင်ငံမှာအသားကျနေသည့်အခြေအနေနှင့် များစွာကွဲလွဲနိုင်သည်။ ဥပမာအားဖြင့် ကိုယ့်နိုင်ငံနှင့်အချိန်ကွာဟမှုကြောင့် ခန္ဓာကိုယ်၏ဇီဝနာရီလည်ပတ်မှုကမောက်ကမဖြစ်ခြင်းကိုသည်းခံရသည်။ ရာသီဥတုမတူညီမှုကြောင့် သမမျှတမှုရှိအောင် နေရထိုင်ရသည်။ သို့သော် နိုင်ငံတော်အကြီးအကဲမှာမူကား သာမန်လူတို့ထည့်သွင်းစဉ်းစားလေ့ရှိသည့် ထိုသို့အရေးမကြီးသောအရာများကိုခေါင်းထဲမထည့်အား။ သူ၏အတွေးထဲတွင်ရှိနေသည်က နိုင်ငံတော်မှာ ကောင်းကျိုးများစွာ ဖြစ်ထွန်းစေဖို့အတွက် ဘာတွေလုပ်ရမည်လဲ။ ဘယ်လိုလုပ်ရမည်လဲဟူသည့်အချက်များသာဖြစ်သည်။

နိုင်ငံတော်အကြီးအကဲဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့က ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့သွားရန် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ စတင်ထွက်ခွာကြသည်။ မိမိကတော့ သတင်းရယူရေးအဖွဲ့နှင့်အတူလိုက်ပါလာခြင်းဖြစ်သည်။ သတင်းရယူရေးအဖွဲ့ဖြစ်တော့ နိုင်ငံတော်အကြီးအကဲ၏လှုပ်ရှားမှုအားလုံးကိုမြင်နေတွေ့နေရသည်။ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းမှာ ရာသီဥတုက ကြည်လင်အေးမြနေသလို နိုင်ငံတော်အကြီးအကဲ၏ ခြေလှမ်းတိုင်းသည်မှာလည်း တက်ကြွဖျတ်လတ်လျက်ရှိသည်။

မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကိုတင်ဆောင်သွားသည့် အထူးလေယာဉ်ကြီးက နေပြည်တော်လေဆိပ်ရှိပြေးလမ်းပေါ်မှ အရှိန်ပြင်းပြင်းဖြင့် ဝေဟင်ထက်ဆီထိုးတက်သွားသည်။ မြန်မာနိုင်ငံမှသည် ရုရှားနိုင်ငံ မော်စကိုမြို့အထိ လေကြောင်းအကွာအဝေးက ကီလိုမီတာပေါင်း ၄၇၀၀ နီးပါးရှိပြီး သာမန်အားဖြင့်ဆိုလျှင်တစ်ဆင့်ခံလေယာဉ်များဖြင့်သွားပါက နာရီပေါင်း ၁၅ နာရီကျော်ရှိသည်ဟု အင်တာနက်ထဲမှာဖော်ပြထားသည်။ ဒီလောက်အကွာအဝေးကိုသွားရသည်က တော်တော်လေးကိုဝေးသည့်ခရီးဟုပင်ဆိုနိုင်သည်၊ သို့သော် နိုင်ငံတော်အကြီးအကဲကတော့ နိုင်ငံတော်အတွက်အကျိုးရှိစေမည်ဆိုလျှင် ခရီးဘယ်လောက်ပင်ဝေးဝေး အပြုံးတစ်ချက်မပျက် အရောက်သွားမည်ဟု စိတ်ပိုင်းဖြတ်ထားသည်ကိုမြင်တွေ့ရသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကြီးကို တင်ဆောင်လာသည့်အထူးလေယာဉ်က နေပြည်တော်မှသည် မော်စကိုမြို့သို့ တိုက်ရိုက်သွားခြင်းမဟုတ်ပေ။ ကြားတွင် ခရီးတစ်ထောက် နားရသေးသည်။ လေယာဉ်၏ ကြံ့ခိုင်မှုအတွက်သာမက လိုအပ်သော အုပ်ချုပ်မှုကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ ခရီးတစ်ထောက်နားသည့်နေရာက ရုရှားနိုင်ငံ နိုဗာစီဗစ်မြို့၌ဖြစ်သည်။ လေယာဉ်ဆိုက်ရောက်ရာနေရာသို့ နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ကိုယ်တိုင်လာရောက်ကြိုဆိုနေသည်ကို လေယာဉ်ပေါ်မှပင်မြင်တွေ့နိုင်သည်။ မြန်မာနိုင်ငံနှင့် နိုဗာစီဗစ်ဒေသတို့ကြားရှိသည့် ဆက်ဆံရေးက သာမန်မေးထူးခေါ်ပြောဆက်ဆံရေးအဆင့်မဟုတ်သည်ကိုတွေ့ရသည်။ တော်တော်လေး ခင်မင်ရင်းနှီးမှုရှိသည့်ဆက်ဆံရေးဖြစ်သည်။ အထူးသဖြင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လက်ထက်တွင် ဆက်ဆံရေးပိုမိုကောင်းမွန်လာခြင်းဖြစ်သည်။

မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကိုတင်ဆောင်လာသောလေယာဉ်ကြီးက နိုဗာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ်၏ ပြေးလမ်းမပေါ်သို့ တဖြည်းဖြည်းချင်း ဆင်းသက်လာသည်။ ဒီအချိန်က ရုရှားနိုင်ငံမှာ ဆောင်းဝင်ခါစအချိန်မို့ထင်သည်။ ပြင်ပမှအအေးဓာတ်က လေယာဉ်ထဲအထိပင်ဖောက်ထွင်းဝင်ရောက်လာသည်။ လေယာဉ်ပေါ်ကဆင်းဆင်းချင်း ခံစားလိုက်ရသည်က အေးမြလှသည့်လေထုပင်ဖြစ်သည်။ သော့သော့လေးတိုက်ခတ်နေသည့်လေထုထဲတွင် အအေးဓာတ်က နေ့နေ့လေးပါဝင်နေသည်။ နိုင်ငံတော်အကြီးအကဲကိုကြည့်လိုက်တော့လည်း လတ်ဆတ်သည့်လေထုကို အားပါးတရရှူရှိုက်ပြီး ပြုံးရွှင်သောမျက်နှာ၊ တက်ကြွသောခြေလှမ်းများဖြင့် လေယာဉ်ပေါ်မှဆင်းသွားသည်။ လေယာဉ်အောက်မှာ အသင့်စောင့်နေသူက နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးဖြစ်သည်။



နိုင်ငံတော်အကြီးအကဲကို နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးက လေယာဉ်နားအထိ ကိုယ်တိုင်လာရောက်ကြိုဆိုခြင်းကို မြင်တွေ့ရသည်နှင့် မြန်မာနိုင်ငံနှင့်နိုဗာစီဗစ်ဒေသတို့ကြား ရင်းနှီးချစ်ခင်မှုက ဘယ်လောက်အတိုင်းအတာအထိရှိနေမလဲဆိုသည်ကို တွက်ဆမိသည်။ ထို့ထက်ပို၍သေချာစွာတွက်ဆမိသည်က လေဆိပ်ဧည့်ခန်းမဆောင်အရောက်တွင်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုဗာစီဗစ်အုပ်ချုပ်ရေးမှူးအတွက် မည်သည့်လက်ဆောင်ပစ္စည်းများ ယူဆောင်လာသည်ကို မိမိတို့က မသိရိုးအမှန်ဖြစ်သည်။ တကယ်တမ်းမှာ ပြင်ဆင်လာသောလက်ဆောင်ပစ္စည်းက သာမန်ကာလျှံကာမဟုတ်။ သေချာကျကျနနပြင်ဆင်လာခြင်းဖြစ်သည်ကိုတွေ့ရသည်။ လက်ဖက်အုပ်၊

စာမျက်နှာ ၁၉ သို့



**စာမျက်နှာ ၁၈ မှအဆက်**

လက်ဖက်ရည်နှင့် ငါးသလောက်ပေါင်းတို့ဖြစ်သည်။ အထူးသဖြင့် ငါးသလောက်ပေါင်းဆိုလျှင် မြန်မာတွေအားလုံးကြိုက်ကြသည့် မြန်မာ့အစားအစာဖြစ်သည်။ အခုတော့ ရုရှားတို့သည်လည်း ငါးသလောက်ပေါင်းကို ကြိုက်သွားကြလေပြီ။

မိမိတို့စီးလာသည့် အထူးလေယာဉ်ကြီးက နိုဗာစီဗစ်မြို့ သာမာရှယ်ဗာ လေဆိပ်မှတစ်ဖန် ပြန်လည်၍ ဝေဟင်ထက်သို့ထိုးတက်သွားပြန်သည်။ ယခုတစ်ခေါက်မှာကား မော်စကိုမြို့သို့ ဦးတည်ပျံသန်းလာခြင်းဖြစ်သည်။ အချိန်အားဖြင့် ညနေစောင်းနေပြီဖြစ်သည်။ ညနေစောင်းနေပြီ ဖြစ်သော်လည်း ပတ်ဝန်းကျင်တွင်မူ အရာအားလုံးကို ရှင်းရှင်းလင်းလင်းသဲသဲကွဲကွဲမြင်နေရသေးသည်။ မော်စကိုမြို့ ဘနူကာဘာအပြည်ပြည်ဆိုင်ရာ လေဆိပ်ကိုရောက်တော့ ညပိုင်းပင်ဖြစ်နေပြီ။ သို့သော် ပတ်ဝန်းကျင်ကား နေ့ခင်းကကဲ့သို့ လင်းလင်းကျင်းကျင်းရှိနေဆဲပင်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏မျက်နှာသည်လည်း နေပြည်တော်လေဆိပ်က ထွက်လာသကဲ့သို့ပင် ပြုံးရွှင်တက်ကြွမှုတို့အပြည့်ရှိနေဆဲပင်။ ဒီနေ့အတွက် အချိန်ဇယားက မော်စကိုမြို့မှာလုပ်ရမည့် မည်သည့်ကိစ္စမျှမရှိ၍ ကိုယ်စီကိုယ်စီအနားယူကြပြီဖြစ်သည်။ နိုင်ငံတော်အကြီးအကဲမှာမူကား နောက်တစ်နေ့လုပ်ရမည့် အရာများအတွက် ကြိုတင်ပြင်ဆင်နေသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၅ ရက် နံနက်ခင်းလေးမှာတော့ ရာသီဥတုက အုံ့မှိုင်းခြင်းနှင့် အေးမြခြင်းဟူသောခံစားချက်ကိုပေးနေသည်။ သာမန်အားဖြင့်ဆိုရင် ထိုအခြေအနေက အိပ်လို့ကောင်းလိုက်မည့်ဖြစ်ခြင်း။ သို့သော် နိုင်ငံတော်အကြီးအကဲသည် ယနေ့လုပ်ရမည့်အလုပ်များ၊ ပြောရမည့်စကားများအတွက် အသင့်ဖြစ်နေပြီဖြစ်သည်။ ထို့နောက် နိုင်ငံတော်အကြီးအကဲက "လူငယ်နှင့်အနာဂတ် မြန်မာ – သိပ္ပံနှင့်နည်းပညာ" ခေါင်းစဉ်ဖြင့် ကျင်းပသော သိပ္ပံပညာရပ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသို့သွား၍ တက်ရောက်အမှာစကားပြောသည်။ အမှာစကားပြောရာတွင်လည်း လူကြီးတစ်ဦးက လူငယ်များကို အပေါ်စီးမှ တင်တင်စီးစီးဖြင့်ပြောခြင်းမျိုးမဟုတ်ဘဲ လူကြီးနှင့် လူငယ်အပြန်အလှန်ဆွေးနွေးမှုပုံစံမျိုး၊ လူကြီးတစ်ဦးက အတွေ့အကြုံကိုအခြေခံသည့် သိမြင်မှုများကို လူငယ်များထံသို့ လက်ဆင့်ကမ်းပေးသည့်ပုံစံမျိုး၊ နောင်တစ်ချိန်တွင်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ပေးနေသည့်ပုံစံမျိုးဖြင့် အလုပ်ရုံဆွေးနွေးပွဲသို့ လာတက်သော ကျောင်းသားများကို ဟန်ဆောင်မှုမပါတဲ့ တကယ့်ကိုမေတ္တာတရားဖြင့် ရင်းနှီးနွေးထွေးစွာ တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ဒီနေရာမှာ နိုင်ငံတော်အကြီးအကဲတစ်ဦးအနေဖြင့် ခေတ်ကိုမျက်ခြည်မပြတ်မှု၊ နည်းပညာကိုအကျွမ်းတဝင်ရှိမှု၊ အနာဂတ်ကိုပွဲကိုင်လာမည့် နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် လူငယ်များအပေါ် မည်မျှအထိအားထားနေမှုတို့ကိုမြင်တွေ့ရသည်။ "ယနေ့လူငယ်၊ နောင်ဝယ်လူကြီး" ဆိုသည့်အတိုင်းပင် မိမိတို့၏နိုင်ငံတော်ကြီး ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယနေ့လူငယ်များကို လူ့စွမ်းအားအရင်းအမြစ်တစ်ခုအဖြစ် မွေးမြူနိုင်မှသာ၊ ထိုလူငယ်များကလည်း ၎င်းတို့တတ်သိထားသည့်ပညာရပ်များဖြင့် နိုင်ငံတော်ကောင်းကျိုးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်မှသာ၊ လူ့စွမ်းအားအရင်းအမြစ်များကို ထပ်မံမွေးထုတ်ပေးနိုင်မှသာ အောင်မြင်မှုပန်းတိုင်ကို လှမ်းယူဆုပ်ကိုင်နိုင်မည်မဟုတ်ပါလား။

နေ့ခင်းပိုင်းမှာတော့ နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့က ရုရှားဖက်ဒရေးရှင်းနိုင်ငံကကြီးမှူးကျင်းပသည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်သို့တက်ရောက်လာသည်။ ဒီဖိုရမ်က ယခုနိုင်ငံတော်အကြီးအကဲ၏ခရီးအတွက် အဓိကကျသောအကြောင်းအရာဖြစ်သည်။ ဖိုရမ်ကိုပါဝင်တက်ရောက်သူများမှာ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီမှ ညွှန်ကြားရေးမှူးချုပ်၊ နျူကလီးယားစွမ်းအင်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများ၊ ရုရှား၊ မြန်မာ၊ ဘယ်လာရုစ်၊ အာမေးနီးယား အစရှိသည့်နိုင်ငံများမှ ခေါင်းဆောင်များအပြင် နျူကလီးယားဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် နိုင်ငံပေါင်း ၁၀၅ နိုင်ငံမှ ကိုယ်စားလှယ်များဖြစ်သည်။

မိမိတို့နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအကျဆုံးလိုအပ်ချက်မှာ လျှပ်စစ်ဓာတ်အားဖြစ်သည်။ နိုင်ငံအတွင်းလိုအပ်သည့် လျှပ်စစ်ဓာတ်အားကိုထုတ်လုပ်နိုင်ရေးအတွက်နျူကလီးယားစွမ်းအင်ကသာ အခရာအကျဆုံးဖြစ်သည်ကိုယခင်သုတေသနများ၊ လေ့လာချက်များအရတွေ့ရသည်။ နျူကလီးယားစွမ်းအင်ကိုအသုံးပြုရာတွင်လည်း ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့်သာ အသုံးပြုသွားရမည်ဖြစ်သည်။ ထို့ပြင် နျူကလီးယားအသုံးပြုနိုင်သည့် အခြားသောနယ်ပယ်များစွာလည်းရှိသေးသည်။ ဥပမာအားဖြင့် ဆေးဘက်ဆိုင်ရာနည်းပညာ၊ စိုက်ပျိုးရေးနည်းပညာတို့တွင် နျူကလီးယားကိုအသုံးပြုခြင်းကြောင့်အကျိုးရှိသောတီထွင်ဆန်းသစ်မှုများစွာ ထွက်ပေါ်လာခြင်းဖြစ်သည်။ အခုဆိုရင်မြန်မာနိုင်ငံက အငယ်စားနျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကိုတည်ဆောက်ဖို့အတွက် ပြင်ဆင်မှုများလုပ်ဆောင်နေပြီဖြစ်သည်။ အဓိကအားဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပူးပေါင်းလက်တွဲလုပ်ဆောင်ခြင်းဖြစ်သည်။ ထို့အတူ အခြားသောနိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီတို့ကလည်း မြန်မာနိုင်ငံကိုကူညီပေးရန် နိုင်ငံတော်အကြီးအကဲက အလေးအနက်ထားမေတ္တာရပ်ခံကြောင်း မိန့်ခွန်းတွင်ထည့်သွင်းပြောခဲ့သေးသည်။ ဒါသည်လည်း နိုင်ငံတော်အတွက်ပါလားဟု မိမိကတော့ယုံကြည်မိသည်။

ဖိုရမ်ပြီးတော့ ညဘက်ကိုပင်ရောက်နေပြီဖြစ်သည်။ သို့သော် နိုင်ငံတော်အကြီးအကဲမှာ အနားယူဖို့အတွက်မစဉ်းစားသေး။ အရေးအကြီးဆုံးသော အလုပ်တစ်ခုလုပ်ရန်ကျန်ရှိနေသေးသည်။ ထိုအလုပ်ကား ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်နှင့်တွေ့ဆုံခြင်းဖြစ်သည်။ နိုင်ငံ့ခေါင်းဆောင်နှစ်ဦးကြား တွေ့ဆုံမှုကသာမန်တွေ့ဆုံမှုထက်ပင် သာလွန်နေသေးသည်။ သူတို့၏မျက်နှာတွင်ပေါ်လွင်နေသည့်အပြုံးပန်းများက ရင်တွင်းခံစားချက်အစစ်အမှန်ကို ထင်ဟပ်စေသည်။ ရုရှားနိုင်ငံသမ္မတကလည်း ကျွန်တော်တို့ရဲ့ နိုင်ငံတော်အကြီးအကဲကို ဝမ်းမြောက်ဝမ်းသာစွာလက်ခံတွေ့ဆုံသည့်အပြင် နှစ်နိုင်ငံကြားဆက်ဆံရေးကို ယခုထက်ပိုမိုတိုးမြှင့်နိုင်ရေးအတွက် ပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးမှုများလုပ်ခြင်း၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ကြား ရရှိထားသည့် သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် အသေးစိတ်ဆွေးနွေးခြင်းတို့ကြောင့် တကယ်ပင်ကျေးဇူးတင်ရပေသည်။ မြန်မာနိုင်ငံအတွက် ယခုလိုမျိုးဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းများပေါ်ထွန်းလာခြင်းသည် နိုင်ငံတော်အကြီးအကဲ၏ မဆုတ်မနစ်ကြိုးစားအားထုတ်မှုကြောင့်ပင်ဖြစ်သည်။

စက်တင်ဘာ ၂၅ ရက်အတွက်ခရီးစဉ်ကတော့ ဟိုတယ်မှာပြန်နားဖို့သာရှိတော့သည်။ ဟိုတယ်သို့ပြန်ရောက်သော်လည်း နိုင်ငံတော်အကြီးအကဲမှာ မနားအားသေး။ သူနှင့်အတူလိုက်ပါလာသူတစ်ဦးချင်းစီတိုင်းကို အဆင်ပြေရဲ့လားဟုမေးကာ လိုအပ်သည်များကိုဖြည့်ဆည်းပေးပြန်သည်။ နိုင်ငံတော်အကြီးအကဲဖြစ်သည်နှင့်အညီ နိုင်ငံတော်ကြီးတစ်ခုလုံးအတွက်ကောင်းကျိုးကို ဦးနှောက်ထဲထည့်ထားရုံသာမက တပည့်သားသမီးများ၏ အခြေအနေကိုလည်း မေးမြန်းစူးစမ်းကာ စိတ်ပူပေးတတ်ပြန်သေးသည်။ ပြီးနောက်မိမိတို့တစ်တွေက ကိုယ်စီအနားယူနေကြပြီဖြစ်ပေမယ့် နိုင်ငံတော်အကြီးအကဲကတော့ နောက်တစ်နေ့အတွက် လုပ်ရမည့်အချိန်ဇယားများကိုကြည့်ကာ အစီအစဉ်ဆွဲနေပြန်သေးသည်။

စက်တင်ဘာ ၂၆ ရက်မှာ နံနက်ခင်းနေရောင်ခြည်က အအေးဓာတ်ကြားထဲမှ နွေးနွေးထွေးထွေးလေးဖြာကျနေသည်။ နံနက်မိုးသောက်သည်နှင့် ပြတင်းတံခါးကိုဖွင့်လိုက်ချိန် ရရှိလိုက်သည့်ကြည်နူးမှုက စည်းစိမ်ဥစ္စာများဖြင့်ပင် မလဲနိုင်ရလောက်အောင် တန်ဖိုးကြီးမားလှသည်။ ကိုယ်တွေကသာ အငယ်ပီပီဖြင့် သဘာဝ၏အလှတရားကိုခံစားနေချိန် နိုင်ငံတော်အကြီးအကဲကတော့ နိုင်ငံ့အကျိုးအတွက် နောက်ထပ်တွေ့ဆုံမှုတစ်ခုဆီ သွားဖို့အသင့်ဖြစ်နေပြီဖြစ်သည်။ ဒီတစ်ခေါက်သွားမည့်နေရာက ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM) သို့ဖြစ်သည်။ မြန်မာနိုင်ငံက အငယ်စားနျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေးအတွက် အဓိကလက်တွဲထားသည့်အဖွဲ့အစည်းမှာ ROSATOM ဖြစ်သည်။ မြန်မာနိုင်ငံက နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသောရည်ရွယ်ချက်များအတွက် အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များကို ROSATOM မှ တာဝန်ရှိသူများနှင့်အတူ လက်မှတ်ထိုးကြသည်။



ROSATOM ဆိုသည်မှာ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသောရည်ရွယ်ချက်များအတွက် **စာမျက်နှာ ၂၀ သို့**

**စာမျက်နှာ ၁၉ မှအဆက်**

နှစ်ပေါင်းများစွာကြာ အကျိုးရှိရှိအသုံးချနိုင်နေသည့် ကမ္ဘာ့ထိပ်တန်းစီးပွားရေးလုပ်ငန်းစုတစ်ခုဖြစ်သည်။ ထိုသို့သောစီးပွားရေးလုပ်ငန်းစုနှင့် မြန်မာနိုင်ငံကပူးပေါင်းလက်တွဲဆောင်ရွက်ရသည်မှာအင်မတန်မှပင် အကျိုးကျေးဇူးများလှသည်ဟုဆိုရမည်ဖြစ်သည်။ ထိုသို့လက်တွဲဆောင်ရွက်ခြင်းကြောင့် မြန်မာနိုင်ငံက နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသောရည်ရွယ်ချက်များအတွက် အသုံးပြုခွင့်ရရှိမည်။ မြန်မာနိုင်ငံမှ လူငယ်များသည်လည်း နျူကလီးယားစွမ်းအင်ကိုအသုံးချမှုနှင့်ပတ်သက်၍ ပညာရပ်များစွာကို လေ့လာဆည်းပူးနိုင်မည်။ ထိုလူငယ်များက အနာဂတ်အတွက် လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်သည်။ ဒီလိုမျိုးစီးပွားရေးလုပ်ငန်းစုကြီးနှင့် ပူးပေါင်းလက်တွဲကာ မြန်မာနိုင်ငံအတွက် အကျိုးရှိစေမည့်အခွင့်အလမ်းကောင်းများစွာကိုဖော်ထုတ်နိုင်ခြင်းသည် နိုင်ငံတော်အကြီးအကဲ၏ ကိုယ်တိုင်ကိုယ်ကျကြိုးစားအားထုတ်မှုကြောင့်ပင်ဖြစ်သည်ဆိုသည့်အချက်မှာမူ မငြင်းနိုင်သည့်အမှန်တရားပင်ဖြစ်သည်။

အနာဂတ်တွင် ရေပြင်၊ မြေပြင်၊ ဝေဟင်သည်သာမက အာကာသသည်လည်းအရေးပါသောအခန်းကဏ္ဍတစ်ခုအဖြစ်တည်ရှိလာမည်ဖြစ်သည်။ အထူးသဖြင့်အာကာသထဲမှနေ၍ ကမ္ဘာမြေကိုစောင့်ကြည့်မှုက အင်မတန်အရေးပါလာမည်ဖြစ်သည်။ အခုဆိုရင် မုန်တိုင်းများဖြစ်ပေါ်မည်ဆိုသည်ကို ရက်ပေါင်းများစွာအလိုကတည်းက ကြိုတင်ခန့်မှန်းနိုင်နေပြီဖြစ်သည်။ ထိုသို့ကြိုတင်ခန့်မှန်းနိုင်မှုကြောင့် လူ့အသက်ပေါင်းများစွာချမ်းသာရာရနေသည်၊ ယင်းကဲ့သို့သောကောင်းကျိုးဖြစ်လာစေရေးအတွက် အကြောင်းရင်းတစ်ခုက အာကာသကိုအသုံးချကာဂြိုဟ်တုများလွှတ်တင်စောင့်ကြည့်နိုင်ခြင်းကြောင့်ဖြစ်သည်။ ယနေ့အချိန်တွင် မြန်မာနိုင်ငံက ဝယ်ယူလွှတ်တင်ထားသည့်ဂြိုဟ်တုတချို့ရှိသည်၊ မကြာသေးခင်ကပင်မြန်မာအာကာသအေဂျင်စီကိုတည်ထောင်ထားသည်။ ထိုသို့တည်ထောင်ခြင်းမှာလည်း နိုင်ငံတော်အကြီးအကဲ၏ ရှေ့ရေးမြော်တွေးလုပ်ဆောင်မှုကြောင့်ပင်ဖြစ်သည်။

ထို့ကြောင့် ရုရှားနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသည့် နိုင်ငံတော်အကြီးအကဲက ROSATOM မှအပြန်တွင် ROSCOMOS သို့ သွားရောက်သည်။ ROSCOMOS ဆိုသည်မှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အာကာသလုပ်ငန်းကြီးတစ်ခုဖြစ်သည်။ ရုရှားနိုင်ငံ၏အာကာသရေးရာကိစ္စရပ်များကို အဓိကကိုင်တွယ်ဆောင်ရွက်နေသည့် လုပ်ငန်းကြီးတစ်ခုလည်းဖြစ်သည်။ နိုင်ငံတော်အကြီးအကဲက ROSCOMOS သို့ရောက်သည့်အခါ ဂြိုဟ်တုထိန်းချုပ်ခန်းကိုလှည့်လည်ကြည့်ရှုပြီး အစည်းအဝေးခန်းမထဲမှာ မြန်မာနိုင်ငံနဲ့ ROSCOMOS တို့ကြား အာကာသနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် အပြန်အလှန်ဆွေးနွေးကာ တာဝန်ရှိသူများက သဘောတူညီချက်များကို လက်မှတ်ထိုးသည်၊ ထိုသဘောတူညီချက်များအသက်ဝင်လာသည့်အခါ မြန်မာနိုင်ငံက ကိုယ်ပိုင်ဂြိုဟ်တုကိုတည်ဆောက်ပြီး အာကာသအတွင်းလွှတ်တင်ကာ ထိုဂြိုဟ်တုကို ကိုယ်တိုင်ထိန်းချုပ်မှုလုပ်နေသည့်မြင်ကွင်းကို မိမိတို့တစ်တွေမြင်တွေ့ခွင့်ရဦးမည်ဖြစ်သည်။ ဂုဏ်ယူဖွယ်ကောင်းလှပါတကား။

နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြည်ပခရီးစဉ်များကိုသွားရောက်သည့်အခါတိုင်း မဖြစ်မနေလုပ်ဆောင်သောအရာတစ်ခုရှိသည်။ ထိုအရာကိုလုပ်ဆောင်ခြင်းဖြင့် နိုင်ငံတော်အကြီးအကဲ၏ လက်အောက်ငယ်သားများအပေါ် ဖခင်သဖွယ်စောင့်ရှောက်တတ်သည့် စိတ်သဘောထားကိုမြင်တွေ့ရသည်။ ထိုအရာကား ခရီးစဉ်သွားရောက်သည့်နိုင်ငံတိုင်းရှိ သံရုံး၊ စစ်သံရုံးတို့မှ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများနှင့်တွေ့ဆုံအားပေးခြင်းနှင့်ထောက်ပံ့မှုများပေးခြင်းဖြစ်သည်။

ယခုတစ်ကြိမ်တွင်လည်း နိုင်ငံတော်အကြီးအကဲသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများနှင့် ရင်းနှီးနွေးထွေးစွာတွေ့ဆုံ၍ မြန်မာနိုင်ငံနှင့်ပတ်သက်သော သိရှိသင့် သိရှိထိုက်သည့်အကြောင်းအရာများကိုပြောခြင်း၊ လိုအပ်သည်များကို ဖြည့်ဆည်းပေးခြင်း၊ ပညာတော်သင် သင်တန်းသားများအနေဖြင့် နိုင်ငံနှင့်ပြည်သူအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းအားထုတ်ကြရန် မှာကြားခြင်း၊ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခြင်းတို့ကိုဆောင်ရွက်ခဲ့သည်။ ပြည်ပတွင်ရောက်ရှိနေသူများသည် ကိုယ့်အမိမြေကိုလွမ်းကြမည်မှာအမှန်ပင်ဖြစ်သည်။ သို့သော် နိုင်ငံနှင့်နိုင်ငံသားများအတွက်ဟု စိတ်တင်းလိုက်လျှင် အလွမ်းများပြေလျော့သွားမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဖခင်တစ်ဦးကဲ့သို့ နိုင်ငံတော်အကြီးအကဲကတွေ့ဆုံအားပေးစကားပြောခြင်းက အိမ်လွမ်းနေသူများအတွက် ပြောမပြနိုင်အောင်ပီတိဖြစ်ရသည့် အားဆေးတစ်ခွက်ဖြစ်မည်မှာအမှန်ပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ ဘနူကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့်ပြန်လည်ထွက်ခွာလာသည်။ အထူးလေယာဉ်ဦးတည်ရာနေရာကား ကာဇက်စတန်နိုင်ငံဖြစ်သည်။ ကာဇက်စတန်နိုင်ငံဆိုသည်မှာ ရုရှားနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့်အတွက် ရာသီဥတုမှာနွေးထွေးအေးမြလှသည်။ ကာဇက်စတန်နိုင်ငံသည် အာရှအလယ်ပိုင်းရှိ ကုန်းတွင်းပိတ်နိုင်ငံ ဖြစ်သော်လည်း သဘာဝသယံဇာတ ပေါကြွယ်ဝသောကြောင့် ချမ်းသာသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကာဇက်စတန်နိုင်ငံမှအဓိကထွက်ရှိသည့် သယံဇာတများမှာ သဘာဝဓာတ်ငွေ့နှင့်ရေနံဖြစ်သည့်အပြင် ယူရေနီယံထုတ်လုပ်မှုမှာလည်း ကမ္ဘာ့ဦးဆောင်နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟု မှတ်သားရပါသည်။ မြန်မာနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်မှုများလုပ်နိုင်မည်ဆိုပါက နှစ်ဦးနှစ်ဖက်အကျိုးရှိသည့်ရလဒ်များ ထွက်ပေါ်လာမည်မှာ အမှန်ပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲသည် ကာဇက်စတန်သမ္မတနိုင်ငံသမ္မတ၏ ဖိတ်ကြားမှုကြောင့်ကာဇက်စတန်နိုင်ငံသို့လာရောက်ခြင်းဖြစ်သည်။ ကာဇက်စတန်နိုင်ငံကို လေယာဉ်ဆိုက်တော့ ကြည်နူးဖွယ်ကောင်းသည့် ရာသီဥတုခပ်နွေးနွေးလေးကဦးစွာကြိုဆိုနေသည်၊ ထိုနည်းတူစွာပင် ကာဇက်စတန်နိုင်ငံနှင့်ဆက်ဆံရေးသည်လည်း နွေးထွေးရမည်ဟုယုံကြည်မိသည်။ မိမိယုံကြည်ထားသည့်အတိုင်းပင် ကာဇက်စတန်သမ္မတနိုင်ငံ အက်စတာနာလေဆိပ်သို့ရောက်ရှိချိန်မှာ နိုင်ငံတော်အကြီးအကဲအား တာဝန်ရှိသူများက နိုင်ငံ့ခေါင်းဆောင်များကိုကြိုဆိုသည့် အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခြင်းဖြင့် ကာဇက်စတန်နိုင်ငံက မိတ်ဆွေများအပေါ် အလေးထားမှုကိုပြသခဲ့သည်။ တကယ်ကိုနွေးထွေးသော ကြိုဆိုမှုပင်ဖြစ်ပေသည်။

မွန်းလွဲပိုင်းမှာတော့ နိုင်ငံတော်အကြီးအကဲက သမ္မတနန်းတော်သို့သွားရောက်၍ ကာဇက်စတန်သမ္မတ မစ္စတာကက်ဆင်ဂျိုမာ့တိုကာယက်နှင့်တွေ့ဆုံဆွေးနွေးမှုလုပ်သည်။ တွေ့ဆုံဆွေးနွေးရာမှာ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေးကဏ္ဍ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုကဏ္ဍတို့အပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးသည်။ နိုင်ငံတော်အကြီးအကဲနှင့် ကာဇက်စတန်သမ္မတတို့ကြား တွေ့ဆုံဆွေးနွေးမှုက ယခုတစ်ကြိမ်နှင့်ဆိုလျှင် ဒုတိယအကြိမ်ဖြစ်သည်။ ပထမတစ်ကြိမ်က ရုရှားနိုင်ငံ၌တွေ့ဆုံခဲ့ခြင်းဖြစ်သည်၊ တွေ့ဆုံမှုက နှစ်ကြိမ်မြောက်ဖြစ်သော်လည်း ကာဇက်စတန်နိုင်ငံသို့ မြန်မာနိုင်ငံမှ ခေါင်းဆောင်တစ်ဦးက ချစ်ကြည်ရေးခရီး လာရောက်ခြင်းတွင် နိုင်ငံတော်အကြီးအကဲက ပထမဆုံးဖြစ်သည်။ ဒီအတွက်ကြောင့် နိုင်ငံတော်အကြီးအကဲ၏ ကာဇက်စတန်နိုင်ငံခရီးစဉ်သည် သမိုင်းမှတ်တိုင်တစ်ရပ်စိုက်ထူနိုင်သည့်ခရီးစဉ်ဖြစ်လာသည်။ ထိုသို့ သမိုင်းမှတ်တိုင်စိုက်ထူနိုင်သည့်နည်းတူ မြန်မာနိုင်ငံနှင့်ကာဇက်စတန်နိုင်ငံတို့ကြား ဆက်ဆံရေးမှာလည်း ပိုမိုနွေးထွေးလာမည်ဖြစ်ပေသည်။ အကြောင်းရင်းမှာမူကား နိုင်ငံတော်အကြီးအကဲနှင့်တွေ့ဆုံမှုများအပြီးတွင် ကာဇက်စတန်သမ္မတက နိုင်ငံတော်အကြီးအကဲကို မော်တော်ယာဉ်နားအထိအရောက် ပြန်လည်ပို့ဆောင်နှုတ်ဆက်သည့်မြင်ကွင်းကို မိမိကိုယ်တိုင်မြင်တွေ့ခဲ့ရသောကြောင့်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲက ကာဇက်စတန်သမ္မတနှင့်တွေ့ဆုံပြီးနောက် တည်းခိုရာဟိုတယ်သို့ပြန်လာပြီး ညပိုင်းမှာတော့ အက်စတာနာမြို့ရှိ Baiterek သမိုင်းဝင်အထိမ်းအမှတ်အဆောက်အအုံလေ့လာရေးမျှော်စင်နှင့် အက်စတာမြို့၏ဖွံ့ဖြိုးတိုးတက်မှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာသေးသည်။ Baiterek သမိုင်းဝင်အထိမ်းအမှတ်အဆောက်အအုံလေ့လာရေးမျှော်စင်သို့ သွားရောက်လေ့လာခြင်းသည် နိုင်ငံတော်အကြီးအကဲတစ်ဦးအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးတွင် အရေးပါသော အရာတစ်ခုဖြစ်သည့် ယဉ်ကျေးမှုဖလှယ်ရေးလုပ်ဆောင်နိုင်ရန် လေ့လာခြင်းနှင့် ဒေသန္တရဗဟုသုတရရှိရေးအတွက် ရည်ရွယ်ခြင်းဖြစ်ဟန်တူသည်။

Baiterek သမိုင်းဝင်အထိမ်းအမှတ်အဆောက်အအုံ လေ့လာရေးမျှော်စင်ဆိုသည်မှာ ၁၉၉၇ ခုနှစ်တွင် အက်စတာနာမြို့ကို ကာဇက်စတန်နိုင်ငံ၏မြို့တော်အဖြစ်ပြောင်းရွှေ့မှုသင်္ကေတပြု သမိုင်းဝင်အဆောက်အဦဖြစ်ပြီး နိုင်ငံ၏သင်္ကေတနှင့်ခေတ်သစ်ဗိသုကာလက်ရာ၏ထင်ရှားသော မှတ်တိုင်နေရာတစ်ခုဖြစ်သည့်အပြင် ကာဇက်စတန်လူမျိုးများ၏ ဘဝသစ်စတင်ရာနေရာတစ်ခုလည်းဖြစ်သည်၊ ဒီအဆောက်အအုံအတွက် ဒီဇိုင်းပုံကြမ်းကို ကာဇက်စတန်နိုင်ငံ၏ ပထမဆုံးသမ္မတမစ္စတာနာဆာတန်နာဇာဘာယက်က လက်ကိုင်ပဝါပေါ်မှာရေးဆွဲခဲ့ခြင်းဖြစ်ပြီး ထိုလက်ကိုင်ပဝါကို ပထမဆုံးသမ္မတပြတိုက်တွင် သမိုင်းဝင်အမွေအနှစ်အဖြစ်သိမ်းဆည်းထားသည်။ အဆိုပါအဆောက်အဦက ကာဇက်ရိုးရာဒဏ္ဍာရီလာရှင်သန်ခြင်းသစ်ပင်ကို ကိုယ်စားပြုသည့်ပုံစံရှိသည်။ ထို့ပြင် ကာဇက်စတန်၏ယဉ်ကျေးမှု၊ ဒဏ္ဍာရီနှင့် ခေတ်သစ်တိုးတက်မှုတို့ကို ပေါင်းစပ်ထားသည့် အံ့ဖွယ်အဆောက်အအုံ တစ်ခုဖြစ်ကာ ငြိမ်းချမ်းမှု၏ပြယုဂ်တစ်ခုလည်းဖြစ်သည်။

မိုးလေးတဖွဲဖွဲနှင့် အေးမြနေသော စက်တင်ဘာ ၂၈ ရက် နံနက်ခင်းတွင် နိုင်ငံတော်အကြီးအကဲက Astana International Financial Center (AIFC) သို့ သွားရောက်လေ့လာသည်။ မွန်းလွဲပိုင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်နှင့် အမျိုးသားပြတိုက်တို့သို့သွားရောက်၍ လေ့လာမှုများလုပ်သေးသည်။ ထိုသို့သွားရောက်လေ့လာသည့်အတွက် သိရှိခဲ့ရသည့်အချက်အလက်များမှာ အဖိုးတန်လှသည်ဟု ဆိုနိုင်သည်၊ ကာဇက်စတန်နိုင်ငံတွင် လူမျိုးပေါင်း ၃၀၀ ကျော်ရှိသည်။ လူမျိုးစုများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်စေရန် ရည်ရွယ်သည့်အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်ကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်၊ ဒီနန်းတော်မှာပင် အမျိုးသားရေးညီလာခံကိုနှစ်စဉ်ကျင်းပသည်၊ ဘာသာရေးဆိုင်ရာခေါင်းဆောင်များ၏အစည်းအဝေးကိုလည်း လက်ခံကျင်းပသည်။ စတုရန်းပေ ၃ သိန်းကျယ်ဝန်းပြီး ၂၀၃ ပေအမြင့်ရှိသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးနန်းတော်က ကာဇက်စတန်နိုင်ငံအတွက် အရေးပါသောနေရာတစ်ခုဖြစ်သည်၊ ထို့အတူ အမျိုးသားပြတိုက်သည်လည်း ကာဇက်စတန်နိုင်ငံအတွက် အရေးပါသော အမျိုးသားရေးအမွေအနှစ်များကို ပြသထားသည့် နေရာတစ်ခုဖြစ်သည်သာမက အာရှအလယ်ပိုင်းတွင် အကြီးဆုံးနှင့် အဆန်းသစ်ဆုံးပြတိုက်တစ်ခုလည်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ ယခုခရီးစဉ်သည် ရုရှားနိုင်ငံသမ္မတ၊ ကာဇက်စတန်နိုင်ငံသမ္မတတို့၏ ဖိတ်ကြားချက်အရသွားရောက်ခြင်းဖြစ်သည်။ ထိုနိုင်ငံများအနေဖြင့် နိုင်ငံတော်အကြီးအကဲကို ဖိတ်ကြားရသည့် အကြောင်းရင်းများရှိသည်။ ထိုအကြောင်းရင်းများအနက် အထင်ရှားဆုံးသောအကြောင်းရင်းတစ်ခုက နိုင်ငံတော်အကြီးအကဲ၏ကြိုးစားအားထုတ်မှုကြောင့် နှစ်နိုင်ငံကြား ရင်းနှီးချစ်ခင်မှုများနှင့် ဆက်ဆံရေးများပိုမိုတိုးတက်လာစေရန်နှင့် ထိုမှတစ်ဆင့်အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်စေရန်ဖြစ်သည်။ တစ်နည်းဆိုရလျှင် အခွင့်အလမ်းကောင်းများ၊ အပြန်အလှန်အကျိုးစီးပွားများအတွက် လက်များကိုကမ်းပေးလာခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘက်ကလည်း တစ်ဖန်ပြန်လည်လက်ကမ်းခြင်းဖြင့် နိုင်ငံအတွက် အကျိုးစီးပွားများစွာရရှိအောင် ဆောင်ကြဉ်းနိုင်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် ယခုခရီးစဉ်တွင် မနားမနေသွားလာခဲ့သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးအခြေအနေကိုပင်မငဲ့ကွက်ဘဲ ရှေ့ဆုံးမှဦးဆောင်ဦးရွက်ပြုခဲ့သည်။ နိုင်ငံ့အရေးအတွက်ဆိုလျှင် နောက်ကျကျန်နေခဲ့ခြင်းမရှိရလေအောင် ရှေ့ရေးကိုမြော်တွေးကာ လမ်းကြောင်းမှန်များခင်းပေးပြီး ကိုယ်တိုင်လည်းလျှောက်လှမ်းလာခဲ့သည်။ အားလုံးကိုခြုံငုံပြန်ကြည့်မည်ဆိုလျှင် နိုင်ငံတော်အကြီးအကဲ၏ လုပ်ဆောင်မှုမှန်သမျှသည် နိုင်ငံတော်နှင့်ပြည်သူအတွက်သာဖြစ်ပေတော့သည်။ ။

# ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကလောမြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(တောင်ပိုင်း) တာဝန်ခံ ဦးခင်မောင်ဦးသည် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မင်းဝင်းနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် အဖွဲ့ဝင်များ၊ ဒေသရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပင်းတယမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံ၍လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကလောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများကို တွေ့ဆုံ၍လည်းကောင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။



အစည်းအဝေးများတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များ၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ မဲဆန္ဒနယ်အတွင်းနှင့် မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးခြင်းဆိုင်ရာများ၊ မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရေးနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာကိစ္စရပ်များ၊ မဲဆွယ်စည်းရုံးခြင်းနှင့် ရလဒ်ထုတ်ပြန်ခြင်းဆိုင်ရာများ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ သင်တန်းပေးလေ့ကျင့်ရေးနှင့် လုံခြုံရေးဆိုင်ရာများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်နှင့် သတင်းရယူခွင့်ဆိုင်ရာများ၊ ဆက်လက်ဆောင်ရွက်ရမည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးများက သက်ဆိုင်ရာဒေသနှင့် မြို့နယ်များအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း ဆွေးနွေးကြပြီး ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က သက်ဆိုင်ရာလုပ်ငန်းစဉ်အလိုက် ဖြည့်စွက်ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့ မြို့ဝင်၊မြို့ထွက်စစ်ဆေးရေးဂိတ်များနှင့် ပြည်ကြီးမဂ်လာကုန်တင်ယာဉ်ရပ်နားစခန်းတွင် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၉**

မန္တလေးမြို့ မြို့ဝင်၊မြို့ထွက် စစ်ဆေးရေးဂိတ်များနှင့် ပြည်ကြီးမဂ်လာကုန်တင်ယာဉ်ရပ်နားစခန်း (စွယ်တော်ကားကြီးကွင်း)တွင် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။


အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေး၊ တရားမဝင်စက်သုံးဆီနှင့် ကုန်စည်များ နည်းမျိုးစုံ၊ ပုံစံမျိုးစုံတို့ဖြင့် ဖြတ်သန်းသယ်ဆောင်မှု မရှိစေရေး၊ ယာဉ်များကို စိစစ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ယာဉ်ကြောကျပ်တည်းခြင်း မဖြစ်ပေါ်စေရေးနှင့် ခရီးသွားပြည်သူများ အခက်အခဲမရှိစေရေး၊ ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကာ အဂတိလိုက်စားမှုများ မဖြစ်ပေါ်လာစေရေး၊ ပူးပေါင်းစစ်ဆေးအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် အချင်းချင်းအချိတ်အဆက်မိမိဖြင့် ပေါင်းစပ်ဆောင်ရွက်သွားရေးတို့ကို ပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး စိစစ်ရေးလုပ်ငန်းအဖွဲ့နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ကြုံတွေ့နေရသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၉-၉-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ဖ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁-၁၀-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




### ❒ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်မှု

အဆိုပါ အပူပိုင်းမုန်တိုင်း "ဘူအလွိုင်"မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် ယနေ့ညနေမှ အောက်တိုဘာ ၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း သိရသည်။ **(မိုး/ဇလ)**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"ဒလန်စွပ်စွဲ လူသတ်နှိပ်စက်နေတဲ့ TNLA၊ PDF အကြမ်းဖက်တွေရဲ့လက်အောက်မှာ ပြည်သူတွေရဲ့ အသက်အိုးအိမ်များ စတေးခံနေရ"** ခေါင်းစဉ်ဖြင့် ၁-၁၀-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အမြင်မတူ ခံယူချက်မတူရင် လက်နက်မဲ့ပြည်သူကို လက်နက်အားကိုးနဲ့ လိုက်လံသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း သတင်းမီဒီယာများ၏ မေးမြန်းမှုများကို လက်ခံဖြေကြား

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H. E. Vladimir Vladimirovich Putin ၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း၊ ကာဇက်စတန်နိုင်ငံ သမ္မတ H. E. Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း အသီးသီးသွားရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။

ထိုသို့ ပြန်လည်ရောက်ရှိစဉ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက သတင်းမီဒီယာများ၏မေးမြန်းမှုများကို ယခုလိုပဲဖြေကြားခဲ့ပါတယ်-

**မေး။ ယာယီသမ္မတကြီးရဲ့ ရုရှားနဲ့ ကာဇက်စတန်နိုင်ငံတွေကို အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့တဲ့အပေါ် မြန်မာနိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေရခဲ့လဲ၊ နောက်ပြီး ဒီခရီးစဉ်မှာ ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်ကိုလည်း တက်ရောက်ခဲ့တဲ့အတွက်ကြောင့် ဘယ်လိုပူးပေါင်းဆောင်ရွက်မှုတွေ ရှိလာနိုင်မှာလဲဆိုတာကို အရင်ဦးဆုံးဖြေကြားပေးပါဦးခင်ဗျာ။**

**ဖြေ။** အဓိကကတော့ ကျွန်တော်တို့ ဒီခရီးစဉ်မှာ အပိုင်းသုံးပိုင်းခွဲပြီး ပြောချင်ပါတယ်။ အပိုင်းသုံးပိုင်းကတော့ တစ်ပိုင်းစီက အရေးပါနေတဲ့အတွက်ကြောင့်မို့ဖြစ်ပါတယ်။ ပထမဦးဆုံးကတော့ ရုရှားပေါ့။ ရုရှားမှာ ရုရှားခရီးစဉ်၊ ပြီးရင်တော့ ကာဇက်စတန်ခရီးစဉ်၊ ပြီးရင်တော့ အပြန်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမှာ ကျွန်တော်တို့က ခဏနားခဲ့သေးတယ်။ အဲ့ဒါတွေကို ကျွန်တော်ပြောချင်ပါတယ်။ ပထမဦးဆုံးကတော့ တစ်ခုနဲ့ တစ်ခုကလည်း သဘောသဘာဝက နည်းနည်းကွာခြားတယ်။ ကွာခြားတဲ့အတွက် သုံးပိုင်းခွဲပြီးပြောမယ်။ ပထမဦးဆုံး ရုရှားနိုင်ငံမှာ ကျင်းပတဲ့ ROSATOM ကနေ ကြီးမှူးပြီးကျင်းပတဲ့ ကမ္ဘာ့အဏုမြူရက်သတ္တပတ်ပေါ့။ အဲ့ဒါနဲ့ပတ်သက်ပြီးတော့ ဖိုရမ်ကြီးကိုတက်ရောက်တာဖြစ်တယ်။ ပြီးရင် ရုရှားသမ္မတ H. E. Vladimir Vladimirovich Putin နဲ့ တွေ့ခဲ့တယ်။ အဲ့ဒီမှာ ကမ္ဘာ့နိုင်ငံအသီးသီးကလည်း လာရောက်ပြီးတော့ World Atomic Week Forum ကို တက်ရောက်တာဖြစ်တယ်။ တက်ရောက်တဲ့အခါမှာ အဏုမြူစွမ်းအင်နဲ့ပတ်သက်ပြီး ငြိမ်းချမ်းစွာအသုံးပြုနိုင်ဖို့၊ အဏုမြူစွမ်းအင်နဲ့ပတ်သက်ပြီး နိုင်ငံတိုင်းက ငြိမ်းချမ်းစွာနဲ့ ပြည်သူလူထုအကျိုးအတွက် အသုံးပြုနိုင်ဖို့အတွက်ကို ကျွန်တော်တို့ ဆွေးနွေးခဲ့တာရှိပါတယ်။ ဆွေးနွေးခဲ့တဲ့နေရာမှာ တက်ရောက်တဲ့နိုင်ငံတွေရဲ့ အမြင်သဘောထားတွေကိုလည်း နားထောင်ခဲ့ရတယ်။ နိုင်ငံတော်ယာယီသမ္မတကြီးက မိန့်ခွန်းလည်းပြောခဲ့ရတယ်။ ယာယီသမ္မတကြီးရဲ့ မိန့်ခွန်းနဲ့ မြန်မာနိုင်ငံရဲ့ သဘောထားလည်း ပြောခဲ့ရတယ်။ ဒီထဲမှာ အနှစ်ချုပ်ပြောရရင် မြန်မာနိုင်ငံရဲ့သဘောထားကတော့ အဏုမြူစွမ်းအင်ကို အသုံးပြုခြင်းရဲ့အကြောင်းရင်းကတော့ မြန်မာနိုင်ငံမှာ စွမ်းအင်ပေါ့လေ၊ တည်ငြိမ်တဲ့ လျှပ်စစ်စွမ်းအင်တစ်ခုရရှိဖို့၊ ပြီးရင် ဆေးဘက်ဆိုင်ရာ၊ စိုက်ပျိုးရေးဆိုင်ရာ သုတေသနတွေမှာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဒါတွေကို ကျွန်တော်တို့ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ ရုရှားရဲ့ အဏုမြူစွမ်းအင်အေဂျင်စီဖြစ်တဲ့ ROSATOM နဲ့လည်း ကျွန်တော်တို့ သဘောတူလက်မှတ်တွေ ရေးထိုးခဲ့ရတာတွေရှိတယ်။ ပြီးရင်တော့ ကျွန်တော်တို့ ရုရှားသမ္မတကြီး မစ္စတာဗလာဒီမာပူတင်နဲ့ တွေ့ဆုံခဲ့တာရှိတယ်။

မစ္စတာဗလာဒီမာပူတင်နဲ့ တွေ့ဆုံတဲ့အခါမှာတော့ ရုရှားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံကို အရှေ့တောင်အာရှမှာ ယုံကြည်စိတ်ချရဆုံး မိတ်ဖက်နိုင်ငံတစ်ခုအဖြစ် အမြဲတမ်းအသိအမှတ်ပြုနေတဲ့အကြောင်း၊ မြန်မာနိုင်ငံအနေနဲ့ ရုရှားနိုင်ငံကို မဟာဗျူဟာမိတ်ဖက်နိုင်ငံတစ်ခုအနေနဲ့ အသိအမှတ်ပြုပြီးတော့ ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်သွားမယ့်အကြောင်းရင်းတွေ၊ နည်းပညာဖလှယ်မှုတွေ၊ အာကာသဆိုင်ရာနည်းပညာ၊ အဏုမြူစွမ်းအင်ဆိုင်ရာ နည်းပညာ၊ ကျန်တဲ့ ပြည်သူလူထုကိုတိုက်ရိုက်အကျိုးပြုမယ့် နည်းပညာဖလှယ်မှုတွေ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒုတိယကတော့ ကာဇက်စတန်ခရီးစဉ်ပေါ့။ ကာဇက်စတန်ခရီးစဉ်နဲ့ပတ်သက်ပြီး ကာဇက်စတန်နိုင်ငံကို မြန်မာနိုင်ငံရဲ့ နိုင်ငံ့ခေါင်းဆောင်တစ်ဦး ပထမဦးဆုံးရောက်ရှိတာဖြစ်ပါတယ်။ ကာဇက်စတန်နိုင်ငံရဲ့ ထူးခြားချက်ကလည်း တော်တော်ထူးခြားတဲ့ နိုင်ငံတစ်ခုဖြစ်တယ်။ သူဟာ အာရှတိုက်ရဲ့ အလယ်ပိုင်းမှာရှိတဲ့ ကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်တယ်။ သို့သော် အာရှတိုက်နဲ့ ဥရောပတိုက်ရဲ့ အစပ်မှာရှိတယ်။ အာရှတိုက်ရဲ့အလယ်မှာ ဖြစ်တဲ့အတွက်ကြောင့်မလို့ ခင်ဗျားတို့ ကျွန်တော်တို့ကြားဖူးမှာပဲ။ အရင်တုန်းက ပထဝီနိုင်ငံရေးပေါ့ (Geopolitics Theory) တွေရှိတယ်။ အဲ့ဒီမှာတော့ Heartland၊ Greenland၊ ကမ္ဘာရဲ့ အလယ်ဗဟိုချက်နယ်မြေတို့၊ ဒီနယ်မြေတွေရဲ့ အရေးပါမှုကိုလည်းသိမှာဖြစ်မယ်။ ဒီနေရာ



ဟာ ကမ္ဘာရဲ့အလယ်ဗဟိုချက်နယ်မြေ အာရှ - ဥရောပတိုက်ပေါ့။ ကမ္ဘာမှာ အကြီးဆုံးကုန်းမြေရဲ့ အလယ်နယ်မြေဖြစ်တဲ့အတွက် သူ့ရဲ့နေရာကနေပြီး ကုန်းလမ်းပို့ဆောင်ရေးတွေ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေအားလုံး ဖြတ်သန်းသွားတဲ့ သဘောရှိတယ်။ ပြီးရင် နိုင်ငံအနေနဲ့လည်း တိုးတက်အောင်ဆောင်ရွက်နေတယ်။ သူတို့ရဲ့ပညာရေးကဏ္ဍလည်း မြင့်ပါတယ်။ ကျန်းမာရေးကဏ္ဍလည်း မြင့်ပါတယ်။ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မယ့် ကဏ္ဍတွေနဲ့ပတ်သက်ပြီးလည်း သမ္မတကြီးကိုယ်တိုင်က ရှင်းလင်းပြသခဲ့ပါတယ်။ ကျွန်တော်တို့ကိုလည်း သူတို့နိုင်ငံရဲ့ အခွင့်အရေး၊ ကျွန်တော်တို့နဲ့ ရင်းနှီးမြှုပ်နှံနိုင်မယ့်အခွင့်အရေး၊ ကျွန်တော်တို့နဲ့ တိုးတက်ဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေကိုလည်း ပြောခဲ့တာရှိပါတယ်။ နည်းပညာပူးပေါင်းဆောင်ရွက်မှုတွေ၊ IT နဲ့ပတ်သက်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

ထူးခြားချက်ကတော့ ကာဇက်စတန်သမ္မတကြီးအနေနဲ့က မြန်မာနိုင်ငံက ပထမဦးဆုံးလာရောက်တဲ့ ခေါင်းဆောင်ဖြစ်တဲ့အတွက်ကြောင့်မလို့ တော်တော်ကို ဝမ်းသာအားရတယ်။ ကျေနပ်မှုရှိတယ်။ ဒ့ါပြင် တွေ့ဆုံပွဲအပြီးမှာ ယာယီသမ္မတကြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ပြန်တဲ့အချိန်မှာ ကားပေါ်ထိလိုက်ပြီး နှုတ်ဆက်တာမျိုးပေ့ါ။ ဒါတွေထိ ရင်းနှီးဖော်ရွေမှုတွေပြတဲ့အတွက်ကြောင့်မလို့ ကျွန်တော်တို့နိုင်ငံအနေနဲ့ မိတ်ဆွေကောင်းနိုင်ငံတစ်ခု တိုးတယ်လို့ ပြောချင်ပါတယ်။ အပြန်ခရီးစဉ်မှာတော့ ကူမင်းမြို့ကိုဝင်ရောက်ခဲ့တယ်။ ကူမင်းကို ဝင်ရောက်တဲ့အချိန်မှာ ယူနန်ပြည်နယ်ရဲ့ ကွန်မြူနစ်ပါတီ အမြဲတမ်းပါတီဝင်ပေ့ါနော်။ ဥပဒေရေးရာအတွင်းရေးမှူး၊ ပြီးရင် ခင်ဗျားတို့ ကျွန်တော်တို့နဲ့ ရင်းနှီးနေကြတဲ့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အရှေ့တောင်အာရှကိုယ်စားလှယ် မစ္စတာတိန့်ရှီကျွင်းနဲ့ တွေ့ဆုံခဲ့တယ်။ အဲဒီမှာ အချက် လေးချက်ဆွေးနွေးခဲ့တယ်။

နံပါတ်တစ် အရေးကြီးဆုံးအချက်က အပြန်အလှန်ဆွေးနွေးတဲ့အခါမှာ မြန်မာနဲ့ တရုတ်နိုင်ငံတို့ဟာ မိတ်ဆွေအရင်းအချာ၊ အိမ်နီးနားချင်းနိုင်ငံ၊ ဆွေမျိုးပေါက်ဖော်နိုင်ငံတွေဖြစ်တယ်။ တစ်ဦးနဲ့ တစ်ဦး ယုံကြည်စိတ်ချမှုရှိပြီးတဲ့ နိုင်ငံတွေဖြစ်တယ်။ ဆက်သွယ်ဆက်ဆံရေးတွေ တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်တယ်။ ပြီးရင်တော့ ကျွန်တော်တို့အနေနဲ့ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်ရေးကို တရုတ်အစိုးရအနေနဲ့လည်း မြန်မာအစိုးရနဲ့ လက်တွဲညီ အစွမ်းကုန်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်တယ်။ နောက်တစ်ချက်အနေနဲ့ကတော့ ကုန်သွယ်ရေးစီးပွားမြှင့်တင်တဲ့အပိုင်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံပေ့ါ။ ဒါနဲ့ပတ်သက်ပြီးလည်း အဲဒီစီးပွားရေးစင်္ကြံမှာရှိတဲ့ စီးပွားရေးသဘောတူညီပြီးသားအချက်တွေ၊ တရုတ်-မြန်မာစီးပွားစင်္ကြံမှာရှိနေတဲ့ စီမံကိန်းတွေ ဒါတွေကို အမြန်အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ နှစ်ဦးနှစ်ဖက် ထပ်လောင်းပြီးတော့ အတည်ပြုခဲ့ပါတယ်။ ဒ့ါပြင် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး တရုတ်နိုင်ငံအနေနဲ့ ဆက်လက်ပြီး ထောက်ခံဆောင်ရွက်သွားမယ်။ ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုတာလည်း သိစေချင်ပါတယ်။ ဒီတော့ ခရီးစဉ်တွေအားလုံးကို ချုံ့ပြီးပြောရရင်တော့ မြန်မာနိုင်ငံအတွက် အခွင့်အလမ်းသစ်တွေ၊ အိမ်နီးနားချင်း တရုတ်နိုင်ငံနဲ့လည်း မြန်မာနိုင်ငံအတွက် အခွင့်အလမ်းသစ်တွေဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ ဒီအခွင့်အလမ်းသစ်တွေကို မိမိရရဆုပ်ကိုင်နိုင်ဖို့အတွက် ကျွန်တော်ပြောနေကျစကားဖြစ်တဲ့ နံပါတ်တစ် ကျွန်တော်တို့ စည်းလုံးကြဖို့လိုတယ်။ နံပါတ်နှစ် ကျွန်တော်တို့ ခေတ်နဲ့အမီ တွေးခေါ်မြော်မြင်တတ်ဖို့ အရေးကြီးတယ်။ ကမ္ဘာကြီးမှာ ဒီနေ့ဘာတွေဖြစ်နေလဲ။ နိုင်ငံတကာမှာ ဘာတွေဖြစ်နေလဲ။ ကျွန်တော်တို့ မြန်မာမှာ ဘာတွေဖြစ်နေလဲ။ အမှန်တရားအတိုင်းပဲ သုံးသပ်ပြီးတော့ ကျွန်တော်တို့ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွန်တော်တို့ပြည်သူလူထုရဲ့၊ နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးအတွက် မှန်ကန်တဲ့ အတွေးအခေါ်တွေနဲ့ တွေးခေါ်ဆောင်ရွက်သွားကြဖို့ အရေးကြီးတယ်လို့ပြောချင်ပါတယ်။

**မေး။ လက်ရှိခရီးစဉ်မှာ Nuclear စွမ်းအင်နဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့တာရှိတယ်။ အနာဂတ်မှာရော မြန်မာနိုင်ငံအနေနဲ့ ဒီ Nuclear စွမ်းအင်နည်းပညာကို ဘယ်လိုအသုံးချဖို့ရှိလဲ။ ဒီပြင် မြန်မာပြည်ရဲ့ လျှပ်စစ်ဓာတ်အားတိုးတက်ရေးအတွက်အသေးစား Nuclear စက်ရုံတည်ဆောက်ဖို့ စီစဉ်နေတာရှိတယ်လို့သိရပါတယ်။ အဲဒါကို ဘယ်ကာလလောက်စတင်ဖို့ရှိပါသလဲ။**

**ဖြေ။** ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့သဘောတူလက်မှတ်ရေးထိုးခဲ့တာရှိတယ်။ ယခင်နှစ်ကတည်းကတိုင် MoU ပေ့ါဗျာ။ ထပ်လောင်းပြီးတော့ ရေးထိုးခဲ့တာရှိတယ်။ အဓိကကတော့ ကျွန်တော်တို့က ပထမဦးဆုံး အဏုမြူစွမ်းအင်အသုံးပြုနိုင်ဖို့အတွက် လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် လုံခြုံတဲ့နေရာတွေ ဆက်လက်ပြီး ရွေးချယ်သွားဖို့ရှိတယ်။ အခုလည်း ရန်ကုန်မှာ ခင်ဗျားတို့မြင်တဲ့အတိုင်းပဲ။ ကျွန်တော်တို့ ဟိုမှာ World Atomic Week Forum လုပ်နေတဲ့အချိန်မှာပဲ ရန်ကုန်မှာလည်း ကျွန်တော်တို့ လုပ်ခဲ့တာမျိုးရှိတယ်။ ဒီအဏုမြူစွမ်းအင်နဲ့ပတ်သက်ပြီး ကျွန်တော်အသိပေးလိုတာက အဏုမြူစွမ်းအင်ဆိုတာက လုံခြုံမှုရှိတဲ့စွမ်းအင်ဖြစ်ပါတယ်။ အဏုမြူစွမ်းအင်ဆိုတာသည် တည်ငြိမ်တဲ့ လျှပ်စစ်ကိုပေးနိုင်တဲ့ စွမ်းအင်မျိုးဖြစ်ပါတယ်။ မြန်မာနိုင်ငံတိုးတက်ဖို့ဆိုရင် ကျွန်တော်တို့ လျှပ်စစ်စွမ်းအားက ဘယ်လောက်ထိလိုတယ်ဆိုတာကို အားလုံးကသိပြီးဖြစ်လိမ့်မယ်။ လျှပ်စစ်စွမ်းအားလိုတဲ့နေရာမှာ တည်ငြိမ်တဲ့လျှပ်စစ်စွမ်းအင်ရရှိဖို့ အရေးကြီးတယ်။ ဥပမာ- ဆိုလာကနေ လျှပ်စစ်ရမယ်။ လေကနေ လျှပ်စစ်ရမယ်။ ပြီးရင် ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ စက်တွေကနေ လျှပ်စစ်စွမ်းအင်တွေရမယ်။ ဘယ်လိုပဲဖြစ်ဖြစ် လျှပ်စစ်စွမ်းအင်ဆိုတာ နိုင်ငံတစ်နိုင်ငံမှာ အမျိုးစုံပေါင်းပြီးတော့ ဆောင်ရွက်ရတာဖြစ်တယ်။ ဥပမာ ဆိုလာလျှပ်စစ်စွမ်းအင်ဆိုရင် ညဘက်မှာ မရနိုင်တော့ဘူး။ Wind Power လေစွမ်းအင်ဆိုတာလည်း လေတိုက်ခတ်မှုလျော့နည်းတဲ့အချိန်မှာ မရနိုင်တော့ဘူး။ ဒီအချိန်မှာ နိုင်ငံတစ်နိုင်ငံလုံးမှာရှိနေတဲ့ စွမ်းအင်အရင်းအမြစ်တွေအားလုံးက အသုံးပြုပြီးတော့ လိုတဲ့စွမ်းအင်ကို ဒီဘက်စွမ်းအင်က ဖြည့်မယ်။ ဟိုဘက်က လိုတဲ့စွမ်းအင်ကို ဒီဘက်ကနေ ဖြည့်မယ်ဆိုတဲ့ဟာမျိုးတွေလိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒီစွမ်းအင်သည်လည်း အစပိုင်းရင်းနှီးမြှုပ်နှံမှုက ကြီးကောင်းကြီးမယ်။ နောက်ပိုင်းမှာတော့ တည်ငြိမ်တဲ့လျှပ်စစ်စွမ်းအားနဲ့ ဖွံ့ဖြိုးတိုးတက်မှုရစေနိုင်တယ်။ ဒါကတော့ လျှပ်စစ်စွမ်းအင်နဲ့ပတ်သက်တဲ့အပိုင်းပါ။ နံပါတ်နှစ်အပိုင်းကတော့ ဒီဟာကိုဆောင်ရွက်တဲ့နေရာမှာ Nuclear စွမ်းအင်နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ ထိတွေ့လာမယ်။ Nuclear စွမ်းအင်နဲ့ပတ်သက်ပြီး သုတေသနပြုမှုတွေ၊ ဆေးဝါးဆိုင်ရာသုတေသန၊ ကျန်တဲ့သုတေသနတွေအားလုံးကို ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက်ကြောင့် ဒါသည် ကျွန်တော်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် လုပ်ဆောင်ရမယ့်စွမ်းအင်တစ်ခုဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။ အသိပေးလိုပါတယ်။

**မေး။ ယာယီသမ္မတကြီးအနေနဲ့ ခရီးစဉ်အတွင်းမှာ ရုရှားသမ္မတကြီးနဲ့ရော ကာဇက်စတန်သမ္မတကြီးနဲ့ရော တွေ့ဆုံဆွေးနွေးခဲ့တာရှိတယ်။ အဲဒီနှစ်နိုင်ငံနဲ့ အနာဂတ်မှာ ပူးပေါင်းဆောင်ရွက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုအလားအလာတွေက ဘယ်လိုဆက်ရှိနိုင်ပါသလဲ။**

**ဖြေ။** နှစ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုတာတွေ ပိုပြီးတိုးတက်လာမယ့် အလားအလာရှိပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံကိုလည်း သူတို့အနေနဲ့ လိုလိုလားလားကို ဖိတ်ခေါ်ပြီးတော့ ဆောင်ရွက်တဲ့သဘောရှိပါတယ်။ ဒ့ါပြင် ကျွန်တော်တို့အပြန်ခရီးစဉ်မှာ ကူမင်းကိုဝင်ခဲ့တဲ့အခါမှာလည်း တရုတ်နိုင်ငံရဲ့ ကူမင်းမှာတွေ့ရှိခဲ့တဲ့ ယူနန်ပြည်နယ်အစိုးရရဲ့ ပြောကြားချက်ပေ့ါနော်။ ယူနန်ပြည်နယ်အစိုးရပြောကြားချက်ဆိုတာကလည်း တရုတ်ဗဟိုအစိုးရရဲ့ သဘောထားကိုပဲ ပြောကြားချက်ပဲဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အပြုသဘောဆောင်ပြီး အားကောင်းတာတွေ့ရပါတယ်။ ဒီခရီးစဉ်အားလုံးမှာ အနှစ်ချုပ်ပြောရရင် ဒီနိုင်ငံသုံးနိုင်ငံလုံးသည် မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲကို ကြိုဆိုတယ်။ မြန်မာပြည်သူလူထုရဲ့ဆန္ဒဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေးအတွက် သူတို့အနေနဲ့ အမြဲတမ်းအားပေးလျက်ရှိတယ်။ ပြီးရင် ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲတမ်းအားပေးလျက်ရှိတယ်။ ဒီလိုအားပေးလျက်ရှိတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့နိုင်ငံအနေနဲ့ မကြာမီကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပပြီးတော့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ စည်းကမ်းစနစ်ကျတဲ့ စစ်မှန်ပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ပြည်သူလူထုတွေအားလုံးက လက်တွဲညီညီပူးပေါင်းဆောင်ရွက်လျှောက်လှမ်းသွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ **(၅၀၁)**

# သံအမတ်ကြီး ဦးနေမျိုးဦးအား ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးနေမျိုးဦးအား ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# စက်တင်ဘာ ၂၁ ရက်မှ ၂၈ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၁ ရက် ည ၈ နာရီမှ စက်တင်ဘာ ၂၈ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၄၄ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန် လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

# မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်

**၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၉ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်ထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာမည်ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ကပ်ထားကြေညာနိုင်ခြင်းမရှိပါက သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲစာရင်းကြည့်ရှုနိုင်ရေး ဆောင်ရွက်ထားမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်းလာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိနိုင်မည်ဖြစ်ပါသည်။

၂။ မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကို လာရောက်ကြည့်ရှုပြီး မိမိအမည်မဲစာရင်းတွင် မပါဝင်ပါက ပုံစံ( ၃ ) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်စေလိုပါသည်။ လိုအပ်သောပုံစံများကိုလည်း ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့**(အခမဲ့)** ရယူနိုင်ပါသည်။ ထိုသို့ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးပါက အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းတွင် နောက်ဆုံးအကြိမ်အဖြစ် ထပ်မံကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့်လည်း လိုအပ်သော တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး တစ်ဦး(မပျက်မကွက်) လာရောက်ကြည့်ရှုခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသ ကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် ငါးဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၉**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် ငါးဦးသည် လက်နက်ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံ ရောက်ရှိနေသော PDF အမည်ခံ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်နှင့် နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ်တို့မှ



ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် PDF အမည်ခံ အဖွဲ့ဝင် ငါးဦးကို ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲ ကျင်းပစဉ်။

PDF အဖွဲ့ဝင် အမျိုးသား ငါးဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ ပြုလုပ်ရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် ဘီအေ-၆၃ တစ်လက်၊ ၎င်းကျည်အိမ် သုံးခု၊ ၄၀ မမ လက်လုပ်သေနတ် တစ်လက်၊ တူမီးသေနတ် တစ်လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် တာဝန်ရှိသူများက လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ဂုဏ်ပြုဆုငွေများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကာ ဝန်ခံကတိလက်မှတ် ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တိုက်ကြီးမြို့နယ် စမ်းရွာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ချောင်းစောက်ကျေးရွာအုပ်စု စမ်းရွာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ စမ်းရွာကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၃၉ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## စစ်တောင်းမြစ်ရေ တောင်ငူမြို့နှင့် မဒေါက်မြို့တို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၂၉**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ဗီယက်နမ်နိုင်ငံတွင် ဘုအလွိုင်တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး ၁၂ ဦး ပျောက်ဆုံးနေ



ဟန္နိုင်း စက်တင်ဘာ ၂၉

ဗီယက်နမ်နိုင်ငံ မြောက်ဘက်ပိုင်းတွင် စက်တင်ဘာ ၂၈ ရက်က ဘုအလွိုင်တိုင်ဖွန်းမုန်တိုင်းဝင်ရောက် တိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး ၁၂ ဦး ပျောက်ဆုံးနေကြောင်း ဗီယက်နမ် အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘုအလွိုင် တိုင်ဖွန်းမုန်တိုင်းသည် ကမ်းခြေဒေသများသို့ အဓိက ဦးတည်တိုက်ခတ်ခဲ့ခြင်း ဖြစ်ပြီး မုန်တိုင်းကြောင့်ပျောက်ဆုံးနေသူများမှာ တံငါသည်များဖြစ်ကြောင်း၊ ကယ်ဆယ်ရေးဝန်ထမ်းများက ပျောက်ဆုံးနေသော တံငါသည်များကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော်လည်း ကမ်းခြေတွင် လှိုင်းလုံးကြီးများ ဖြစ်ပေါ်နေသည့်အတွက် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကန့်သတ်ချက်များရှိနေကြောင်း၊ မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာလည်း တစ်နာရီ ၈၈ ကီလိုမီတာမှ ၁၁၇ ကီလိုမီတာထိမြင့်တက်နေကြောင်း သိရသည်။

မိုးရွာသွန်းမှုဖြစ်ပေါ်ပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံ လူဦးရေ ၂၈၅၀၀ ထိ ဘေးလွတ်ရာ ရွှေ့ပြောင်းကာ ယာယီကယ်ဆယ်ရေးစခန်းတွင် နေရာချပေးထားကြောင်း၊ မိုးရေချိန်ဆက်လက်မြင့်တက်လာနိုင်သည့်အတွက် ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ပြီး မြေပြိုကျမှုများလည်း ဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားပြီး ရေဘေးအန္တရာယ်နှင့် မြေပြိုကျမှုဖြစ်ပေါ်လာနိုင်သည့် ကွမ်ထရိုင်စီရင်စုမှ ဒေသခံများကို လိုအပ်လာပါက ဘေးလွတ်ရာ ရွှေ့ပြောင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# စပိန်နိုင်ငံ ဗလန်စီယာနယ်မြေတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်

မက်ဒရစ် စက်တင်ဘာ ၂၉

စပိန်နိုင်ငံ ဗလန်စီယာနယ်မြေတွင် စက်တင်ဘာ ၂၈ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းနေပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း စပိန်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန(Aemet) က သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဗလန်စီယာနယ်မြေ အရှေ့ဘက်ပိုင်းဒေသတချို့တွင် ရေကြီးရေလျှံမှု စတင်နေပြီဖြစ်သလို အချို့သောဒေသများတွင် လာမည့် ၄၈ နာရီအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်သည်ဟု သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ ရေဘေးအန္တရာယ်သတိပေးချက်ကြောင့် ယနေ့မှစ၍ စာသင်ကျောင်းများနှင့် ကောလိပ်များကို ယာယီပိတ်ထားမည်ဖြစ်ပြီး ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်သည့် ဗလန်စီယာအရှေ့ဘက်ပိုင်းဒေသများတွင် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအစဉ်များကိုလည်း စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း သိရသည်။

"ဗလန်စီယာ အရှေ့ဘက်ပိုင်း ဒေသတချို့မှာ ရေကြီးရေလျှံမှု စတင်ဖြစ်ပေါ်နေပြီ ဖြစ်ပါတယ်။ အခြားဒေသတွေမှာလဲ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ရေဘေး အန္တရာယ်ကြောင့် အရှေ့ဘက်ပိုင်းမှာရှိတဲ့ အခြေခံပညာ စာသင်ကျောင်းတွေနဲ့ ကောလိပ်တွေကို ယာယီပိတ်ထားပါတယ်။ ဒေသခံတွေကိုလဲ ရေဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး လိုအပ်တာတွေ ကြိုတင်ပြင်ဆင်ထားဖို့ ညွှန်ကြားထားပါတယ်။ အာဏာပိုင် အဖွဲ့အစည်းတွေ အနေနဲ့လဲ ကာကွယ်ရေးအစီအစဉ်တွေ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဝန်ကြီးချုပ်ကလဲ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအစဉ်တွေ ဆောင်ရွက်သွားဖို့ ညွှန်ကြားထားပါတယ်"ဟု ဗလန်စီယာ အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ကနေဒါနိုင်ငံ ပိချ်လန်းဒေသတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသောဒေသခံများကို နေရပ်သို့ ပြန်ခွင့်ပြု

အော့တဝါ စက်တင်ဘာ ၂၉

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ပိချ်လန်းဒေသအနီးတွင် စက်တင်ဘာ ၂၅ ရက်မှစ၍ လောင်ကျွမ်းနေသော တောမီးကို မီးသတ်တပ်ဖွဲ့ဝင် ဦးရေအင်အား အမြောက်အမြားဖြင့် ငြိမ်းသတ်ခဲ့ရာ တောမီးကိုစတင်ထိန်းချုပ်လာနိုင်ခဲ့ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံများကို စက်တင်ဘာ ၂၈ ရက်မှစ၍ နေရပ်သို့ ပြန်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဗြိတိသျှကိုလံဘီယာ မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

သို့သော်လည်း အိုကာနာဂန်ချိုင့်ဝှမ်းတွင် လောင်ကျွမ်းနေသည့် တောမီးကို ထိန်းချုပ်နိုင်ရန်ခက်ခဲနေဆဲဖြစ်သည့်အတွက် တောမီးကို ငြိမ်းသတ်ပေးနေဆဲဖြစ်ကြောင်း၊ ပိချ်လန်းတောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၆၀ အပြင် လေကြောင်းအကူအညီအဖြစ် ရဟတ်ယာဉ်လေးစင်းကို အသုံးပြုခဲ့ကြောင်း သိရသည်။



"ပိချ်လန်းဒေသမှာ လောင်ကျွမ်းနေတဲ့တောမီးဟာ လူနေအိမ်ခြေတွေနဲ့ နီးကပ်တဲ့အတွက် ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတယ်။ ဒါပေမဲ့လဲ တောမီးကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်တဲ့အတွက် ပိချ်လန်းဒေသက ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေကို ဒီနေ့ကစတင်ပြီးတော့ နေရပ်ကိုပြန်ခွင့်ပြုထားပါတယ်။ အိုကာနာဂန်ချိုင့်ဝှမ်းက ဒေသခံတွေကိုတော့ နေရပ်ပြန်ခွင့်မပြုသေးပါဘူး"ဟု ဗြိတိသျှကိုလံဘီယာပြည်နယ် မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဝေလနိုင်ငံတွင် မိုးခေါင်မှုကြောင့် ရေခန်းခြောက်မှုနှုန်း ပိုမိုမြင့်မားလာကြောင်း Met Office က သတိပေးချက်ထုတ်ပြန်

ကာဒစ် စက်တင်ဘာ ၂၉

ဝေလနိုင်ငံတွင် မိုးခေါင်ကာ မြေအောက်ရေ အရင်းအမြစ်ခန်းခြောက်လာသကဲ့သို့ မြစ်ချောင်းများတွင်လည်း ရေရေလျော့နည်းကျဆင်းလာပြီး စက်တင်ဘာ ၂၇ ရက်က Met Office က စစ်ဆေးတိုင်းတာမှုများကို ပြုလုပ်ခဲ့ရာ ရေခန်းခြောက်မှုနှုန်း ပိုမိုမြင့်မားလာကြောင်း သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု စက်တင်ဘာ ၂၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

မေလမှစတင်ခဲ့သော မိုးခေါင်မှုကြောင့် သောက်သုံးရေရက်ခဲသည့် ပြဿနာဖြင့်ရင်ဆိုင်ရနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ မြစ်ရေခန်းခြောက်လာမှုကြောင့် သောက်သုံးရေ ပြတ်လပ်သွားမှု မရှိစေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားသင့်ကြောင်းလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက သတိပေးထားသည်။

"ပြီးခဲ့တဲ့ မေလကတည်းက စတင်ခဲ့တဲ့ မိုးခေါင်မှုပြဿနာကြောင့် နေရာတော်တော်များများမှာ ခြောက်သွေ့မှုနှုန်း မြင့်မားနေသလို မြစ်ချောင်းတွေမှာလဲ ရေပမာဏသိသိသာသာကျဆင်းလာခြင်းကြောင့် အရေးပေါ်အခြေအနေသတ်မှတ်သွားဖို့ စီစဉ်နေပါတယ်"ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

ဝါရှင်တန် စက်တင်ဘာ ၂၉

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် စက်တင်ဘာ ၂၇ ရက်က ရေဘေးအန္တရာယ် အရေးပေါ်အဆင့်အဖြစ်သတ်မှတ်ပြီး ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း အရီဇိုးနားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု စက်တင်ဘာ ၂၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ လေးဦးရှိခဲ့ပြီး ပျောက်ဆုံးနေသူများလည်း ရှိနေကြောင်း၊ ဒေသခံတချို့ အရေးပေါ်အခြေအနေဖြင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပြီး ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံး ရင်ဆိုင်ခဲ့ရသော မြို့မှာ ဂလိုဘီမြို့ဖြစ်ကြောင်း၊ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသောဒေသခံများကို ကယ်ဆယ်ရေးဝန်ထမ်းများက ကူညီရွှေ့ပြောင်းပေးနေကြောင်း အရီဇိုးနားပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"လက်ရှိ ဂလိုဘီမြို့ဟာ လုံခြုံမှုမရှိတော့ပါဘူး။ သက်တမ်းတစ်လျှောက် အဆိုးရွားဆုံးရေကြီးရေလျှံမှုပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ သေဆုံးသူ လေးဦးရှိနေပါတယ်။ ပျောက်ဆုံးနေသူတွေလဲ ရှိနေပါတယ်။ သေဆုံးသူ လေးဦးရဲ့ ရုပ်အလောင်းတွေကိုတော့ သူတို့ရဲ့ မော်တော်ယာဉ်အတွင်းမှာပဲ တွေ့ရှိခဲ့ပါတယ်။ ရေစီးနဲ့အတူ ဓာတုပစ္စည်းတွေလဲ ပါဝင်နေတဲ့အတွက်ကြောင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားပါတယ်။ ရှင်းလင်းရေးလုပ်ငန်းတွေကို သာမန်လုပ်ဆောင်လို့မရပါဘူး။ တားမြစ်ထားတဲ့ ဧရိယာတွေကို ဖြတ်သန်းသွားလာခြင်း မပြုကြဖို့ တားမြစ်အပ်ပါတယ်"ဟု အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ဝတ္ထုတိုကဏ္ဍ

# စည်းပျက်တံငါ

## မောင်ခြိမ့်



**ယမန်နေ့မှအဆက်**

ပထမဆုံးတိမ်တစ်အုပ် ရေပြင်ပေါ်ဖြတ်အပြေးတွင်ရေအောက်မှာစောင့်နေသောသားထိန်းငါးရံ့ကြီးသည် ရန်သူ၏အရိပ်အယောင်ပေလားဟု စိုးရိမ်တကြီးဖြင့် အချက်ပေးလိုက်သည်။ ထိုအခါ သားပေါက်ကလေးများသည် ဖျတ်ခနဲရေလွှာအောက်သို့ ငုပ်ချလိုက်ကာ ရှောင်တိမ်းပုန်းကွယ်လိုက်ကြသည်။

ခဏတာမျှစောင့်ဆိုင်းကြည့်လိုက်ပြီး ရန်သူမဟုတ်မှန်းသိသောအခါ သားထိန်းငါးရံ့ကြီးကိုယ်တိုင် ရေပြင်ထက်သို့ ခုန်တက်အသက်ရှူပြီး ပွက်ပြမြူးပြလိုက်လျှင် သားပေါက်ကလေးများအားလုံး ပြန်တက်လာကြပြီး ပျော်မြူးကြပြန်၏။

သတိဆိုတာ ပိုသည်မရှိ၊ သူ့အသက်ထက်ချစ်သော သားပေါက်ကလေးတွေအတွက်ဆိုတော့ ပင်ပန်းသည်ဟု သူမထင်၊ သတိထားမှ၊ သတိထားမှ။

( ၆ )

ဖိုးချစ်တစ်ယောက် သူ့မျက်စိကိုပင် သူမယုံချင်၊ အလွန်များပြားလှသည့် ငါးရံ့သားပေါက်အုပ်ကြီးပင်ဖြစ်သည်။ အနည်းဆုံးကျူဖျာတစ်ချပ်စာခန့်ရှိ ရေပြင်တွင် ပွက်ပွက်ထအောင် ဆူညံလှုပ်ရှား အစာစားလျက်ရှိသည်။ တစီစီ၊ တပြုတ်ပြုတ်အသံတွေကိုပင်ကြားနေရသည်။ ထိုအသံသည် ငါးရံ့သားပေါက်အုပ်မှ ထွက်ပေါ်လာသံဖြစ်၏။ အခြားဘယ်နေရာကမှ ထိုအသံမျိုးထွက်သည်မရှိ။

ပြီးတော့ သူ့မျက်စိရှေ့ မြင်နိုင်သလောက် ရိုးချောင်းတစ်ခွင်လုံး ငြိမ်သက်စွာရှိနေသည်။ ဤတစ်နေရာတည်းသာ ပွက်လောထအောင် လှုပ်ရှားနေသည်။

ကျိန်းသေပါသည်။ ဒါဟာ ငါးရံ့သားပေါက်အုပ်ကြီး ဧကန်ဖြစ်တော့၏။ တဖြည်းဖြည်းနှင့် ခြေသံရေသံ မကြားရအောင် အနားသို့တိုး၍ တိုး၍သွားသည်။ မြင်နေရပြီ။

နီနီထွေးထွေး ငါးရံ့သားပေါက်တွေ ထောင်ပေါင်းများစွာ မြူးထူးနေခြင်းပါတကား။ အေးပု ပြောတာမှန်နေပြီ။ သည်ကနေ့ နံနက်တုန်းက အေးပုတစ်ယောက် သူ့အိမ်ကိုရောက်လာခဲ့သည်။ အိမ်ပေါ်တက်ထိုင်ပြီး ရေနွေးကြမ်းသောက်သည်။ ကောက်ညှင်းဆီထမင်းနှင့် ပုစွန်ခြောက်ထောင်းကို အားမနာပါးမနာ ပါးဖြဲနားဖြဲစားသေးသည်။ ပြီးမှ...

"ဟေ့ကောင် ဖိုးချစ် ... လောလောဆယ် မင်း ... ဘာအလုပ်မှ မရှိဘူးမဟုတ်လား၊ ရိုးချောင်းထဲသွားပြီး ငါးရံ့သားပေါက်ဖမ်းပါလားကွ၊ မနေ့က ငါကြာတွေသွားနုတ်ရင်း တွေ့ခဲ့တာဟ၊ သုံးလေးနေရာလောက်မှာ ပွက်သေးကြမ်းနေတာပဲ။ ငါ့မှာ ဘာမှမပါလို့ ကြည့်ပြီးပြန်လာခဲ့ရတာ၊ မင်းမှာ ကွန်စိပ်ကလေးရှိရဲ့ မဟုတ်လား၊ အတော်ပေါ့ကွ၊ သားပေါက် တွေရောကံကောင်းရင် သားထိန်းငါးရံ့ကြီးပါရနိုင်တယ်ကွ"ဟု အစထောင်ပေးသွားခဲ့သည်။

ထိုအခါ ယောကျ်ားဖြစ်သူ အိမ်မှာကျောခင်းပြီး ပျင်းနေတာ ကြည့်မရဖြစ်နေသည့် မိန်းမက ငါးရံ့သားပေါက် အိုးကပ်ကလေး စားချင်တယ်ဟု အတင်းပူဆာလေသောအခါ...အေးပုကို ဒေါသထွက်ပြီး ရိုးချောင်းကလေးဆီ လာခဲ့ခြင်းဖြစ်၏။ ယုံတော့ သိပ်မယုံ။

ယခုတော့ မယုံ၍မရတော့ပြီ။

ကောင်းကင်ပြင်ကြီးတွင် ဘယ်ကဘယ်လို လွင့်မျောပါလာသည်မသိ၊ တိမ်စိုင်မိုးသားတွေ ထုနှင့်ထည်နှင့် တစ်သုတ်ပြီးတစ်သုတ် အုပ်လိုက်၊ ခဲလိုက် ဖြတ်ပြေးနေတာမြင်နေရသည်။

မိုးများရွာဦးမှာလားဟု တွေး၍ပူသည် ... ဘုရားမ၍ မိုးမင်းကြီး မရွာပါနဲ့ဦး။ မိုးရွာလျှင်တော့ သွားပြီ၊ ငါးရံ့သားပေါက်အုပ်ကြီး ပျောက်သွားလိမ့်မည်။ ရေပြင်အောက်ငုပ်၍ မှော်ပင်များ၊ ကြာရွက်များကြား တိုးဝင်သွားကြတော့မည်။

လက်သန်းတစ်မြူပင်မရှိသော ကွန်စိပ်ကလေးကို ပခုံးပေါ်တွင် ထမ်းထားရာမှ အသာချသည်။ ကွန်ဖူးကြိုးကို အလိုက်သင့်ခွေရင်း ကွန်သားကို အသာဖြန့်ကာ ဘယ်ညာလက်ပေါ်မှာ အသင့်ပြင်ရင်း ရိုးချောင်းအစပ်သို့ အသာကပ်၍သွားသည်။ ကွန်တစ်ကမ်းလှမ်း၍ ပစ်နိုင်သည့် အကွာအဝေးကိုချိန်ဆနေသည်။... လာပြီဟေ့ ကွန်သမားဖိုးချစ် လာပြီကွ။

( ၇ )

ရေလွှာအောက်တွင် လုံးထွေးသတ်ပုတ်လိုက်ရသဖြင့် ဒဏ်ရာအနာတရများနှင့်ဖြစ်နေသော သားထိန်းငါးရံ့ကြီး မောပန်းစွာ ပါးဟပ်ကြီး ဟစိ၊ ဟစိနှင့် အသက်ကိုလုကာ၊ လုကာ ရှူနေရသည်။

ဘယ်နှယ့် သူသာ အသေခံလိုက်ချင်သည်။ သူ့သားသမီးလေးများကိုတော့ လာမထိနှင့်၊ သူ့ကလေးများ ရေလွှာပေါ်မှာ အစာရှာမြူးတူး ကစားနေတုန်း ဘယ်နေရာက ဘယ်လိုရောက်လာသည် မသိရသော ဒိုင်းငါးရံ့ကြီးတစ်ကောင်ကို ဖြုန်းခနဲ တွေ့လိုက်ရသည်။ ပြူးကြောင်သော မျက်လုံးကြီးတွေနှင့် ကြာရိုးကြာစွယ်များကြားကနေ အာသာငန်းငန်းနှင့် ချောင်းနေတာဖြစ်သည်။

အရွယ်အစားက သူ့နှစ်ပြန်စာလောက်ရှိသည်။ ရှည်လျားသော ကိုယ်လုံးကြီး၏ ဘေးနှစ်ဖက်တွင် အမြီးဖျားတွင် ဒေါင်းမြီးကွက်သဏ္ဌာန် နီနီရဲရဲအကွက်အကွက်ကြီးတွေနှင့် အင်မတန်လှပြီး အလွန်သန်မာသော အကောင်ကြီးပင် .... သူစောင့်ရှောက်နေသော သားပေါက်ကလေးများကို ဟပ်မျိုစားသောက်ရန် ချောင်းနေခြင်းဖြစ်သည်။

သူကြည့်မနေနိုင် ...ထိုငါးကြီး တစ်ခါထိုးဟပ်စားလျှင် သားပေါက်နီနီတွေးတွေးကလေးများ အကောင်နှစ်ဆယ်သုံးဆယ်ခန့် ပါသွားလိမ့်မည်။ အရွယ်အစားချင်းကွာလှ၍ သူနိုင်မှာမဟုတ်တော့ ကြောင်းသိသည်။ သို့သော် သည်ပွဲမှာ သူနောက် မဆုတ်နိုင်၊ ကြည့်မနေနိုင်၊ ဖြစ်သည့်နည်းနှင့် မောင်းထုတ်ရလိမ့်မည်။ သူ့အသက်ကိုရင်းလျှင် ရင်းရပါစေတော့။

သားဇောကပ်ပြီး ဒေါမာန်အပြည့်နှင့် ခွန်အားတွေစုဆောင်းကာ ... ဒိုင်းငါးရံ့ကြီး၏နံဘေးကို အရှိန်ပြင်းစွာကူးခပ်သွားပြီး ကိုက်ခဲပစ်လိုက်တော့သည်။ အဝေးကို ချိန်ဆနေသည်။... လာပြီဟေ့ ကွန်သမား ဖိုးချစ် လာပြီကွ။

ရုတ်တရက်ပေမို့ ထိတ်လန့်သွားသော်လည်း သူ့အစာချောင်းနေတာကို နှောင့်ယှက်ခြင်းခံလိုက်ရသည့် ဒိုင်းငါးရံ့ကြီးကလည်း အစာမာန်တက်ကာ ဒေါသတကြီး ပြန်လည်ကိုက်ခဲတော့သည်။ ငါးရံ့ကြီးနှစ်ကောင် လုံးထွေးကိုက်ခဲနေသဖြင့် ရေပြင်ကြီး ပွက်ပွက်ထ၍ လှုပ်ရှားနေသည်။ တိုက်ပွဲတို့ထုံးစံ အသက်ကိုစွန့်ကာ သားကလေးကို ကာကွယ်ဖို့ စွန့်စွန့်စားစား ကာကွယ်တိုက်ခိုက်နေသည့်သားထိန်းငါးရံ့ကြီးကို သူများ သားသမီးများကို အချောင်စားရဖို့ ချောင်းနေသည့် ဒိုင်းငါးရံ့ကြီး တာရှည်ရင်မဆိုင်ရဲတော့ဘဲ ထွက်ပြေးသွားတော့သည်။

နိုင်သည်မှန်သော်ငြား ... ဒဏ်ရာဗရပွနှင့် ကျန်ခဲ့သော သားထိန်းငါးရံ့ကြီး မောနေပြီ၊ နာနေပြီ။ သားဇောကပ်၍ ဖွဲ့နှင့် စောင့်ရှောက်နေသော်လည်း အားအင်တွေ လျော့ပါးနေပြီ။

ဟော .. မည်းမည်းဆုပ်ဆုပ် တိမ်တစ်အုပ်က ရိုးချောင်းကလေးအပေါ် ဖြတ်ကျော်သွားပြန်ပြီထင်၏။ ရေပြင်တစ်ဝိုက်မှာ အုံ့မှိုင်းသွားတာ ရီဝေသောမျက်လုံးများက တွေ့လိုက်ရသည်။ ဒါ တိမ်တစ်အုပ်ပါပဲဟုတွေးကာ သားထိန်းငါးရံ့ကြီးက အန္တရာယ်အချက်မပေးတော့ဘဲ ငြိမ်သက်စွာ အပန်းဖြေနေခိုက်။

( ၈ )

ကွေးထားသော ဒူးနှစ်ဖက်စလုံးကို စပရိန်တစ်ချောင်းလို ဆန့်ထုတ်ရင်း ဘယ်ညာလက်နှစ်ဖက် ကွန်သားများ၊ ခဲသီးများကို စနစ်တကျဖြန့်၍ ကိုင်ကာ အားနှင့်လွှဲ၍ ပစ်လိုက်သည်။

ဝေ့ခနဲဝိုက်ခနဲ လေထဲမှာ ပျံဝဲသွားသော ကွန်စိပ်ကလေးသည် လေထီးတစ်လက်ပွင့်သွားသလို ကားခနဲပွင့်ကာ ရေပြင်ပေါ်ကို ဝိုင်းဝိုင်း လေထီးတစ်လက်ကားခနဲပွင့်ကာ ရေပြင်ပေါ်ကို ဝိုင်းဝိုင်းစက်စက်ကြီး ကျလေသည်။

ကွန်၏အောက်ပိုင်း ချေးအိတ်တွင် တပ်ဆင်ထားသည့် ခဲသီးတို့၏ အလေးချိန်ကြောင့် ရေပြင်နှင့် ဗွမ်းခနဲထိခတ်ပြီး ခဏချင်းမှာပင် ရေအောက်သို့ မြန်မြန်ကြီး မြုပ်ဆင်းသွားတော့ရာ။

ကျူဖျာတစ်ချပ်စာခန့် ငါးရံ့သားပေါက်များ ကွန်စိပ်ကလေးထဲက ဘယ်လိုမှလွတ်မထွက်နိုင်တော့၊ အုပ်မိပြီ။ ဖိုးချစ်တစ်ယောက် ကျေနပ်စွာ ပြုံးနေသည် ... လှပစွာ ဝဲပျံသွားပြီး သားပေါက်ကလေးတွေပေါ် တိတိကျကျအုပ်မိသည့် သူ့ကွန်ချက်ကို သူသဘောကျလျက် ခါးပိုက်ထဲက ကွမ်းတစ်ယာထုတ်၍ ဝါးလိုက်သည်။ ပြီးမှ ကွန်ကိုဆွဲ၍ ဖော်တော့မည်။

"ဗွမ်း"ခနဲ အသံကြီးနှင့်အတူ ရေပြင်ထဲသို့ တအိအိနင်းဆင်းလာသော ကွန်သားကြီးနှင့်ခဲသီးများကို တွေ့လိုက်ရသည့်အခါ သားထိန်းငါးရံ့ကြီး ထိတ်လန့်တုန်လှုပ်သွားရသည်။ စောစောက အုံ့မှိုင်းသွားသော ကောင်းကင်ပေါ်က တိမ်စိုင်တိမ်ခဲများကြောင့် မဟုတ်မှန်းသိလိုက်ပြီ။

သို့သော် နှောင်းခဲ့ပြီ .. ရန်သူက လက်ဦးသွားပြီ၊ ပထမတော့ ကိုယ့်အသက်ကိုယ် ချစ်တတ်သည့် သတ္တဝါပီပီ ... ကိုယ်ရေးကြုံလာပြီဖြစ်၍ သက်လုံကောင်းရတော့သည်။ တဖြည်းဖြည်း အိကျလာသော ကွန်သားများ၊ ခဲသီးများထက် မြန်သောအလျင်ဖြင့် ရေအောက်သို့ အမြန်ငုပ်ဆင်းသွားမိသည်။

သူ့လိုသက်တမ်းရင့် ငါးကြီးများမှာ တံငါများ၏ အန္တရာယ် အမျိုးမျိုးကို ရင်ဆိုင်ခဲ့ရဖူးသည့် အတွေ့အကြုံများ အပြည့်ရှိသည်။

ထိုအတွေ့အကြုံနှင့်သတိများ၊ ဝီရိယများ၊ ရဲရင့်ဖျတ်လတ်မှုများ၊ သန်မာသည့် ခွန်အားများ ပေါင်းစပ်ပြီး ရင်ဆိုင်ခဲ့ရသဖြင့် ယခုလို သက်တမ်းထိ အသက်ရှင်နေနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အပေါ်မှအုပ်ကျလာသည့် ခဲသီးကွန်သားများထက် မြန်မြန်ကြီး ရိုးချောင်းအောက်ခြေ နွံပြင်ထိ ငုပ်ဆင်းလာခဲ့ခြင်းဖြစ်တော့သည်။ ဟော ... နွံပြင်ဆီရောက်ပြီး တစ်လံနှစ်လံလောက် ကူးခတ်ထွက်ပြေးလျှင် ကွန်၏စက်ကွင်းကနေလွတ်ပြီ၊ ဘာမှခက်လှသည်တော့ မဟုတ်။ ဟိုးအရင်အခါ တွေတုန်းကလည်း ယခုလို ကွန်များနှင့် အအုပ်ခံရသည့်ကြားမှ၊ ပိုက်များထဲမှ ဒိုင်းဝန်းများ၊ ဆောင်းများ၊ ဒိုးများကြားမှ အလွတ်ရုန်းနိုင်ခဲ့သည့် အကြိမ်များနည်းလို့လား ... လွတ်အောင်ပြေးတော့မည်။ **ဆက်လက်ဖော်ပြပါမည်။**

# ထီးချိုင့်မြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၆၅၅၈ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မြေထောက်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ထီးချိုင့် စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၆၅၅၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၆၅၅၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ မြေထောက်ပဲ ၁၆၅၅၈ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးမှာပါ။ မြေထောက်ပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့၊ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ ရရှိဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့ စတဲ့ အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားမှာပါ"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် မြေထောက်ပဲစိုက် တောင်သူများအနေဖြင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ် ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# အိမ်မဲမြို့နယ်မှ ဒေသထွက်ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ

**အိမ်မဲ စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်မှ ဒေသထွက်ကွမ်းရွက်များ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း အိမ်မဲမြို့နယ်မှ ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ဒေသထွက်ကွမ်းရွက်များ ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှစ၍ ယနေ့တိုင် ဝယ်ယူမှုများပြားလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက်ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ မှ၅၅၀၀ ထိအရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ်ပြန်ကောင်းနေပါတယ်။ ဒေသထွက် ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် ဝါးခယ်မ၊ မြောင်းမြနဲ့ အခြားဒေသတွေက ဝယ်ယူအားကောင်းနေလို့အရောင်းအဝယ်ကောင်းနေတာပါ။ ကွမ်းအရည်အသွေးကလဲ ဝယ်လက်တိုင်းကြိုက်တဲ့ အနေအထားပါ။ အိမ်မဲမြို့နယ်ကနေ ကွမ်းရွက်အရောင်းအဝယ်ပြုလုပ်တဲ့သူတွေက ဒေသထွက် ကွမ်းရွက်တွေကိုမှာယူတဲ့ ဒေသထိ လိုက်လံပို့ပေးနေပါတယ်"ဟု အိမ်မဲမြို့နယ်မှ ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။



အိမ်မဲမြို့နယ်တွင် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းရွက်များကို အခြားဒေသများသို့ စနစ်တကျ ထုပ်ပိုးတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

အိမ်မဲမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် ကွမ်းရွက်များ အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကွမ်းစိုက်ပျိုးကြသူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း အိမ်မဲမြို့နယ်မှ ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ကော့ကရိတ်မြို့နယ် အီဘိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့ကရိတ် စက်တင်ဘာ ၂၉**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အီဘိုင်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၈ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆာဒေါက်ဖော့က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ကော့ကရိတ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အီဘိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၃၀ ကို ထုတ်ချေးခဲ့ကြောင်း ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆာဒေါက်ဖော့က ဆက်လက်ပြောပြ၍ သိရသည်။

ကိုသက်

## ဘိုးဘွားမိဘ စောင့်ရှောက်ကြ

- လူ့နယ်ရွာ ဝင်လာကြ
သင်္ခါရ အိုရမှာ၊
နုပျိုချိန် တာဝန်ထမ်း
စွမ်းနိုင်ကြရာ၊
မိသားစု အရေးပါ
နိုင်ငံ့တာ ကျေပွန်ရဲ့၊
အားအင်သန် ဖျတ်လတ်တုန်း
အသုံးဝင်ခဲ့။

- ဇရာအို အရွယ်ထောက်
စွမ်းမပေါက် နေညိုခါ
အေးငြိမ်းလိုတာ၊
သားသမီးတို့ အပါးတိုးကာ
အားကိုးရှာ နေထိုင်ရ၊
စား ဝတ် နေ ကျန်းမာရေး
ပူဆွေးကင်းပ။

- မိသားစု ပွားအစည်းနှင့်
သားသမီး ခြံအရံ
မရှိပြန် ဘိုးဘွားတို့၊
ချို့မနားရှာ
ကိုယ့်အားသာ ကိုယ်ဆက်ကိုး
သက်တိုးရှည်ဖို့။

- ခနဂုဏ် စွမ်းအားမဲ့
နွမ်းပါးတဲ့ ဘိုးဘွားတွင်
နေဖို့ပင် ခက်ခဲရှိ၊
ရှေ့ဆက်ဖို့ မနက်ဖြန်ဝယ်
လက်ကျန်ချိန် ဒုက္ခများ
စားဖို့နတ္ထိ။

- ဆိုးရွားရာ ဖြစ်သနစ်
တွက်စစ်လို့ မေတ္တာဝင်၊
ဘိုးဘွားတွေ စာနာပေး
ကူဖေးခင်မင်၊
ငယ်ရွယ်တုန်း စွမ်းနိုင်စဉ်
ပြန်တွေးယှဉ် မြင်အောင်ရှု၊
သူ့ဂုဏ်ရည် သူ့ဂုဏ်ထူးတွေနှင့်
ကျေးဇူးဖွေ မမေ့ပြား
လေးစားပြုစု။ ။

(အောက်တိုဘာ ၁ ရက် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို ကြိုဆိုဂုဏ်ပြုလျက်)

ညွန့်ဝင်း(နတ်တလင်း)

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ဘဝရေစီးကြောင်း

## ဖိုးရွှေပြုံး

သူ့ခေတ်နှင့်သူ၊ သူ့ပရိသတ်နှင့်သူ အချိန်ရေစီးကြောင်းကြီးက အမြဲတစေပြောင်းလဲနေသဖြင့် ဘယ်သူမှတော့ မတည်မြဲဘူးမဟုတ်လား။ မိမိတို့ရှေ့က ရုပ်ရှင်ကြည့်ပရိသတ်များဖြစ်ကြသော ဦးလေး၊ ဒေါ်လေးတွေ၊ အစ်ကိုကြီး၊ အစ်မကြီးတွေက သူတို့ခေတ်က မင်းသားခင်မောင်ရင်၊ ဘတင့်၊ ကျော်အေးတို့အကြောင်းပြောကြသောအခါ ပါးစပ်အဟောင်းသားနှင့် နားထောင်ရုံမှအပ ထိုမင်းသားများကိုမကြည့်ဖူး၊ မမြင်ဖူးသဖြင့် အရသာမပေါ်ပါ။ **ခင်မောင်ရင်**တစ်ယောက်သာ ဗိုလ်အောင်ဒင်ဇာတ်ကား **(ဒါရိုက်တာရွှေဒုံးဘီအောင်)**နှစ်ပေါင်း ၅၀၊ ၆၀၊ ၇၀ ကြာသည့်တိုင်အောင် ထပ်ခါထပ်ခါပြန်ပြလာသဖြင့် သြော်. . . ကျော်ထိုက်ပေတာပဲ။ တော်လိုက်သည့် ဒါရိုက်တာ၊ တော်လိုက်သည့်မင်းသား(ခင်မောင်ရင်) ဟူ၍ ယနေ့ခေတ်တိုင်အောင် ပရိသတ်၏ချီးကျူးသံမစဲချေ။

အမေရိကန်ဟောလီးဝုဒ် ရုပ်ရှင်လောကမှာ ၁၉၇၀ ကာလဆီမှ ၂၀၂၀ လောက်ထိ နှစ်ပေါင်း ၅၀ ခန့် ပရိသတ်လေးစားချစ်ခင်စွာ အားပေးခံရသော မင်းသားတစ်လက်ရှိခဲ့ဖူးသည်။ တရုတ်သိုင်းကား၊ ကိုရီးယားကားများ ပေါပေါလောလာဝင်မလာသေးချိန်တွင် မြန်မာနိုင်ငံအတွင်းရှိ ရုပ်ရှင်ရုံများတွင် နိုင်ငံခြားကားဆို၍ ထင်ထင်ရှားရှားသုံးနိုင်ငံမှ ဝင်ရောက်ခဲ့ကြ၏။ အမေရိကန်ဟောလီးဝုဒ်၊ အိန္ဒိယဘောလီးဝုဒ်နှင့် ဂျပန်ရာဇဝင်၊ ဓားသိုင်းကားများ၊ ဆာမူရိုင်းသူရဲကောင်းဇာတ်ကားများ။

အာရှတိုက်ကထုတ်လုပ်သော အိန္ဒိယကား၊ ဂျပန်ကားများကို အာရှတိုက်သားချင်းဖြစ်၍ အနုပညာရသချင်း ပိုမိုနီးစပ်၍လားမသိ။ ဘာသာစကားနားမလည်ဘဲ အမူအရာ၊ တေးဂီတနှင့်ပင် မြန်မာပရိသတ်က ငိုရ၊ ရယ်ရသည်။ အမေရိကန်ဟောလီးဝုဒ်ကတော့ သမိုင်းကား၊ စစ်ကား၊ အချစ်ကား၊ စုံထောက်ကား၊ စွန့်စားခန်းနှင့်ဖိုက်တင်ကား စသည်ဖြင့် အမည်စုံအောင် ရသမျိုးစုံ ဖန်တီးထားသော ဇာတ်ကားများ မြန်မာပရိသတ်ဆီသို့ရောက်ခဲ့သည်။ အထက်တန်းကျောင်းသားဘဝမှစ၍ ရုပ်ရှင်ရူးစာရေးသူသည် အရုပ်အကြီးကြီးမြင်ရသော ရှေ့ဆုံးတန်း (ပြား ၅၀၊ ခုံနံပါတ်မရှိ၊ ဦးရာလူ ကြိုက်ရာနေရာမှာ ထိုင်၍ကြည့်ရ၏)မှ ကားသစ်လဲတိုင်းလိုလို အားပေးခဲ့၏။

ရုပ်ရှင်မင်းသားများထဲမှာ ရုပ်ချောရုံမျှမက အမူအရာသရုပ်ဆောင် အထူးကောင်းသည့်အပြင် သူ၏ပင်ကိုဥပဓိရုပ်ကိုယ်၌က လူတော်လူကောင်း၊ စိတ်ရင်းစိတ်ထားကောင်းရှိသူရုပ်ပေါက်သော၊ မေတ္တာရုပ်ပေါက်သော ဟောလီးဝုဒ်မင်းသားတစ်ယောက်ပေါ်ပေါက်ခဲ့ဖူးပါ၏။ **ရောဘတ်ရက်ဒ်ဖို့ဒ် (၁၉၃၆-၂၀၂၅)**ဖြစ်ပါသည်။

ယခုနှစ်ထဲမှာပင် မကြာသေးမီက အသက် ၈၉ နှစ်အရွယ်တွင် ကွယ်လွန်သွားရှာပေပြီ။ ရက်ဒ်ဖို့ဒ်သည် အရည်အသွေးမြင့်သော အနုပညာသမားတစ်ယောက်အဖြစ် ကမ္ဘာ့ရုပ်ရှင်ကြည့်ပရိသတ်က အသိအမှတ်ပြုရလောက်အောင် ရုပ်ရှင်အနုပညာ၊ ရုပ်ရှင်အတတ်ပညာ ထူးချွန်စွာတော်ပါပေသည်။ ရုပ်ရည်က ပြောစရာမရှိအောင်ချောမော၏။

ယောကျ်ားချင်းတောင် တဖွဖွတသသပြောရလောက်အောင် ကြည့်ကောင်းသူဖြစ်၏။ အနောက်နိုင်ငံသားရုပ်ရည်ဖြစ်သော်လည်း သူ့ရုပ်က လူမျိုး၊ အသားအရောင်၊ နိုင်ငံမခွဲဘဲ ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ဆိုသော ဥပဓိရုပ်မျိုးဖြစ်၏။ သူက ဇာတ်ကားပေါင်းများစွာ အနု၊ အကြမ်း၊ အချစ်၊ စွန့်စားခန်း၊ ကွဲပြားခြားနားသော ဇာတ်ရုပ်မျိုးစုံ ပါဝင်သရုပ်ဆောင်ခဲ့သည်။ ရုပ်ရှင်ဒါရိုက်တာလည်းလုပ်သည်။ ဒါရိုက်တာအကယ်ဒမီဆုလည်းရခဲ့ဖူး၏။ ထုတ်လုပ်သူရုပ်ရှင်ကုမ္ပဏီပိုင်ရှင်လည်းဖြစ်၏။ ထို့ပြင် အလွန်တရာကြွယ်ဝချမ်းသာသော သန်းကြွယ်သူဌေးလည်းဖြစ်ပါသေး၏။ သူ၏အနုပညာ၊ အတတ်ပညာဖြင့် အဆင့်အတန်းမြင့်စွာ ထုတ်လုပ်ခဲ့သမျှသည် လက်ဖျားငွေသီးစေခဲ့၏။

ရက်ဒ်ဖို့ဒ်သည် ဥစ္စာလည်းပေါ၊ ရုပ်ရည်လည်းချော၊ သဘောလည်းကောင်း၊ အနုပညာအရည်အသွေးပြည့်ဝသည့်အပြင် ရွှင်ရွှင်ပျပျနှင့် ဆက်ဆံရေးလည်း အထူးကောင်းသူဖြစ်သဖြင့် ပရိသတ်များက ချစ်ကြသည်သာမက လုပ်ဖော်ကိုင်ဖက်ရုပ်ရှင်လောကသားများကလည်း ချစ်ခင်လေးစားခြင်းကိုခံရ၏။

တရားဝင်ယူသော ဇနီးမယားပင်လျှင် ဆယ်နှစ်လောက်လျှင် နောက်တစ်ယောက်ယူတတ်သောကြောင့် ဇနီးခြောက်ယောက်(ယူလိုက်၊ ကွာလိုက်၊ သူတို့ဆီမှာက ဘာမှမဆန်းပါ)လက်ထပ်ယူခဲ့၏။ သားသမီးများလည်းရှိပါ၏။ ဇနီးခြောက်ယောက်စလုံးက ရုပ်ရှင်မင်းသမီးများချည်းဖြစ်ခြင်းကလည်း တိုက်ဆိုင်သည်။ ထိုခြောက်ယောက်အနက်တွင် မိမိကြည့်ဖူးသောမင်းသမီးကတော့ သုံးယောက်သာရှိ၏။ **နာတာလီဝုဒ်၊ ဘာဘရာစတိုင်ဆင်နှင့် ဂျိမ်းဖွန်းဒါး။**

ရုပ်ရှင်လောက ထင်ပေါ်ကျော်ကြားကြသော ထိပ်တန်းမင်းသမီးချောများချည်း ဖြစ်ကြပါ၏။ ရောဘတ်ရက်ဒ်ဖို့ဒ်သည် ရေးဘုန်းရေးကံပါသူဟုဆိုရလောက်ပါသည်။ ကမ္ဘာ့ကျော်မင်းသားအဖြစ် နှစ်ပေါင်း ၅၀ ခန့်ရပ်တည်သွားနိုင်သည်။ ဂျိမ်းစ်ဒင်းန်၊ မိုက်ကယ်ဂျက်ဆင်၊ ဘရုစ်လီ စသောလျှမ်းလျှမ်းတောက်မင်းသားများသည် နာမည်ကြီးလှသော်လည်း အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်သွားခဲ့ကြ၏။ ရောဘတ်ရက်ဒ်ဖို့ဒ်ကား အချိန်ကာလရှည်လျားစွာ ကမ္ဘာ့ရုပ်ရှင်လောကကို ဇာတ်ကားကောင်းများစွာဖြင့် စိုးမိုးထားနိုင်ခဲ့သူဖြစ်၏။ ဤကဲ့သို့အချိန်ကြာညောင်းစွာ ပရိသတ်၏မေတ္တာကို သူ့ဘကြောင့် သိမ်းပိုက်ရရှိခဲ့ပါသနည်း။

အဖြေကိုစာဖတ်သူ၏ သုံးသပ်ထင်မြင်ချက်ဟုသာ မှတ်ယူပါ။ သဘောတူချင်တူနိုင်သည်။ မတူချင်လည်း ဘာမှမဖြစ်ပါ။ လွတ်လပ်စွာသဘောထားကွဲလွဲခွင့်ရှိခြင်းသည် အခြေခံလူ့အခွင့်အရေးအဖြစ် လေးစားပါသည်။

ရက်ဒ်ဖို့ဒ်အောင်မြင်ထင်ရှား ပရိသတ်ကကြည့်ရှုအားပေးကြခြင်းကား ရုပ်ချော၊ အပြောကောင်း၊ အမူအရာကောင်းရုံမျှနှင့်မဟုတ်ပေ။ သူပါဝင်သော ဇာတ်ကားတွင် **ကျရာနေရာ၊ ပီပြင်အောင်အကောင်းဆုံးပြင်ဆင်လေ့ကျင့်ပြီး (အပိုအလိုမရှိအောင် တိတိကျကျ၊ လုလုပပ)သရုပ်ဆောင်ခြင်းဖြစ်ကြောင်း ပရိသတ်ကအသိအမှတ်ပြုခြင်းခံရသဖြင့် သူ့အနုပညာသက်တမ်းရှည်နိုင်ခြင်းမဟုတ်ပေလော။** သူက အလုပ်ကိုအထူးရိုသေကြောင်း ဟောလီးဝုဒ်ရုပ်ရှင်လောကသားများ သိကြ၏။ သူက သူဌေးဆိုပြီး ဟိတ်ဟန်မကြီးချေ။ စာများများဖတ်သည်။ အလုပ်ကိုအားထည့်သည်။

**ဘဝမှာဘယ်နေရာရောက်ရောက်၊ ဆင်းရဲဆင်းရဲ၊ ချမ်းသာချမ်းသာ၊ ရာထူးကြီးကြီးငယ်ငယ်၊ လူတစ်ယောက်၏တန်ဖိုးသည် အလုပ်သာဖြစ်ပါသည်။**

ဤစကားသည် စာဖတ်သူ၏ဘဝကို မြင့်မားအောင် မြှင့်တင်တွန်းအားပေးနိုင်သည့် အလင်းရောင်အသိအမြင်လည်း (သင်ခံယူလျှင်)ဖြစ်ပါလိမ့်မည်။ **မိမိ အသက်မွေးဝမ်းကျောင်းပြုသောအလုပ်ကို အမြတ်တနိုး၊ လေးလေးစားစားလုပ်ဆောင်သူသည် လေးစားထိုက်သော၊ ဂုဏ်ပြုထိုက်သော လူတစ်ယောက်ပင်ဖြစ်ပေ၏။** အမေရိကန်ဟောလီးဝုဒ်က ထိပ်တန်းအကျော်အမော် ရုပ်ရှင်မင်းသားက ယနေ့ကာလနှင့် ဝေးသွားသော လူငယ်များအတွက်

**❖ ဘဝမှာဘယ်နေရာရောက်ရောက်၊ ဆင်းရဲဆင်းရဲ၊ ချမ်းသာ ချမ်းသာ၊ ရာထူးကြီးကြီးငယ်ငယ်၊ လူတစ်ယောက်၏တန်ဖိုးသည် အလုပ်သာဖြစ်ပါသည်။ ဤစကားသည် စာဖတ်သူ၏ဘဝကို မြင့်မားအောင် မြှင့်တင်တွန်းအားပေးနိုင်သည့် အလင်းရောင်အသိ အမြင်လည်း (သင်ခံယူလျှင်)ဖြစ်ပါလိမ့်မည်။ မိမိအသက် မွေးဝမ်းကျောင်းပြုသောအလုပ်ကို အမြတ်တနိုး၊ လေးလေးစားစား လုပ်ဆောင်သူသည် လေးစားထိုက်သော၊ ဂုဏ်ပြုထိုက်သော လူတစ်ယောက်ပင်ဖြစ်ပေ၏။ ❖**

မိမိကိုယ်တွေ့ မျက်မြင်လူနှစ်ယောက်အကြောင်း ဖော်ပြလိုပါသေးသည်။

စာရေးသူသည် ၁၉၇၀ ပြည့်နှစ်မှာ မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရကာ ကျောင်းသားဘဝပြီးဆုံးသွားပါသည်။ဂုဏ်ထူးလေးဘာသာဖြင့် အမှတ်အများဆုံးအဆင့်က အောင်မြင်ခဲ့သော်လည်း မဟာဝိဇ္ဇာတန်းတက်ခွင့်ရပါလျက် ဆက်၍မတက်တော့ပါ။ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းတက်ခွင့်ကိုသာ လျှောက်လွှာတင်ခဲ့လိုက်ပါသည်။ ဗိုလ်ရွေးအဖွဲ့(ထိုစဉ်က ရှင်စောပုလမ်းနှင့်ပြည်လမ်းထောင့်၊ ယခုပြည်သူ့ဥယျာဉ်ဝင်းအတွင်းရှိနေရာ)သို့ ငါးရက်သွားနေထိုင်ပြီး အစစ်ဆေးခံရပါသည်။

အောင်သဖြင့် စစ်ရုံးကခေါ်စာရပြီး မှော်ဘီရှိ ဗိုလ်လောင်းသင်တန်းကျောင်းသို့ ၁၉၇၁ ခုနှစ် ဧပြီလတွင် သွားရောက်သတင်းပို့ရပါသည်။ ၁၉၇၀-၁၉၇၁ ကာလ၊ ဘွဲ့ရပြီးစ ဗိုလ်လောင်းသင်တန်းမခေါ်မီ စာရေးသူသည် ရန်ကုန်မှာအထက်တန်းကျောင်းသားဘဝက ညီအစ်ကိုရင်းချာပမာ ချစ်ခင်ခဲ့ကြသော **ကိုသန်းနိုင်ဦး**အိမ်တွင် ကပ်နေခဲ့ပါသည်။ ရှစ်လ၊ ကိုးလကြာမျှ သူငယ်ချင်းအိမ်တွင် မှီခိုနေထိုင်ခဲ့သောနေရာကား တောင်ဥက္ကလာပ၊ မြင်သာ၊ (၇)ကားဂိတ်အနီး၊ ရာဇသူရလမ်း၊ အိမ်အမှတ်(၁၀၈၀)ဖြစ်ပါ၏။ လူချမ်းသာရပ်ကွက်မဟုတ်ပါ။ တိုက်ကြီးတာကြီးမရှိပါ။ လူလတ်တန်းစား၊ ဆင်းရဲသား၊ ပျံကျ၊ ကျပန်းနှင့်ဝန်ထမ်းငယ်များသာ နေထိုင်သော မြို့စွန်မြို့ဖျားတစ်နေရာ (ထိုအချိန်က)ဖြစ်၏။ တောင်ဥက္ကလာပ၊ အမှတ်(၇)ရပ်ကွက်မှာ နေထိုင်စဉ်က နံနက်တိုင်း ပဲပြုတ်နှင့်ထမင်းကြော်စားလေ့ရှိပါသည်။ **ပဲပြုတ်သည်**က နေ့တိုင်းဝယ်သဖြင့် သိနေကြပါပြီ။ တစ်မတ်ဖိုး၊ ငါးမူးဖိုးနေ့စဉ် ဝယ်နေကျ။ ပိုက်ဆံမရှိလည်း သူက လူချင်းခင်မင်နေသဖြင့် ပဲပြုတ်ကိုအကြွေးပေးပါ၏။

သူငယ်ချင်းအိမ်မှာနေရသဖြင့် မိမိကအလိုက်တသိပင် နံနက်စောစောအပြေးလေ့ကျင့်ပြီး ပြန်လာလျှင် ထမင်းတစ်အိုးချက်။ ပဲပြုတ်ငါးမူးဖိုးဝယ်။ ပဲပြုတ် ထမင်းဆီဆမ်းနှင့် ငရုတ်သီးထောင်း။ နံနက်စာပြင်ထားပြီ။ သူငယ်ချင်းကလည်း သူ့အဒေါ် (ဒွေးဒေါ်င်း) အသက်ကြီးကြီးဝဝမို့ မိမိက ကူလုပ်ပေးသည်ကို မတားပါ။

တောင်ဥက္ကလာပ (၇)ရပ်ကွက်၊ ရာဇသူရလမ်းတွင် နေခဲ့ရစဉ်က ပဲပြုတ်သည်အမျိုးသမီးသည် နောင်အခါ မိမိတပ်မတော်အရာရှိဖြစ်၍ ပြန်လည်ဆုံတွေ့သောအချိန်တွင် ရန်ကုန်တစ်နေရာ၌ ထမင်းဆိုင်ပိုင်ရှင်ဖြစ်နေပြီ။

ထမင်းဆိုင်ဆိုသဖြင့် လမ်းဘေးတွင် ရွက်ဖျင်တဲထိုး၍ ရောင်းသောဆိုင်မျိုးမဟုတ်ပေ။ တိုက်ကြီးတာကြီးမှာ ခမ်းနားကျယ်ဝန်းစွာ လူစည်ကားသောနေရာမျိုးတွင် စားသုံးသူများပြည့်လျှံနေသော ထမင်းဆိုင်ကြီးတစ်ဆိုင်ဖြစ်ပါသည်။

နံနက်တိုင်း သုံးမိုင်အပြေးလေ့ကျင့်ခန်းမှအပြန် ချွေးသံရွှဲရွှဲ စွပ်ကျယ်လက်တိုလေးနှင့် ပဲပြုတ်ရောင်းရင်း သူမြင်တွေ့ခဲ့ရသူသည် ၁၀ နှစ်လောက်ကြာသောအခါ တပ်မတော်တွင်အရာရှိဖြစ်သည်ကို သူမအံ့သြပေ။ အလုပ်မရှိအကိုင်မရှိ လူငယ်တစ်ယောက်မှန်းသိသော်လည်း သူတို့လမ်းနှင့်နီးသော တောင်ဥက္ကလာပပြန်ကြားရေးစာကြည့်တိုက်သို့ နေ့စဉ်လိုလိုစာလာဖတ်သည်ကိုလည်း သူကမြင်တွေ့နေသည်။ ကာယကြံ့ခိုင်အောင် အပင်ပန်းခံလေ့ကျင့်သူ၊ ပညာတိုးအောင်စာကြည့်တိုက်တွင် အချိန်ကုန်သူကို ဤပဲပြုတ်သည်က အထင်မသေးခဲ့ပါ။

ပဲပြုတ်အကြွေးရောင်းပေးသဖြင့် ထိုစဉ်ကပင် စိတ်ကောင်းစေတနာကို အသိအမှတ်ပြု လေးစားခဲ့ရပါကြောင်းပြောသောအခါ သူကဟင်းပွဲသုံးလေးမျိုး ချကျွေးကာပိုက်ဆံမယူဘဲ ငြင်းလိုက်ပါသည်။ ပဲပြုတ်သည်က ထမင်းဆိုင်ကြီးပိုင်ဆိုင်သူ အဆင့်တိုးတက်လာခြင်းသည် ကံကောင်းခြင်းဟုဆိုနိုင်ပါ၏။ **စေတနာကောင်းသဖြင့် ကံကောင်းသည်ဟု ယူဆနိုင်ပေသည်။**

နောက်တစ်ယောက်က တောင်ဥက္ကလာပ၊ ငမိုးရိပ်ချောင်းဘေးက သဲပုံ၊ ကျောက်ခဲပုံ၊ **သဲတောင်းထမ်းသူအမျိုးသမီး။** သူကတောဘက်က ဇာတိပင်ဖြစ်ခဲ့၏။ ငမိုးရိပ်ချောင်းဘေးမှာ သဲမော်တော်တွေဆိုက်ကပ်လာပြီး သဲချသောအခါ သဲတောင်းထမ်းကြရသည်။ သူ့ဘဝသည် ရန်ကုန်ရောက်ပြီး စတင်အလုပ်ဆင်းရသောဘဝဖြစ်၏။ နေပူပူ၊ လေတိုက်တိုက်၊ နံနက်ခင်း၊ ညနေခင်း၊ သဲမော်တော်ပေါ်မှ သဲကိုတောင်းများနှင့်သယ်ယူ၍ သဲပုံဆီပို့ကြရသည်။ ထိုအလုပ်သမား ၄၀၊ ၅၀ ထဲက တစ်ယောက်အပါအဝင်ဖြစ်၏။

ဘဝကိုအမျိုးမျိုးရုန်းကန်ရင်းဖြင့် အိမ်ထောင်ကျပြီးသောအခါ သဲတောင်းခေါင်းရွက်ဘဝမှလွတ်ပြီး သဲအရောင်းအဝယ်လုပ်သူဖြစ်လာသည်။ ထို့နောက် သဲကားများထောင်နိုင်သည်။ နောက်တစ်ဖန်သဲမော်တော် လေး၊ ငါးစီးပိုင်လာသည်။ ယခုတော့ အုတ်၊ သဲ၊ ကျောက်၊ ဆောက်လုပ်ရေးပစ္စည်း၊ ဘိလပ်မြေရော၊ ထုံးရော၊ သံချောင်းရော ရောင်းဝယ်သူ လက်ကားပင်ရင်းဖြစ်နေပြီ။ ရွှေလက်ကောက်များလည်း လက်မောင်းနှစ်ဖက်စလုံး ပြည့်နေပြီ။ ချမ်းသာသော်လည်း ဘဝင်မမြင့်ပေ။

ယခုခေတ်မှာတော့ သဲများကို သယ်ယူစက်ခါးပတ်(Conveyer Belt)ဖြင့် သယ်နေပြီမို့ သဲတောင်းရွက်ဖော်ကောင်မကလေးများ၏ ခေတ်လည်း မရှိတော့ချေ။

**ဘယ်သူမှတော့ဘဝကို လွယ်လွယ်ကူကူ အဆင်ပြေပြေ ဖြတ်သန်းခဲ့ကြရသည်တော့မဟုတ်ပေ။ ရောက်ရာနေရာ၊ ကျရာတာဝန်ကို အကောင်းဆုံးလုပ်ကိုင် ကြိုးပမ်းကြရသည်။** စာရေးသူ၏ သူငယ်ချင်းကတော့ အမေရိကန်နိုင်ငံ အယ်လ်အေ(လော့စ်အိန်းဂျလိစ်)မှာ အခြေချနေထိုင်သော မိသားစုအကြီးအကဲဖြစ်နေလေသည်။

# ဆရာမဝန်ထမ်းအလိုရှိသည်

(၁) တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။
(၂) အသက် (၂၅) နှစ်မှ (၄၀)အတွင်း။
(၃) ပရဟိတလုပ်ငန်း စိတ်ဝင်စားသူ။

လာရောက်လျှောက်ထားလိုပါက ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

မန္တလေး-ပြင်ဦးလွင် ကားလမ်းဘေး၊ ၄၈ လမ်းထိပ်၊ မြတဘက်နဂါးကိုးကောင်ဘုရား၊ စောမွန်လှ ပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်း အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

**ဆက်သွယ်စုံစမ်းရန် - ၀၉-၇၉၇၁၂၅၈၅၀၊ ၀၉-၄၀၂၅၉၈၃၅၁**

# မန္တလာမြေ အိမ်ခြံမြေနှင့် မြေယာသင်တန်းအမှတ်စဉ်(၄)

(၁) မြေအမျိုးအစား၊ ဂရန်သစ်၊ မြေငှားဂရန်လျှောက်ထားမှု၊ ဂရန်အမည်ပြောင်း၊ ဘိုးဘအမည်ပယ်ဖျက်၊ ဖြည့်စွက်၊ ဂရန်သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ မြေပုံ မြေရာဇဝင်ရေးကူးခြင်း၊ မြေယာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ။
(၂) ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ပုံစံ(၇)နှင့် အခြားနည်းသုံးစွဲခွင့်။
(၃) အာမခံကိစ္စ၊ ဘဏ်ကိစ္စရပ်များ။

အထက်ပါအကြောင်းအရာများအပြင် သင်တန်းသားများ သိသင့်၊ သိထိုက်သော မြေအကြောင်းသိကောင်းစရာများကို ဦးအေးကျော်မြင့်(ဌာနမှူး၊ မြေယာ(ငြိမ်း)ကော်လိတ္တော်အရာရှိ(ငြိမ်း)၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဦးမြင့်ဆွေသစ်တောရေးရာဝန်ကြီးဌာန အရာရှိ(ငြိမ်း)၊ လုပ်သက်ရင့်နည်းပြဆရာ၊ အာမခံလုပ်ငန်း)တို့က သင်ကြားပို့ချပါမည်။

| | |
|---|---|
| သင်တန်းကြေး | - (၁၄၀၀၀၀ိ/-) |
| သင်တန်းဖွင့်ရက် | - (၉-၁၀-၂၀၂၅)မှ (၂၂-၁၀-၂၀၂၅)ရက်အထိ။ နံနက် (၈)နာရီမှ (၁၀)နာရီအထိ။ |
| ဆက်သွယ်ရန်နှင့် သင်တန်းနေရာ | - သရက်ကုန်း၊ မဟာဧယျာဘုံ၊ ၅၆ လမ်း၊ ၂၃ လမ်းနှင့် ၂၄ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ |
| ဖုန်း | - ၀၉-၂၀၀၁၈၇၆၊ ၀၉-၂၀၁၉၆၅၅ |


"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity


## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဓေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm



# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၆၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၅၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၃၀၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၇၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၅၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**










## ပျောက်ဆုံးကြောင်း

ကျောက်မဲမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၉)နေ မယဉ်ယဉ်ဌေး (ဘ) ဦးကွေချန်း(၁၃/ကမန(နိုင်)၀၅၉၂၆၀)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-259379119၊ 09-440911118

## အမည်ပြောင်း

ပြင်ဦးလွင်မြို့၊ စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော (ဘ) ဦးမင်းကိုဝင်း၏သမီး မဇာခြည်မင်းကိုအား မဆည်းဆာအိမ့်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မဆည်းဆာအိမ့်

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက-သံရွာကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မယွန်းဖူးအိန်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစောသန့်စင်ထွန်းဖြစ်ပါကြောင်း။

ဦးစောသန့်စင်ထွန်း(၉/မနမ(နိုင်)၀၉၉၃၂၂)

## အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး ပရဟိတဘုန်းတော်ကြီးသင် ပညာရေးအထက်တန်းကျောင်း၊ Gread-6 တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်ဝင်း (ခ) အိုက်ရီ၏သား မောင်ရဲလင်းအောင်၏ အမည်မှန်မှာ မောင်ရန်လင်းအောင်ဖြစ်ပါကြောင်း။

မောင်ရန်လင်းအောင်

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ရွှေပညာသစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မယွန်းပြည့်ပြည့်အောင်၏ဖခင်မှာ ဦးညိုနှင့် ဦးမောင်ညို(၉/တတဥ(နိုင်)၀၅၅၂၆၅)သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးညိုနှင့် ဦးမောင်ညို(၉/တတဥ(နိုင်)၀၅၅၂၆၅)

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**အိမ်ပြင်ပသို့ ထွန်းသော မီးများကို နေ့အလင်း ရောင်ရှိ ချိန်တွင် ပိတ်ထား ခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❖ မိမိတို့နိုင်ငံ၏ ထူးခြားသောဝိသေသမှာ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်သည် ပြည်ထောင်စုတစ်ဝန်းလုံးတွင် ပေါင်းစည်းနေထိုင်ကြခြင်းပင်ဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့်ဥပဒေရေးရာကော်မရှင်အတွင်းရေးမှူး Mr. Hu Dapeng နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် ယူနန်ပြည်နယ်ပါတီ ကော်မတီ၏ နိုင်ငံရေးနှင့်ဥပဒေရေးရာကော်မရှင် အတွင်းရေးမှူး Mr. Hu Dapeng နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၉

ကာဇက်စတန်နိုင်ငံ သမ္မတ H. E. Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ကာဇက်စတန်နိုင်ငံ အက်စတာနာလေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ လိုက်ပါလာသည့် အထူးလေယာဉ်သည်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

## အပူပိုင်းမုန်တိုင်း "ဘူအလွိုင်"၏အရှိန်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် စက်တင်ဘာ ၂၉

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံနယ်စပ်ဒေသများကို ဖြတ်ကျော်လျက်ရှိသော အားကောင်းသော အပူပိုင်းမုန်တိုင်း"ဘူအလွိုင်"သည် အပူပိုင်းမုန်တိုင်း "ဘူအလွိုင်"အဖြစ် အားလျော့သွားခဲ့ပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ကာ ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံနယ်စပ်ဒေသများကို ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။

အဆိုပါအပူပိုင်းမုန်တိုင်း "ဘူအလွိုင်"သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ယနေ့ညပိုင်းတွင် အပူပိုင်းမုန်တိုင်းငယ်အဖြစ် အားလျော့နိုင်ကာ လာအိုနိုင်ငံကုန်းတွင်းပိုင်းဒေသများကို ဖြတ်ကျော်နိုင်ပြီး စက်တင်ဘာ ၃၀ ရက်နံနက်ပိုင်းတွင် လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံ နယ်စပ်ဒေသများကိုလည်းကောင်း ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

စာမျက်နှာ ၂၁ ကော်လံ ၂ ❑

နိုင်ငံ့အရေး စဉ်မနေး မြော်တွေးဆောင်ရွက် ပြည်သူ့အတွက်

ဆောင်းပါး

စာမျက်နှာ - ၁၈